
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညာဏ်ပွင့်(စက်မှု)

မျက်နှာဖုံးပန်းချီ | ကိုစိုးအောင်
အဖုံးဖလင် | Best Color
အတွင်းဖလင် | ကိုဦး
Logo ဒီဇိုင်း | ပန်းချီတိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ | မောင်မောင်မြတ်နှင့်ဝေယျာမြေ
စာစီ | မောင်သာယာ

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊ တန်ဖိုး (၉၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၃၇/၂၀၀၄ (၆) အရ. . .
ဦးသန်းလွင် (၀၅၅၈၇)၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊
အမှတ်(၅၁)၊ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားရိုက်နှိပ်၍၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၂၃/၂၀၀၄ (၈) အရ. . .
မာဏချိုရိအော့ဖ်ဆက်၊ ဦးစွန်ကော်ယု (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
မျက်နှာဖုံးရိုက်နှိပ်ကာ
ဦးလှမိုး (ညာဏ်ပွင့်-စက်မှု) (ယာယီမှတ်ပုံတင်အမှတ်-၇၄၈)၊
ဝေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ဒုတိယအကြိမ်. . . အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ဝေယျာမြေစာစဉ် - ၃၉

# [illegible] လေပြင်းခြေတဲ့နွေ

(ဒုတိယအကြိမ်)

ဝေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## ဇေယျာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ


၁၈။ ကျွန်တော်ဖော်ထုတ်ခဲ့သော ကိုယ်တွေ့ဖြစ်ရပ်မှန်
မှုခင်းများ . . . မောင်သက်နှင်း (မ/ဥ) ၆၀ိ/-
၁၉။ ကျားဘီလူးနှင့်တောကြီးဝက်ပါ ဖြစ်ရပ်ဆန်းကြယ်
မှုဆိုးဝတ္ထုတိုများ . . . မိုးကျော့ ၆၅ိ/-
၂၀။ ခန်းဆောင်နီအိပ်မက် . . . ဆွေမြင့် ၆၀ိ/-
၂၁။ ဝက်ပါတောတွင်းဖြစ်ရပ်ဆန်းနှင့်မုဆိုးများ ကိုပိုက် ၅၅ိ/-
၂၂။ ပျားစွဲသောမုတ်ဆိတ် . . . သော်တာဆွေ ၆၀ိ/-
၂၃။ မျက်လှည့်ဘုံမှရင်ခုန်စရာများ . . . ချန်ပီယံတင်ညွန့် ၅၀ိ/-
၂၄။ သံယောဇဉ်အဖွဲ့ . . . မင်းလူ ၈၀ိ/-
၂၅။ အချစ်ရောင်ရင့်ရင့် . . . နေနော် ၇၅ိ/-
၂၆။ မုဆိုးနှင့်သားကောင် . . . မောင်မြင့်မား (ဘိုကလေး) ၆၅ိ/-
၂၇။ ဘဝဟောင်းတချစ်သူ . . . စုလတ်မောင် ၇၀ိ/-
၂၈။ ပိပိရိရိ . . . မောင်ပေါ်ထွန်း ၁၆၀ိ/-
၂၉။ ချစ်အဏ္ဏဝါကြောဝယ် . . . သော်တာဆွေ ၉၀ိ/-
၃၀။ နေလောင်ပန်းတစ်ပွင့်၏သမိုင်း . . . နေနော် ၈၀ိ/-
၃၁။ ခပ်သိမ်းသောမြစ်တို့တဲ့သို့ . . . မိုးကျော့ ၈၀ိ/-
၃၂။ အလွမ်းကန္တာတောတန္တာ . . . မိုးကျော့ ၈၀ိ/-
၃၃။ သေမင်းတမန်လမ်းပေါ်ဝယ် . . . ထင်းယှုန်းသစ်တွင် ၁၁၀ိ/-
၃၄။ တညင်မြောင်ကဆင်ပြောင်ကြီး . . . မင်းရဲကျော် ၇၀ိ/-
၃၅။ ချစ်ပန်းပွင့် . . . ရွှေဥဒေါင်း ၁၀၀ိ/-
၃၆။ မာနစစ်ပွဲ . . . စုလတ်မောင် ၆၅ိ/-
၃၇။ ဘုရားနီပုရပိုက်နှင့်လျှို့ဝှက်ဆန်းကြယ် ကျော်မင်းနိုင် ၆၀ိ/-
၃၈။ တစ်ချက်မှားတော့တစ်သက်မုဆိုးများ ကိုပိုက် ၇၅ိ/-


BURMESE CLASSIC .com

"စကားအကောင်း ပြောစမ်းဟာ"

"စိတ်ချ၊ နင့်ကိုပြောဖို့ အကောင်းဆုံးစကား ငါ့မှာ ရှိပြီးသား၊ တခြားတော့ မဟုတ်ဘူး၊ ငါ. . နင့်ကို ချစ်တယ်"

"နင်တို့အိမ်မှာ ဓားထက်ထက် မရှိဘူးလား"

"ရှိသားပဲ၊ ဘာလုပ်မလို့လဲ"

"ရှိရင် အဲဒီဓားနဲ့ နင့်ကိုယ်နင်ထိုးပြီး သတ်သေလိုက်"

ဇေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com





"ငါက ငါ့ဘဝကို ငါ့ဆုံးဖြတ်ချက်နဲ့ ငါ လျှောက်ချင်တာ သီဟ၊ ခု မင်းက စေတနာပါဆိုတဲ့ စကားနဲ့ ငါ့အနာဂတ်ကို မင်း ဝင်ပြီး ဆုံးဖြတ်ပေးလိုက်ပြီ၊ အဲဒါဟာ အကြီးမားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုပဲ၊ အဲဒီအတွက် တစ်ချိန်ချိန်မှာ မင်း နောင်တရစေရမယ်"



# မုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရှေးလူကြီးများ ပြောလေ့ရှိသည့်စကားသာ. . မှန်ပါက ယနေ့သည် သူ့ဘဝအတွက် ပျော်စရာအကောင်းဆုံးနေ့တစ်နေ့ အဖြစ်သတ်မှတ်ရပါလိမ့်မည်။ သို့သော် သူကတော့ နည်းနည်း ကလေးမှ ပျော်ရွှင်ခြင်း မဖြစ်မိ။

ပျော်ရွှင်မှုကို သူ မခံစားတတ်တော့သည်မှာ အတော့်ကို ကြာခဲ့ပြီ ဖြစ်သည်။ မရှိဘူးဆိုလျှင်တောင် ဆယ့်နှစ်နှစ်ကျော် ဆယ့်သုံးနှစ်လောက်တော့ ရှိခဲ့ပါလိမ့်မည်။

"မင်း. . ဒီကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ငါ့ကို ကတိပေးစမ်း မုန်တိုင်း"

လွန်ခဲ့သည့် နာရီအနည်းငယ်က ကြားခဲ့ရသော စကား ဖြစ်၏။ သူ့အား အလွန်ခင်သော ထိုမိတ်ဆွေ၏စကားကို ဘာမျှ ပြန်မပြောဘဲ ပြုံးရုံသာပြုံးပြခဲ့ပါသည်။

သို့သော် စိတ်ထဲကတော့ တီးတိုးတုံ့ပြန်လိုက်၏။



BURMESE CLASSIC .com



"ကျုပ် ဒီကိုပြန်လာခြင်း, မလာခြင်းက နောက်ကျောကို ဓားနဲ့ထိုးတတ်တဲ့ လူတချို့နဲ့ ကံကြမ္မာဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့အပေါ်မှာ အများကြီးမူတည်တယ်"

"မင်း အပြင်ရောက်ရင်. . နောက်ကို နည်းနည်းလေးမှ ပြန်လှည့်မကြည့်နဲ့ မုန်တိုင်း၊ ပြီးရင် လတ်ဆတ်တဲ့ လေတွေကို တစ်ဝကြီးရှူပြီး အိမ်ကိုသာတန်းပြန်ပေတော့ ကြားလား"

၎င်း၏အကြံပေးချက်အတိုင်း သူနောက်ကို နည်းနည်းလေးမှ ပြန်လှည့်မကြည့်ခဲ့သလို၊ သန့်ရှင်းလတ်ဆတ်သည့်လေတို့ကိုလည်း တစ်ဝကြီး ရှူရှိုက်နေမိ၏။

သို့သော် အိမ်သို့ တန်းပြန်ရန်ကိစ္စကိုတော့ သူ မလုပ်နိုင်ပါ။ နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ပြီး. . ကြိုဆိုမည့်သူတစ်ယောက်မျှ မရှိသည့် ခပ်စုတ်စုတ် အိမ်တစ်လုံးဆီသို့ ပြန်ရမည့်ကိစ္စမှာ တွေးကြည့်ရုံနှင့်ပင် စိတ်ပျက်ဖွယ်ကောင်းလှပါသည်။

ထို့ပြင် ယခုလို နေ့မျိုး၌ သူပထမဦးဆုံး သွားသင့်သောနေရာမှာ သူ့အိမ်မဖြစ်သင့်ဟု လွန်ခဲ့သော ဆယ့်သုံးနှစ်ကျော်ကာလကပင် သူဆုံးဖြတ်ခဲ့ပြီးဖြစ်သလို သူ ပထမဦးဆုံးသွားသင့်သောနေရာကိုလည်း သူ့ဖာသာ သတ်မှတ်ခဲ့ပြီးဖြစ်သည်။

သူမည်မျှကြာအောင် အတွေးတို့နှင့် လုံးထွေးရစ်ပတ်ကာ လျှောက်နေခဲ့မိသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ညောင်းလာတော့မှ လမ်းလျှောက်ခြင်းကို ခေတ္တရပ်လိုက်ပြီး ဘေးပန်းကို ဝေ့ဝဲကြည့်လိုက်တော့ အင်းစိန် ခါတ်ဆီ ဆိုင်နားရောက်နေကြောင်း တွေ့ရသည်။

( TAXI ) ဟူသောဆိုင်းဘုတ်လေးများ ကားခေါင်မိုးပေါ်၌ တပ်ဆင်ထားကြသည့် ဆေးရောင်မျိုးစုံနှင့် ဆလွန်းအငှားကား များကိုတွေ့တော့ သူ တအံ့တဩ ဖြစ်၍သွားလေသည်။

ကြည့်စမ်း. . . ဆယ့်သုံးနှစ်ဟူသော အချိန်ကာလဟာ အရာရာကို ဘယ်လောက်များ ပြောင်းလဲစေခဲ့ပါသလဲ။

ယခင်က အငှားကားများမှာ လေးဘီးများသာ ဖြစ်ပြီး ဆလွန်းကားများကတော့ ပိုက်ဆံချမ်းသာသူများ၏ဇိမ်ခံပစ္စည်း မျှသာဖြစ်ပါသည်။

ယခုတော့ တစ်ချိန်က (သူမ၏ဖခင်) အပါအဝင်လူကုံထံ များ ဂုဏ်ယူဝင့်ကြွားစွာစီးခဲ့ကြသော ဇိမ်ခံကားတို့က နံပါတ် အနီများ တပ်ဆင်လျက် အငှားယာဉ်များဖြစ်နေကြလေပြီ။

"ကားငှားမလို့လား အစ်ကို"

အငှားကားများအား ရပ်တန့်ငေးမောနေမိသော သူ့အား ကားငှားမည်အထင်နှင့် အသက်နှစ်ဆယ်ကျော်ခန့် လူငယ်လေး တစ်ယောက်က အနားသို့ ရောက်လာပြီး မေးသည်။

"ကျွန်တော့်ကားက ကိုရိုနာဒီဇယ်ကား အစ်ကို၊ ကက် ဆက်ကော အဲယားကွန်းပါပါတယ်"





အရောင်မွဲမွဲ ခပ်စုတ်စုတ် ဂျင်းဘောင်းဘီနှင့် အပေါ်စား တီရှပ်ကို ဝတ်ဆင်ထားသည့် သူ့အား ထိုလူငယ်လေးက ဘာကို ကြည့်ပြီး အထင်ကြီးနေသည်မသိ။

ငှင်း၏ကားကိုငှားရန် အတင်းစည်းရုံး၍နေလေသည်။

"အစ်ကို ဘယ်သွားမလို့လဲ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ကောင်လေး၏မေးခွန်းကို ဖြေလိုက်မိတာလား။

ဒါမှမဟုတ် သူအလွန်သွားချင်နေသည့်နေရာကို စိတ် မှတ်မဲ့စွာ ရေရွတ်လိုက်မိသည်လား မသိ။

ခြောက်ကပ်ကပ် စကားသံတစ်ခုက သူ့နှုတ်ဖျားမှ ထွက် ပေါ်၍လာသည်။

"ရွှေတောင်ကြားလမ်းထဲက အိမ်တစ်အိမ်"

"သိပ်ဖြစ်တာပေါ့၊ လာ. . အစ်ကို"

သူတစ်စုံတစ်ရာ ပြန်မပြောနိုင်ခင်မှာပင် ကောင်လေးက သူ့လက်မောင်းကိုဆွဲ၍ အပြာနုရောင် ကားတစ်စီးဆီသို့ ဆွဲခေါ် ၍သွားသည်။

နောက်မိနစ် အနည်းငယ်ခန့် အကြာမှာတော့ ခပ်သွက် သွက်မောင်းနှင်နေသော အငှားကားပေါ်၌ သူရောက်ရှိနေလေ သည်။ ကက်ဆက်နှင့် အဲယားကွန်းပါသည်ဆိုသော်လည်း ကက် ဆက်ကိုသာဖွင့်ပြီး အဲယားကွန်းကိုတော့ မဖွင့်ဘဲ အဲယားကွန်း အစား ကားပြတင်းမှန်များကိုသာ ဖွင့်ထားပေးပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ခေါင်းတစ်ချက်ညိတ်ပြီးမှ. . .

"သုံးရာ့ငါးဆယ်ပဲ ပေးပါအစ်ကို"

"သုံးရာ့ငါးဆယ်"

သူသံယောင်လိုက် ရေရွတ်လိုက်တော့ ကောင်လေးက တစ်ချက်ရယ်လိုက်သည်။

"ဆီဈေးက တစ်ဂါလန်ကို သုံးရာကျော်နေပြီ အစ်ကို၊ ကျွန်တော် အနည်းဆုံးလျှော့ယူထားတာပါ၊ တချို့ဆိုရင် ဒီခရီးကို လေးရာ၊ လေးရာငါးဆယ်မရရင် မလိုက်ဘူး၊ ကျွန်တော့်ကားက ဒီဇယ်မို့လို့ ဒီလောက်လျှော့ပေးထားတာ နောက်ပြီး ဈေးဦးပေါက်လဲ ဖြစ်နေလို့"

ဆယ့်သုံးနှစ်လောက်ကာလရဲ့ အံ့သြဖွယ်ပြောင်းလဲမှုတွေထဲမှာ ဆီဈေးကြီးမှုနှင့် ကားခဈေးမြင့်မှုတို့လည်း ပါပါလားဟု သူတွေးရင်း ဆေးပေါ့လိပ်ကို စိတ်ပျက်စွာ ခပ်ပြင်းပြင်းဖွာရှိုက်လိုက်မိသည်။

"မောင်ရင်တောင်းတဲ့ဈေးက မဆိုးပါဘူး၊ ဒါပေမယ့် ခက်တာက ကိုယ် မောင်ရင့်ကားခကို အပြည့်ပေးနိုင်မယ်မထင်ဘူး"

"ဗျာ"

ကောင်လေး သူ့ကို တအံ့တသြလှည့်ကြည့်သည်။

"လမ်းတစ်ဝက်လောက်ရောက်မှ အစ်ကိုက ဈေးဆစ်နေတာလား"





သို့သော် အဲ့ယားကွန်းဖွင့်ခြင်း,မဖွင့်ခြင်းသည် သူ့အတွက် အရေးမကြီးလှ။ အရေးကြီးနေသည်က လောလောဆယ် နွားတံဆိပ်ဆေးပေါ့လိပ် တစ်လိပ်ကို အာသီသပြင်းပြစွာ သောက်ချင်နေခြင်းပဲ ဖြစ်သည်။

ခပ်စုတ်စုတ်. . ဂျင်းဘောင်းဘီ၏ အိတ်ကပ်များထဲသို့ လျှောက်စမ်းသော်လည်း ဆေးပေါ့လိပ် အတိုအစလေး တစ်ခုတလေကိုပင် သူ မတွေ့ပါ။ သို့သော် ကံကောင်းထောက်မစွာ ကားဒက်ခ်ဘုတ်ပေါ်၌ ရွှေပြည်စိုး သုံးလေးလိပ်နှင့်ဂက်စ်မီးခြစ်တစ်လုံးကိုတော့ သူ မြင်ဖြစ်အောင် မြင်လိုက်မိပါသည်။

"ကိုယ် တစ်လိပ်ယူသောက်မယ်နော်"

အမှန်တော့ ထိုစကားပြောပြီးချိန်၌ ဆေးပေါ့လိပ်တစ်လိပ်ကို သူကောင်းစွာ မီးညှိနေပြီးနေပြီ။

ယာဉ်မောင်းကောင်လေးက သဘောကောင်းစွာပင် "ရပါတယ်အစ်ကို သောက်ပါ"ဟု ခွင့်ပြုစကားပြန်ပြောချိန်၌ သူ စိတ်မဝင်စားတော့။ ဆေးပေါ့လိပ်ကိုသာ အရသာခံ၍ ဖွာရှိုက်နေပြီ ဖြစ်သည်။ အချိန်အနည်းငယ်နှင့် ဆေးပေါ့လိပ်လက်တစ်ဆစ်ခန့်လောက်ကို ဖွာရှိုက်ပြီးတော့မှ သူ ကောင်လေးကို မေးလိုက်သည်။

"စကားမစပ် မောင်ရင်နဲ့ကိုယ် ကားခအကြောင်း မပြောရသေးဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကိုယ့်မှာ ပိုက်ဆံ လုံလုံလောက်လောက် ပါမလာလို့ပါ"

သူ့စကားကြောင့် ယာဉ်မောင်းကောင်လေး စိတ်ပျက်လက်ပျက်ဖြစ်သွားပုံမှာ သနားစရာပင်ကောင်းလှပါသည်။

"ကိုယ်တို့ ဒီလိုလုပ်ကြတာပေါ့၊ ကိုယ့်မှာပါသလောက် ပိုက်ဆံ မောင်ရင်ယူထားလိုက်၊ ပြီးရင် ရှေ့နားမှာ ကိုယ့်ကိုချပေးထားခဲ့"

"ခင်ဗျား ရွှေတောင်ကြားကို ဆက်မသွားတော့ဘူးလား"

ကောင်လေး ဇဝေဇဝါနှင့်မေးတော့ သူ ကောင်လေးကို ကြည့်ကာ ခပ်ယဲ့ယဲ့ပြုံးပြီး ပြောလိုက်သည်။

"အသေအချာကို သွားမှာပေါ့၊ ဒီနေ့ အဲဒီကိုမသွားပါနဲ့လို့ သိကြားမင်းက ဆင်းတားလာရင်တောင် ကိုယ်ကတော့ လမ်းလျှောက်ပြီး ရောက်အောင်သွားမှာပဲ၊ ကဲ. . ရှေ့နားမှာ ကားရပ်လိုက်တော့"

ကားရပ်သွားသည်နှင့် ကားတံခါးဖွင့်ကာဆင်းလိုက်ပြီး ဘောင်းဘီအိတ်ကပ်ထဲမှ ရှိစုမဲ့စု ငွေစက္ကူတို့ကို ထုတ်ကာ ကောင်လေးကို လှမ်းပေးလိုက်သည်။

ထို့နောက် ကားတံခါးကို ပြန်ပိတ်၍ လှည့်ထွက်ရန် ပြင်ဆင်စဉ်မှာပင် ယာဉ်မောင်းလူငယ်လေးက သူ့ကို လှမ်းပြောသည်။





"ခင်ဗျား အင်းစိန်ကနေ ရွှေတောင်ကြားလမ်းလိုနေရာမျိုးကို သွားချင်တယ်ဆိုရင် ပိုက်ဆံ လုံလုံလောက်လောက် ထည့်လာဖို့ ကောင်းတယ်"

ကောင်လေး၏စကားကြောင့် သူပြုံးလိုက်သည်။

"ကိုယ်လဲထည့်လာချင်တာပေါ့ ညီလေးရဲ့၊ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ ထောင်ထဲက ထွက်လာတဲ့ လူတစ်ယောက်မှာ ဘယ်လိုလုပ်ပြီး ငွေများများစားစား ပါလာနိုင်ပါ့မလဲ"

စကားဆုံးသည်နှင့် သူလှည့်ထွက်လာခဲ့သည်။

ယာဉ်မောင်းလူငယ်လေးကတော့ သူ့နောက်ကျောကို တအံ့တဩနှင့် ငေးကြည့်ကျန်ရစ်ခဲ့လေသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

# သီဟာမင်းဒင်

ဂေါက်ရိုက်တံကိုလွှဲ၍ ဆတ်ခနဲ ခပ်ဖွဖွလေးရိုက်ထည့်လိုက်၏။ ဂေါက်သီးက သုံးမီတာလောက် အကွာအဝေးရှိ ကျင်းဆီသို့ ဖြည်းညင်းစွာလိမ့်ထွက်သွားချိန်၌ သူ့မျက်လုံးက ဂေါက်သီးသွားရာလမ်းတစ်လျှောက် အသာအယာ လိုက်ပါသွားကြသည်။ ကျင်းနှုတ်ခမ်းအစပ်သို့အရောက် ဂေါက်သီးက အရှိန်သေသွားသည့်ပမာ တုံ့ခနဲဖြစ်သွားပြီးမှ ကျင်းထဲသို့ လှပစွာဝင်ရောက်သွားလေသည်။

သီဟာ လေတစ်ချက်ချွန်လိုက်ပြီး လက်ထဲမှ ဂေါက်ရိုက်တံကို ဘေးနားမှာ ရပ်နေသည့် သူ၏ဒရိုင်ဘာ ကိုလုံးထံသို့ ပစ်ပေးလိုက်ပြီး အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

ဂေါက်ရိုက်ဝါသနာပါသူပီပီ သူ၏ခြံထဲ၌ပင် ဂေါက်ရိုက်ကျင့်ရန် ဂေါက်ကွင်းအငယ်စားလေး လုပ်ထားပြီး မနက်တိုင်းသူ ဂေါက်ရိုက်ကျင့်လေ့ရှိသည်။ ယနေ့ ဂေါက်ရိုက်ကျင့်ရခြင်းကတော့ သူ့အတွက် အတော့်ကို အားရကျေနပ်စရာ ကောင်းလှပါသည်။

စေယျာဝင်မြဲစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤပုံအတိုင်းဆိုလျှင် လာမည့်အပတ်ဂေါက်ကွင်း၌ သူ ကောင်းစွာ အစွမ်းပြနိုင်လိမ့်မည်ထင်သည်။ ဂေါက်ရိုက်ခြင်း၌ အာရုံဝင်စားနေသဖြင့် ယခုမှပင် သူ၏ ဝမ်းဗိုက်တွင်းမှ မနက်စာကို တောင့်တနေကြောင်း သတိပြုမိလာသည်။

အိမ်မကြီး၏ ဘေးတံခါးမှ အိမ်ထဲသို့ လှမ်းဝင်ပြီး ထမင်းစားခန်းမဆီသို့ သူလျှောက်လာရင်း "ဒေါ်အေးကြွယ်ရေ ဆာပြီဗျို့၊ ဘရိတ်ဖတ် ပြင်လိုက်တော့" ဟု . . လှမ်းအော်လိုက်တော့ အိမ်ဖော်အမျိုးသမီးကြီးက မီးဖိုထဲမှ ကပျာကယာ ပြေးထွက်လာသည်။

"အားလုံး အဆင်သင့်ပဲဆရာ ထမင်းစားပွဲပေါ်မှာ ပြင်ထားပြီးပြီ၊ ကော်ဖီတောင် အေးနေမလားမသိဘူး၊ ပြန်နွှေးလိုက်မယ်"

"မနွှေးနဲ့တော့ ဒေါ်အေးကြွယ်၊ ဒီတိုင်းပဲသောက်မယ်၊ သားရောနိုးပြီလား"

"မနိုးသေးဘူးဆရာ အိပ်တုန်းပဲ၊ ကျွန်မ သွားနှိုးလိုက်ရမလား"

"နေပေ့စေ မနှိုးနဲ့ ဒေါ်အေးကြွယ်၊ ဒီနေ့ကျောင်းရှိတာမှ မဟုတ်တာ အိပ်ပါစေ"

ထမင်းစားခန်းထဲရောက်တော့ သူ့အတွက်မနက်စာက မွှေးပျံ့စွာ စားပွဲပေါ်၌ အသင့်စောင့်ကြိုနေပါသည်။





သူ၏ မနက်စာက ထုံးစံအတိုင်း ကြက်ဥကြော်နှစ်လုံး၊ အမဲသားပြုတ်ကြော်၊ ပေါင်မုန့်မီးကင်လေးချပ်၊ သီးမွှေးငှက်ပျောသီးတစ်လုံးနှင့် ကော်ဖီတစ်အိုး ဖြစ်သည်။

ထိုမနက်စာကို နေ့စဉ်လိုလို သူ တစ်ခွဲတလမ်းစားလေ့ရှိခဲ့သော်လည်း ရောင်နီနှင့်သားလေးတို့ကတော့ ထိုမနက်စာမျိုးကို ခံတွင်းမတွေ့ဟုဆိုသည်။ အထူးသဖြင့် သူ၏တစ်ဦးတည်းသောသားဖြစ်သူက ပိုဆိုးပါသည်။

ထိုကလေးက အစားအသောက်နှင့်ပတ်သက်လျှင်အလွန်ဇီဇာကြောင်သူ ဖြစ်၏။

"ကျွန်တော် ဘိုစာတွေ မကြိုက်ဘူး ဒက်ဒီ၊ မုန့်ဟင်းခါးစားချင်တယ်၊ ဝယ်ခိုင်းပေးပါ"

"ဆိုင်က ရောင်းတာတွေက မသန့်ဘူးသားရဲ့၊ ဗိုက်နာလိမ့်မယ်"

"ဒါပေမယ့် ကျွန်တော်မှ ဒီဟာတွေ မစားချင်တာပဲ"

တစ်ခါတစ်ရံ ပဲပြုတ်နှင့် ထမင်းကြမ်းစားချင်သည်ဟုပင် ဂျီကျတတ်ပါသေးသည်။

ရှားရှားပါးပါးရရှိထားသည့် တစ်ဦးတည်းသော သားလေးဖြစ်သဖြင့် ၎င်း၏အလိုကို လိုက်ရမြဲဖြစ်သည်။ သူငရုတ်ကောင်းမှုန့်ဘူးကို လှမ်းယူလိုက်ပြီး ကြက်ဥကြော်နှင့် အမဲသားပြုတ်ကြော်ပေါ်သို့ ခပ်များများလေး ဖြူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခက်ရင်းကိုယူ၍ အမဲသားပြုတ်ကြော်ပေါ်သို့ ထိုးစိုက်ကာ သူ့ပါးစပ်ဆီသို့ မ,ယူလိုက်၏။

သို့သော် အသားတုံးက ပါးစပ်ဆီသို့ ရောက်ရှိမလာပါ။ လမ်းတစ်ဝက်မှာပင် ခက်ရင်းထိပ်မှ အမဲသားတုံးကို လက်တစ်ဖက်က ဝင်ရောက်ဖြုတ်ယူလိုက်ခြင်းကြောင့် ဖြစ်သည်။

သူ ထောင်းခနဲဖြစ်သွားပြီး ပါးစပ်နားရောက်မှ အသားပြုတ်ကြော်ကိုဖြုတ်ယူလိုက်သည့် လက်ပိုင်ရှင်အား ဒေါသတကြီး မော့ကြည့်လိုက်၏။

သူ၏ ခက်ရင်းထိပ်မှ အသားတုံးကို ဖြုတ်ယူပြီး အားရပါးရဝါးစားနေသော သူ့ဘေးမှတစ်စုံတစ်ယောက်ကိုတွေ့လိုက်ချိန်မှာတော့ သူ့ရင်ထဲမှဒေါသများ လွင့်စဉ်ထွက်ပြေးသွားကြသည်။

"မုန်တိုင်း. . ."

အသံမထွက်ဘဲ ရေရွတ်လိုက်ချိန်မှာပင် မုန်တိုင်းက ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်ပြီး သူ့ရှေ့မှ မနက်စာပန်းကန်ကို ဆွဲယူကာ အကျအန စားနေလေတော့သည်။

သူ မုန်တိုင်းကို တစ်ခုခု ပြောရန် လိုအပ်ကြောင်း တွေးမိသော်လည်း ဘာအကြောင်းအရာက စတင်၍ ပြောရမည်ဟု သူ စဉ်းစား၍မရပါ။ "မင်းဘယ်တုံးက လွတ်လာသလဲ" ဟုမေးလိုက်လျှင် ကောင်းမလား၊ ဒါမှမဟုတ် "မင်းအသားတွေ မည်းပြီးဝလာတယ်"ဟု ပြောလိုက်ရမလား။





သူ ဇဝေဇဝါဖြစ်နေစဉ်မှာပင် မုန်တိုင်းက (သူအမြဲတမ်းဆယ်မိနစ်ခန့် အချိန်ယူ၍စားရသော) မနက်စာကို မိနစ်ပိုင်းအတွင်းမှာပင် စားပြီးသွားပြီ ဖြစ်သလို၊ ကော်ဖီကိုပင်ငှဲကာ သောက်သုံးနေပြီဖြစ်သည်။

၎င်း၏ပုံစံက မိမိပိုင် ထမင်းစားခန်းအတွင်း၌ မိမိ၏မနက်စာကို ထိုင်စားနေသူ တစ်ယောက်ပမာ အေးအေးဆေးဆေးရှိလှပါသည်။

သို့သော် သူကတော့ မုန်တိုင်းလို မအေးဆေးနိုင်ပါ။

မနက်ပိုင်း ဆေးလိပ်သောက်လေ့သောက်ထ မရှိသော်လည်း စိတ်ရှုပ်ထွေးမှုကြောင့် ဘေးနားမှ ငါးသုံးလုံးဘူးကို လှမ်းယူကာ တစ်လိပ်ထုတ်ပြီး မီးညှိလိုက်၏။

မုန်တိုင်းက သူ့ကို တစ်ချက်လှမ်းကြည့်သည်။

"အတော်ပဲကွာ ခံတွင်းချဉ်နေတာနဲ့ အဲဒီ မင်းလက်ထဲက စီးကရက် ငါ့ဆီ လှမ်းလိုက်စမ်းပါ"

မုန်တိုင်း၏အသံက ဟိုယခင်ကလိုပင် ထောင့်မကျိုးလှသည့် ကြွပ်ဆတ်ဆတ်လေသံဖြစ်သည်။

အထက်စီးနိုင်လှသော ၎င်း၏ လေသံကပဲ ဆွဲဆောင်နိုင်သည်လား။ သူကိုယ်တိုင်ကပင် ငယ်ငယ်ကလို မုန်တိုင်းအပေါ် ချစ်ခင်ကြောက်ရွံ့နေဆဲကြောင့်ပဲလား မပြောတတ်။ လက်ထဲမှ မီးညှိပြီးစ စီးကရက်ကို ၎င်းထံသို့ လှမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းက သောက်လက်စ ကော်ဖီခွက်ကို မော့ချလိုက်ပြီး စီးကရက်ကို အားရပါးရ ဖွာရှိုက်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ပန်းကန်တို့ကို တစ်ဖက်သို့ တွန်းပို့လိုက်ပြီး၊ ၎င်းခြေထောက်နှစ်ချောင်းကို စားပွဲပေါ်သို့ ပစ်တင်ကာ ခါးဆန့်ရင်း စီးကရက်ကို စိမ်ပြေနပြေ ဖွာရှိုက်နေတော့သည်။

"မုန်တိုင်း မင်းခြေထောက်တွေ အောက်ကို ပြန်ချလိုက်ရင်ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"အဲဒါ ထမင်းစားပွဲကွ ခြေထောက်မတင်ကောင်းဘူး၊ နောက်ပြီး ယဉ်ကျေးမှုအရ . ."

"ရှေးရှေးတုန်းက အယူအဆတွေနဲ့ ငါ့ကို ဩဝါဒကထာတွေ လာမချွေမနေစမ်းပါနဲ့ သီဟရာ၊ မင်းတို့ လူကုံထံတွေ သောက်တဲ့ ဟောဒီ စီးကရက်ကို ဇိမ်ရှိရှိလေး သောက်စမ်းပါရစေ"

မုန်တိုင်းဟာ ဘာမှ မပြောင်းလဲသေးပါလား။

ဆယ့်သုံးနှစ်ဆိုတဲ့ အချိန်ကာလဟာ မုန်တိုင်းကို နည်းနည်းလေး ရင့်ကျက်လာအောင်တောင် လုပ်မပေးနိုင်ခဲ့ပါလားဟု သူ စိတ်ပျက်စွာ တွေးလိုက်သည်။

မုန်တိုင်းကတော့ သူ့ကို ဂရုမစိုက်ဘဲ စီးကရက်ကိုသာ အရသာခံ၍ ဖွာရှိုက်နေဆဲ ဖြစ်၏။





တကယ်တော့ ဒီလိုဖြစ်ဖို့ မကောင်းပါ။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော သူငယ်ချင်းနှစ်ယောက်ရဲ့ ပြန်လည်ဆုံတွေ့မှုဟာ ခုလိုမျိုး ခြောက်သွေ့တိတ်ဆိတ်မနေသင့်။ သူ တစ်ခုခု ပြောဖို့ စကားစတင် ပြင်လိုက်စဉ်မှာပင် တိတ်ဆိတ်နေသော ထမင်းစားခန်းထဲသို့ တစ်စုံတစ်ယောက်ဝင်ရောက်လာ၏။

"ဒယ်ဒီ. . ."

အသံလာရာသို့ လှည့်ကြည့်ရာ၌ မုန်တိုင်းက သူ့ထက် လျင်မြန်ပါသည်။ ထမင်းစားခန်းဝ၌ ညဝတ်အင်္ကျီ ကပိုကရိုနှင့် ရပ်နေသောသားလေးက သူ့ကိုတစ်လှည့် မုန်တိုင်းကို တစ်လှည့် ကြည့်ရင်း တအံ့တဩဖြစ်နေပုံရသည်။

"ဒါက. . သီဟမင်းဒင်ရဲ့သား ဂျူနီယာမင်းဒင်လေးပေါ့ ဟုတ်လား၊ လာပါဦးကွ"

မုန်တိုင်းက သားကိုလှမ်းခေါ်တော့ သားက ၎င်းထံသို့ သွားရမလား၊ ထမင်းစားပွဲကိုပတ်၍ သူ့ထံသို့ လာရမလား ဇဝေဇဝါဖြစ်နေသည်။

အမှန်တော့ သားကို မုန်တိုင်းနှင့် ဆုံစည်း ရင်းနှီးခွင့် မပေးချင်ပါ။ ထို့ကြောင့်သားကို သူက ခပ်သွက်သွက်လှမ်း ပြောလိုက်၏။

"မျက်နှာသစ်ပြီး အဝတ်အစားတွေ. . သွားလဲဦးလေ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာက ဘယ်အချိန်သစ်သစ်ရပါတယ်. . သီဟရာ၊ အပိုတွေ လုပ်မနေစမ်းပါနဲ့၊ ဒီမှာ လူကြီးမင်းလေး မင်း ဦးနားကို လာမယ်ဆိုရင် ဦး မင်းကို မျက်လှည့်တစ်ခုပြမယ် ဘယ့်နှယ့်လဲ"

"မျက်လှည့်"

သား၏မျက်လုံးများက စိတ်ဝင်စားမှုဖြင့် ဝင်းလက်သွားကြသလို သား၏ခြေထောက်တို့ကလည်း ထမင်းစားခန်းထဲသို့ စတင်လှမ်းလာကြပြီဖြစ်သည်။ ဖြစ်နိုင်လျှင်သား၏ လှမ်းလက်စခြေလှမ်းများ ရပ်တန့်သွားအောင်ဖြစ်ဖြစ်၊ ဒါမှမဟုတ်လည်း ဟောဒီ ထမင်းစားခန်းထဲမှ မုန်တိုင်းပျောက်ကွယ်သွားအောင် ဖြစ်ဖြစ် သူ လုပ်ပစ်လိုက်ချင်ပါသည်။

မုန်တိုင်းလို ရိုင်းစိုင်းကြမ်းတမ်းသော လူတစ်ယောက်နှင့် သူ၏သား ခင်မင်ရင်းနှီးသွားမှာ အလွန်စိုးရိမ်လှပါသည်။

သို့သော် သူစိုးရိမ်နေချိန်မှာပင် သားက မုန်တိုင်းနားသို့ ရောက်ရှိသွားပြီဖြစ်၏။

"ဟောဒီ ဦးနှုတ်ခမ်းမှာ ကိုက်ထားတဲ့ ဆေးလိပ်တိုကို ဦးက လက်နဲ့အုပ်ကိုင်ပြီး ဖျောက်ပြမယ်၊ ကဲ. . ကြည့်မလား"

"ဟုတ်"

မုန်တိုင်းက ၎င်း၏နှုတ်ခမ်း၌ ခဲထားသော စီးကရက်တိုကို လက်နှင့်အုပ်ကိုင်ကာ ဆုပ်ကိုင်ယူလိုက်ဟန်ပြုပြီး လက်ကို ခွာလိုက်၏။





၎င်းနှုတ်ခမ်း၌ စီးကရက် မရှိတော့သလို ဆုပ်ကိုင်ထားသည့်လက်ကို ဖြေပြလိုက်သည့် အခါမှာလည်း. . . မည်သည့် ဆေးလိပ်တိုမျှ ရှိမနေပါ။ ထို့နောက် လေထဲမှ တစ်စုံတစ်ရာကို လှမ်းဆုပ်ယူလိုက်ဟန်ပြုပြီး ၎င်း၏ ပါးစပ်ပေါ်သို့ ပြန်အုပ်ကာ လက်ကိုခွာလိုက်ပြန်တော့ မုန်တိုင်း၏ နှုတ်ခမ်း၌ စောစောက စီးကရက်တိုလေးက တွဲလဲခိုလျက် ပြန်လည်ရောက်ရှိနေသည်။

သားက သဘောကျစွာ ရယ်လိုက်ပြီး"ဘယ်လိုလုပ်တာလဲ ဦးဦး"ဟုမေးသည်။

"အဲဒါ ခုပြောပြောနေကြတဲ့ ဂမ္ဘီရပေါ့သားရဲ့၊ ဒါနဲ့ သား အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်နှစ်နှစ်"

"နာမည်ကရော ဘယ်လိုခေါ်သလဲ"

"ကောင်းမြတ်သူ"

"ဟား. . အပျံစားပါလား"

"တစ်ဆိတ်လွန်ပြီထင်တယ်"ဟု သီဟ မနာလိုစွာ တွေးလိုက်သည်။ သား မုန်တိုင်းအပေါ် ဒီထက်ပိုပြီး ရင်းနှီးမသွားစေချင်ပါ။

"သား . . ရေသွားချိုးဖို့ သင့်ပြီ၊ တော်ကြာ ကျောင်းသွားရဦးမယ်လေ"

"ဒီနေ့ ကျောင်းမှမရှိတာ ဒယ်ဒီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ သူ ဘာဖြစ်လို့များ အယောင်ယောင်အမှားများတွေ ဖြစ်နေရပါလိမ့်။ ဘာပဲဖြစ်ဖြစ် ဟောဒီ ထမင်းစားခန်းထဲက သားပြန်ထွက်သွားအောင်တော့ လုပ်ရပါလိမ့်မည်။

"ဖေဖေတို့ လူကြီးချင်း စကားပြောစရာ ရှိသေးတယ်လေ သားရဲ့၊ အဲဒီတော့ သား မျက်နှာသွားသစ်ပြီး သားစားချင်တာ ဒေါ်အေးကြွယ်ကို သွားလုပ်ခိုင်း"

"ဟုတ်"

သား ကျိုးနွံစွာ ထမင်းစားခန်းထဲမှ ပြန်ထွက်သွားတော့မှ သူ သက်ပြင်းချလိုက်မိပါသည်။

"မင်း မိန်းမလဲ မတွေ့ပါလား သီဟ"

**မင်းမိန်းမ. . တဲ့။**

အရင်က သူမအား ရောင်နီလို့ အမြဲတမ်း ခေါ်တတ်တဲ့ မုန်တိုင်းက ဘာဖြစ်လို့များ မင်းမိန်းမလို့. . . သုံးနှုန်းလိုက်ရတာလဲ။

ဒါဟာ နည်းနည်းထူးဆန်းမနေဘူးလား။

တစ်နည်းအားဖြင့် ရောင်နီ့ကို သူငယ်ချင်းဟောင်းတစ်ယောက်အနေနဲ့တောင် သဘောမထားနိုင်တော့ဘူးလို့. . ဆိုလိုလိုက်တာများလား။

ယင်းသို့ဆိုလျှင်တော့ သူ နည်းနည်းလေးမှ စိတ်မကောင်းဖြစ်မိမည်မဟုတ်ပါ။



"ရောင်နီ . . . သူ့မိတ်ဆွေတစ်ယောက်အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးရှိလို့ သွားတယ်၊ မင်းတွေ့ချင်ရင်တော့. . နှစ်နာရီသုံးနာရီလောက် ထိုင်စောင့်ရလိမ့်မယ်"

သူ၏စကားက ရောင်နီနှင့် ပတ်သက်သည့် မုန်တိုင်း၏ သဘောထားကို တီးခေါက်ကြည့်လိုက်ခြင်းလည်း ဖြစ်ပါသည်။

သို့သော် မုန်တိုင်းက ခေါင်းကို ခါယမ်းလိုက်၏။

"ငါ. . သူနဲ့တွေ့ဖို့ လာတာမဟုတ်ဘူး"

မုန်တိုင်း၏အဖြေကြောင့် သီဟ အနည်းငယ် အားတက်ကျေနပ်သွား၏။

"မင်း အကူအညီတစ်ခုခုလိုနေသလား၊ ငွေရေးကြေးရေးဖြစ်ဖြစ်ပေါ့"

သူ့စကားကြောင့် မုန်တိုင်း ဟက်ဟက်ပက်ပက်ရယ်၏။

၎င်း၏ရယ်သံက တစ်ဖက်လူ မခံချင်သည့် မခိုးမခန့်ရယ်သံမျိုး ဖြစ်သည်။ သီဟ အိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကိုဖွင့်၍ မေဖလားဝါး (ATM) ကတ်ကိုထုတ်ယူကာ ၎င်းရှေ့သို့ ချပေးလိုက်သည်။

"ဒါ ဘာလဲ"

"စက်ထဲ ထည့်ပြီး ပိုက်ဆံထုတ်လို့ရတဲ့ အေတီအမ်ကတ်၊ အဲဒီကတ်ထဲမှာ ငွေတစ်သိန်းကျော်ရှိတယ်၊ လျှို့ဝှက်နံပါတ်နဲ့ ငွေထုတ်ပုံထုတ်နည်း ငါ ပြောပြလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်း ကတ်ကိုယူကြည့်သည်။

ထို့နောက် လက်ထဲမှာ ကိုင်ထားရင်း ပြောသည်။

"ဟောဒီထောင့်မှာ အပေါက်ဖောက်ပြီး သော့ချိတ်လုပ်ရင်တော့ အတော်ကောင်းမှာပဲ၊ ဒါပေမယ့်. . လောလောဆယ် ငါ့အတွက် ငွေရောသော့ချိတ်ပါ မလိုသေးဘူး သီဟ၊ ကဲ ငါပြန်မယ်"

ကတ်ကို သူ့ရှေ့သို့ ပစ်ချပေးပြီး. . မုန်တိုင်း ထိုင်ရာမှ ထရပ်တော့၊ သူပါ မုန်တိုင်းနည်းတူ ထိုင်ရာမှထရပ်ရင်း အလျင်အမြန်မေးလိုက်သည်။

"နေစမ်းပါဦး၊ မင်း ဒီကိုလာတာ. . ရောင်နီနဲ့ တွေ့ဖို့လဲမဟုတ်ဘူး၊ အကူအညီတစ်ခုခု တောင်းဖို့လဲ မဟုတ်ဘူး"

"ဒါဖြင့် ဘာလာလုပ်တာလဲ"

"မင်းရဲ့ မနက်စာကို လာလုစားတယ်လို့ပဲ မှတ်လိုက်ပေါ့ကွာ"

"အပိုတွေ. . လုပ်မနေနဲ့ မုန်တိုင်း၊ မင်း ဘယ်ကိစ္စကိုမှ အကြောင်းမဲ့မလုပ်ဘူးဆိုတာ ငါသိတယ်"

သူ့စကားအဆုံး၌ မုန်တိုင်း သူ့ဘက်သို့ ပြန်လှည့်ကာ စေ့စေ့ကြည့်သည်။

"မင်း သိပ်သိချင်နေရင်လဲ ပြောရတာပေါ့၊ ငါဒီကိုလာတာဟာ ဒီနေ့ ငါထောင်က ထွက်လာပြီဆိုတာ မင်းတို့ သိစေချင်လို့ တမင်လာတာ၊ မုန်တိုင်းလာရင် လေကြမ်းပါတယ်သီဟ၊ ဒီတော့ ဒီနေ့ကစပြီး မင်းတို့မိသားစုထဲမှာ. . လေကြမ်းမွှေတော့မယ်ဆိုတာ လာသတိပေးတာ"

စကားဆုံးသည်နှင့် မုန်တိုင်း လှစ်ခနဲ ထွက်ခွာသွားသည်။

*မုန်တိုင်းလာရင် လေကြမ်းပါတယ်တဲ့။*

သေလိုက်စမ်း. . .

သူ့ဒေါသဖြစ်စွာ အံကို တင်းတင်းကြိတ်ထားမိသည်။

ထို့နောက် သူတစ်ခါမှ မလုပ်ဖူးသော အလုပ်ကို လုပ်လိုက်သည်။

အုတ်နံရံကို လက်သီးဖြင့် ထိုးလိုက်ခြင်းပဲ ဖြစ်သည်။

♥♥♥





www.burmeseclassic.com

www.burmeseclassic.com

# ရောင်နီဦး

အသက် သုံးဆယ့်သုံးနှစ်အရွယ် အမျိုးသမီးတစ်ယောက်အနေနှင့် ရှိရင်းစွဲ အသက်ထက် ငါးနှစ်လောက် နုပျိုလှပနေခြင်းနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေခြင်းက ပုံမှန်အားဖြင့်ဆိုလျှင် ဂုဏ်ယူဖွယ်ဖြစ်သော်လည်း တစ်ခါတစ်ရံတော့ ရောင်နီဦးအနေနှင့် အလွန်စိတ်ပျက်ရပါသည်။

အထူးသဖြင့် လူစုလူဝေးများသော ညစာစားပွဲများ၌ သူမ၏အလှနှင့် သူမ၏အောင်မြင်မှုတို့အကြောင်း တစ်ယောက်ပြီးတစ်ယောက် လာရောက်ချီးမွမ်းတိုင်း သူမ စိတ်ညစ်ရမြဲ ဖြစ်သည်။

ယနေ့ ဆွမ်းကျွေး၌လည်း ထုံးစံအတိုင်း ထိုဒုက္ခကို သူမခံရပါသည်။

ထို့ကြောင့် လူအနည်းငယ်ရှင်းသည်နှင့် အိမ်ရှင်မိတ်ဆွေကိုနှုတ်ဆက်ပြီး သူမ အိမ်ကို အမြန်ပြန်လစ်လာခဲ့သည်။

ဇေယျာငြိမ်းအယ်ဒီတိုက်

www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းရင်း ယနေ့အဖို့ သူမ ရေးဆွဲထားသော အစီအစဉ်များကို ပြန်စဉ်းစားလိုက်သည်။ ယနေ့ ကုမ္ပဏီပိတ်ရက်ဖြစ်သဖြင့် နေ့လယ်၌ သားကို နဲတားလန်းကစားကွင်းသို့ လိုက်ပို့ရမည်။

ညနေဘက် ဧည့်ခံပွဲတစ်ခုကိုတော့ အကြောင်းတစ်ခုခုပြပြီး ရှောင်ရပါလိမ့်မည်။

အကြောင်းကတော့ သူမတို့ မိသားစုသုံးဦးတည်း ဆိုင်ကောင်းကောင်းတစ်ဆိုင်၌ ညစာ သွားစားချင်သောကြောင့်ဖြစ်သည်။

ကုန်းမြင့်လေးကို အရှိန်နှင့်ကွေ့တက်ရင်း ဟွန်းနှစ်ချက်ဆင့်တီးလိုက်တော့ ကိုလုံးက ခြံတံခါးကို အပြေးအလွှား လာဖွင့်ပေး၏။

ခြံထဲရောက်တော့ ကိုလုံးနှင့်သား ဘောလုံးကစားနေကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဆံပင် ပါးပါးပျော့ပျော့လေးနှင့် မျက်တောင်ကော့ရှည်လေးများပိုင်ဆိုင်သော သားက သူမထံသို့ ပြေးလာသည်။

သားကိုတွေ့လိုက်သည်နှင့် သူမ၏အမောတို့ ပြေပျောက်သွားမြဲဖြစ်သည်။

"မာမီ သားအတွက် ဘာပါလဲ"

"ပါတာပေါ့ သားရဲ့"





အမှန်တော့ သူမ သားအတွက် ဘာမျှ မဝယ်ဖြစ်ခဲ့ပါ။

သို့သော် ထိုသို့မေးလျှင် ဖြေရှင်းနိုင်အောင် သူမကားဒခ်ဘုတ်ထဲ၌ ဂျယ်လီနှင့် စားစရာမျိုးစုံ အမြဲတမ်းဝယ်ထည့်ထားရပါသည်။

"ရော့ . . တစ်ခုပဲ စားရမယ်နော်"

ဒခ်ဘုတ်ထဲမှ ဂျယ်လီတစ်ခုကို ယူပြီးပေးလိုက်တော့မှ သားက သူမပါးကို နမ်းကာ ပြန်လည်ပြေးထွက်သွားပါသည်။

"ကိုမင်းကော . . ကိုလုံး"

"အိမ်ထဲမှာပဲ အစ်မလေး"

"ဧည့်သည်လာသေးလား"

"တစ်ယောက်တော့ လာသွားတယ်၊ ဆရာနဲ့ ထမင်းစားခန်းထဲမှာ စကားပြောပြီး ပြန်သွားတာ တအောင့်လောက်ပဲရှိသေးတယ်၊ ကောင်းမြတ်ပြောတော့ အဲဒီဧည့်သည်က ကောင်းမြတ်သူလေးကို မျက်လှည့်တွေ ဘာတွေတောင် လုပ်ပြသွားတယ်တဲ့"

ဘာရယ်ကြောင့်မှန်းမသိဘဲ သူမရင်ထဲ၌ ထင့်ခနဲဖြစ်သွား၏။ မျက်လှည့်ပြတတ်သည့်သူမျိုး သူတို့မိတ်ဆွေများထဲ၌ တစ်ယောက်မျှ မရှိပါ။

အိမ်ထဲရောက်တော့ သူမ စိတ်ထင့်ခြင်းက ဒီဂရီ ပိုတိုးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . ကိုမင်း . . လက် ဘာဖြစ်သွားတာလဲ"

ကိုမင်းက ၎င်း၏ ပတ်တီးဖြူဖြူများ စည်းထားသော ညာဘက်ကို ငုံ့ကြည့်ရင်းက ဘာမှအရေးမကြီးဟန်နှင့် . . .

"ရေချိုးခန်းတံခါးနဲ့ ရိုက်မိတာပါ ဘာမှမဖြစ်ပါဘူး"

၎င်း၏ ဘယ်ဘက်လက်ထဲ၌ သောက်လက်စ စီးကရက်တစ်လိပ်ရှိနေပြီး စားပွဲပေါ်ရှိ ဆေးလိပ်ခွက်ထဲမှာတော့ စီးကရက်တို နှစ်ခုလောက်ရှိနေခြင်းက သူမအတွက် အနည်းငယ် ထူးဆန်း၍နေပါသည်။

ကိုမင်းက တစ်နေ့လုံးနေမှ ဆေးလိပ်လေးငါးလိပ်သာ သောက်သူဖြစ်ပြီး တစ်ထိုင်တည်း နှစ်လိပ်သုံးလိပ် ဘယ်တုံးကမှ သောက်လေ့မရှိ။

"ကိုမင်း . . စီးကရက်တွေ သောက်လှချေလား"

သူမ၏ စကားကို တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ အကြာကြီး ငြိမ်သက်နေပြီးမှ သူ စကားစသည်။

"ကိုယ်တို့ . . . အိမ်ထောင်သက်တစ်လျှောက်လုံး ကိုယ် ရောင်နီ့ကို ဘာကိစ္စမှ ကွယ်ဝှက်ထိမ်ချန်မထားခဲ့တာ ရောင်နီ သိတယ်နော်"

ဗုဒ္ဓေါ . . . ဒါဟာ ပြဿနာတစ်ခုရဲ့ အစများလား။

အန္တရာယ်၏အငွေ့အသက်ကို သူမချက်ချင်းရှူရှိုက်လိုက်မိသည်။





ကိုမင်းက သူမကို မကြည့်ဘဲ . . တည်ငြိမ်စွာပင် ဆက်ပြော၏။

"ဒီနေ့တော့ ကိစ္စတစ်ခုကို ကိုယ်ထိမ်ချန်ထားချင်တယ်၊ အဲဒီကိစ္စက ရောင်နီကိုယ်တိုင်လဲ သိချင်မှာမဟုတ်တဲ့ ကိစ္စမျိုးမို့လို့၊ နောက်ပြီး သိလဲ အကျိုးရှိမှာ မဟုတ်လို့"

ဘယ်လောက်များ ရိုးသားလိုက်တဲ့ ကိုမင်းလဲ။

သူမ မသိစေချင်တဲ့ကိစ္စကို ထိမ်ချန်ထားဖို့ရန်အတွက် သူမကို အသိပေးရတယ်လို့။

ရောင်နီ ဟန်လုပ်ရယ်မောလိုက်ရင်း . . .

"ရောင်နီ့ကို မသိစေချင်တာများ ကိုမင်းရယ် မပြောဘဲ နေလိုက်ရုံပေါ့၊ ခုတော့ ထိမ်ချန်ထားမယ် ဘာညာဆိုတော့ ရောင်နီကပိုပြီး သိချင်လာတာပေါ့၊ ဒါပေမယ့် ကိုမင်း မပြောလဲ ရောင်နီ . ရိပ်မိနေတယ်"

အမှန်တကယ်ပင် သူမ၏စိတ်ထဲက အလိုလို ရိပ်မိသိရှိနေခြင်း ဖြစ်သည်။

"ဘာကိုလဲ ရောင်နီ"

ကိုမင်း သူမအား တအံ့တဩနှင့်မေး၏။

"ကိုမင်း ထိမ်ချန်ထားချင်တဲ့ ကိစ္စကိုလေ၊ ဒီအိမ်ကို သူ လာသွားတယ်ဆိုတဲ့ကိစ္စ ကိုမင်း ထိမ်ချန်ထားချင်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ရောင်နီ ဘယ်သူ့ကို ပြောတာလဲ”

ရောင်နီ ကိုမင်း၏မျက်လုံးတို့ကို တည့်တည့်စိုက်ကြည့်ရင်းပြောလိုက်သည်။

“ရောင်နီ နာမည်မတပ်ဘဲ သူလို့ရည်ညွှန်းတာ ဒီကမ္ဘာမှာ ဘယ်သူများရှိနိုင်ဦးမှာလဲ ကိုမင်းရဲ့”

ပေါ့ပေါ့ပါးပါး လေသံနှင့် ပြောလိုက်သော. . သူမအား ကိုမင်းက အကဲခတ်သလို အကြာကြီးစိုက်ကြည့်နေခဲ့ပြီးမှ ခေါင်းတစ်ချက်ညိတ်၏။

နောက်ဆုံးတော့ သူမ ထင်မြင်နေသော ကိစ္စက အမှန်တကယ်ဖြစ်ခဲ့တာပေါ့။

သူ . . . လာသွားသတဲ့။

ဘုရားရေ သူ ဘာတွေများပြောသွားသလဲ။ သူမ အလွန်သိချင်သော်လည်း ကိုမင်းကို မမေးရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်ပါသည်။

“ကဲ ရောင်နီ အဝတ်သွားလဲဦးမယ်၊ ကိုမင်း . . အပြင်ထွက်မသွားနဲ့ဦးနော်၊ နေ့လယ်ကျရင် သားလေးကို နဲ့ဗားလန်းသွားပို့ရမယ်၊ ပြီးရင် ညနေစာအပြင်မှာ ဝယ်စားကြမယ်”

ပြောပြီး ကိုမင်းရှေ့မှ သူမ ပေါ့ပါးစွာ လှည့်ထွက်လာခဲ့သည်။ သို့သော် သူမ၏ ဟန်ဆောင်ပေါ့ပါးမှုမှာ သူမ အိပ်ခန်းထဲရောက်သောအချိန်မှာတော့ တစ်စစီ ပြိုကျသွားခဲ့ပါသည်။





မုန်တိုင်း လာသွားတယ်. . . တဲ့။

ဒါဆို သူ ထောင်ကလွတ် လာပြီပေါ့။

ဘာအတွက် လာရတာလဲ။

ဘာကိစ္စ သူ လာသွားရတာလဲ။

ဘာပဲဖြစ်ဖြစ် ယနေ့အဖို့ သူမ၏မိသားစုအတွက် ရေးဆွဲထားသော လုပ်စရာ အစီအစဉ်များမှာ. . ဘယ်လိုမှ ပျော်စရာကောင်းတော့မည် မဟုတ်သည်ကတော့ အလွန်သေချာလှပါသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

(၁)

ကျောင်းမှအိမ်သို့ ပြန်လာစဉ် လမ်းတစ်လျှောက်လုံး အမေအိမ်မှာ ရှိမနေပါစေနဲ့ဟု သူ ဆုတောင်းလာခဲ့သော်လည်း သူ၏ဆုတောင်းက မပြည့်ပါ။

ယိုင်ရွဲ့ရွဲ့ ဝါးလှေကားကို လှမ်းတက်ရင်း အမေ့မျက်နှာကို မဝံ့မရဲတစ်ချက်လှမ်းကြည့်လိုက်တော့ရာသီဥတုအခြေအနေက သိပ်မကောင်းလှကြောင်း သူ ချက်ချင်းပင် ရိပ်မိလိုက်ပါသည်။ ဒေါသရောင်တို့ဖြင့် စိုလက်နေကြသော အမေ့မျက်ဝန်းများရှေ့ မှခေါင်းငုံ့ဖြတ်သန်းရင်း ကျောင်းလွယ်အိတ်ကို နံရံမှာလှမ်းချိတ် လိုက်ချိန်မှာပင် အမေ့အသံက ဟိန်း၍ထွက်လာသည်။

"ကဲ. . ဆိုစမ်းပါဦး"

ဒါကတော့ အမေရဲ့ မူပိုင်စတိုင်ပဲ ဖြစ်သည်။ တစ်ခုခုကို ဆိုဆုံးမခါနီးတိုင်း ထိုသို့ပင် အားယူနိဒါန်းပျိုးတတ်မြဲ ဖြစ်သည်။

"ဘာကိုလဲ အမေ"



www.burmeseclassic.com

www.burmeseclassic.com



သူ မသိချင်ဟန်ဆောင်ကာ မေးလိုက်သော်လည်း သူ၏ နည်းဗျူဟာက မအောင်မြင်ပါ။

"ဘာကိုလဲ ဟုတ်လား၊ မနက်က မင်းရေဘုံဘိုင်မှာ ရေတန်းစီရင်း နေရာလုပြီး ရန်ဖြစ်တဲ့ကိစ္စလေ၊ ဈေးခေါင်း ကိုရွှေအုန်းလာပြောလို့ ငါအကုန်သိပြီးပြီ၊ ကုန်စိမ်းရောင်းမကောင်းလို့ စိတ်ညစ်ရတာက တစ်မျိုး၊ မင်းရန်ဖြစ်တိုင်း လိုက်လိုက်ပြီးတော့ တောင်းပန်ရလွန်းလို့ စိတ်ညစ်ရတာက တစ်မျိုး၊ မင်း ငါ့ကို ဘယ်ထိအောင် ဒုက္ခပေးနေဦးမှာလဲ မုန်တိုင်း"

အမေ့စကားကြောင့် သူ လှိုက်ခနဲဝမ်းနည်းသွား၏။

တကယ်တော့ သူ မကြာခဏရန်ဖြစ်လေ့ရှိတာ တစ်ခုမှလွဲ၍ အမေ့ကို ဘယ်တုံးကမှ ဒုက္ခပေးလေ့မရှိပါ။

ပြောမည်ဆိုလျှင် တစ်ဖက်တစ်လမ်းမှ အကူအညီပေးနေသည်ဟုပင် ဆိုနိုင်ပါသေးသည်။

မနက်စောစော အမေ့အား ကုန်စိမ်းကားပေါ်တင်ပေးပြီးသည်နှင့် ကျောင်းသို့သွားမီတစ်လျှောက်လုံး သူ ရေထမ်းရောင်းခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ပိုက်ဆံရှာသလို ညပိုင်း၌လည်း မီးကင်းစောင့်ခြင်း၊ အချိန်ပိုင်းဆိုက်ကားနင်းခြင်းတို့ဖြင့် အမေနှင့်သူ၏ ဆန်အိုးထဲသို့ ဆန်မပြတ်အောင် သူကြိုးစားခဲ့ပါသည်။

"မုန်တိုင်း . . ငါမေးနေတယ်လေ"





အမေ့အသံ ထပ်မံထွက်ပေါ်လာချိန်မှာတော့သူအမေ့ကို ချော့ရန် အမေ့နားသို့ သွားထိုင်လိုက်ပြီး အချိုသာဆုံးအသံဖြင့်ပြောလိုက်သည်။

"ကျွန်တော် အမေ့ကို ဘာများ ဒုက္ခပေးနေလို့လဲ အမေရယ်၊ တစ်ခါတလေ ရန်ဖြစ်တာနဲ့ ဆယ်တန်းတစ်ခါကျဖူးတာလေးပဲ ပြောစရာရှိတာပါ"

သို့သော် သူ၏ချော့မြူမှုနောက်သို့ အမေ အလွယ်တကူလိုက်ပါမလာပါ။

"ပေါ့ပျက်ပျက် လုပ်မနေစမ်းနဲ့ မုန်တိုင်း၊ မနက်က ရန်ဖြစ်တဲ့ကိစ္စ ဘယ်သူလွန်သလဲ၊ ငါ့ကို အမှန်အတိုင်း ပြောစမ်း"

ထိုမေးခွန်းကို ဖြေဆိုရန်အတွက် သူ အတော့်ကို အကျပ်အတည်းနှင့်ရင်ဆိုင်ရပါသည်။ သူ တွေဝေနေစဉ်မှာပင် စကားသံတစ်ခု ထွက်ပေါ်လာသည်။

"အဲဒီကိစ္စက မုန်တိုင်း လွန်တာမဟုတ်ဘူး အန်တီ၊ ဟိုကောင်တွေလွန်တာပါ၊ သူတို့က မုန်တိုင်းရှေ့က ကြားဖြတ်လို့ စကားများပြီး ရန်ဖြစ်ကြတာ"

စကားသံနှင့်အတူ ဝါးလှေကားကို တကျွိကျွိနင်းတက်လာသော ကယ်တင်ရှင်ကို လှည့်ကြည့်လိုက်တော့ မောင်မင်းကြီးသား သီဟမင်းဒင်။

ကျေးဇူးကြီးလှပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေက သူ့စကားကို ယုံလေ့မရှိသော်လည်း သီဟ၏ စကားကိုတော့ ယုံကြည်တတ်သည်။

ထို့ကြောင့်ပင် ထိုနေ့က ပြဿနာမှာ ထိုမျှနှင့်ပင် ပြီးစီးသွားခဲ့ပါသည်။

အမေ စိတ်ပြေသွားသည်နှင့် သီဟနှင့်အတူ လက်ဖက်ရည်ဆိုင်သွားရန် အမေ့အား ခွင့်တောင်းသည့်အနေနှင့် အမေ့ပါးကို ရွှတ်ခနဲတစ်ချက်နမ်းလိုက်သည်။

ဤနည်းမှာ . . .

သူ မကြာခဏ အသုံးပြုလေ့ရှိပြီး အသုံးပြုတိုင်းလည်း အောင်မြင်မှုရသောနည်း ဖြစ်သည်။

"ဟဲ့. . ကောင်လေး၊ သိပ်ညဥ့်မနက်စေနဲ့နော်"

"စိတ်ချပါ အမေရဲ့၊ ဒီည. . ဦးသာရင် နေမကောင်းလို့ သူ့ဆိုက်ကားကို ကျွန်တော်သွားနင်းပေးရမှာ၊ စောစော ပြန်လာခဲ့မှာပါ"

လမ်းပေါ်ရောက်တော့ သူ သီဟကို ပြောလိုက်သည်။

"ကျေးဇူးပဲကွာ"

"ဘာကိုလဲ"

"မနက်က ရန်ဖြစ်တဲ့ကိစ္စ ငါ့ကိုယ်စား မင်းဝင်ပြီး လိမ်ပေးလို့"

"ဘာကွ"





"ဒီလိုကွာ မနက်က ကြားဝင်ဖြတ်တယ်ဆိုတာ သူတို့မဟုတ်ဘူး ငါကွ၊ ကျောင်းမမီမှာစိုးလို့ ရေပုံးကို ကြားဝင်ဖြတ်ရင်းရန်ဖြစ်ကြတာ"

"ဒါဆို ကျောင်းရောက်လာတော့ တခြားလူတွေက ကြားဝင်ဖြတ်လို့ ရန်ဖြစ်လာတယ်ဆိုတာ အမှန်မဟုတ်ဘူးပေါ့"

သီဟက စိတ်တိုတောင်းသွားဟန်နှင့် ခပ်ဆတ်ဆတ်မေးတော့ သူ ဟက်ခနဲ တစ်ချက်ရယ်ရင်း. . .

"ဒီလိုကွာ ငါက အမေ့ကို ညာရင် အမေက ယုံမှာ မဟုတ်ဘူးမဟုတ်လား၊ ဒီတော့ ငါ့ကိုယုံတဲ့ မင်းကိုပဲ ညာရတာပေါ့"

သူ့စကားအဆုံး သီဟက အတန်ကြာအောင် မှုန်ကုတ်ကုတ်လုပ်နေခဲ့ပြီးမှ စိတ်ပြေသွားဟန်နှင့် သူ့ပခုံးကို ခပ်ဖွဖွထိုးရင်း "ခွေးကောင်"ဟု ခပ်တိုးတိုးဆဲလိုက်သည်။

ထို့နောက်. . .

"ဒါကြောင့် ရောင်နီကပြောတာ မင်းတစ်ကိုယ်လုံး ညဏ်နီညဏ်နက်နဲ့ ကောက်ကျစ်စဉ်းလဲမှုတွေချည်းပဲတဲ့၊ အပေါင်းအသင်းလုပ်ဖို့ လုံးဝမကောင်းဘူးတဲ့"

သီဟ၏စကားကို သူလုံးဝစိတ်မဆိုးဘဲ ရယ်မောလိုက်ပါသည်။

"ဘာပဲဖြစ်ဖြစ် အဲဒီ ရောင်နီဆိုတဲ့ ကောင်မလေးက ခင်ပွန်းလောင်းဖြစ်ဖြစ်... သူငယ်ချင်း ဖြစ်နေပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အေး. . . အဲဒါကိုက အုံ့ဩစရာကောင်းတဲ့ အချက်ပဲ၊ ရောင်နီ မင်းအပေါ် ခုလိုမျိုး ခင်သွားလိမ့်မယ်လို့ ငါ့ဘယ်တုံး ကမှ မထင်ခဲ့မိဘူး"

အမှန်တကယ်ပင် မုန်တိုင်းအား စတွေ့စက ရောင်နီဦး သာမက သီဟပါ ၎င်း၏ ကြွပ်ဆတ်ဆတ် အမူအရာကို ကြည့် မရခဲ့။

သို့သော် နောက်ပိုင်းမှာတော့ အံ့ဩဖွယ်ကောင်းစွာပင် ထိုကြွပ်ဆတ်ဆတ် မာကျောကျောနှင့် မုန်တိုင်းကို သီဟမင်းဒင် ရော ရောင်နီဦးပါ အကျွမ်းတဝင် ခင်မင်သွားခဲ့ကြခြင်းကတော့ အံ့ဩစရာကောင်းလှပါသည်။

♥

မုန်တိုင်းအား သီဟစတင်သတိထားမိသောနေ့မှာ အဋ္ဌမ တန်းစာသင်နှစ်အတွက် ကျောင်းပြန်ဖွင့်သည့် ပထမဆုံးနေ့ ဖြစ်သည်။

(၎င်းတို့မြို့နယ်ရှိ အထက်တန်းကျောင်း၏ အခန်းခွဲပုံ စနစ်မှာ စာတော်သူများနှင့်စာညံ့သူများအားမျှတစွာ ရောထား သောစနစ်ဖြစ်သဖြင့် စာအလွန်တော်သောသီဟနှင့် စာအလွန် ညံ့သော မုန်တိုင်းတို့ စာသင်ခန်းတစ်ခန်းထဲ၌ အတူတကွတက် ရောက်ခဲ့ကြရသည်။)





ထို့အပြင် ကျောင်းခေါ်ချိန် မှတ်တမ်း၌လည်း မုန်တိုင်းနှင့် သီဟတို့က ခုံနံပါတ်ချင်းရှေ့နောက်ကျခဲ့ကြသည်။

ထို့ကြောင့် ဆရာမက ကျောင်းခေါ်ချိန်မှတ်တမ်းခေါ် တော့ မုန်တိုင်းဟူသောအမည်ကို သီဟ သတိပြုမိစွာ စိတ်ဝင် စားသွားခဲ့ခြင်း ဖြစ်သည်။ မုန်တိုင်းတဲ့. . . ဘယ်လောက်များ ထူးဆန်းလိုက်တဲ့ နာမည်လဲ။

ထိုနာမည်ရှင်ကို သီဟ မသိမသာ စောင်းငဲ့ကြည့်လိုက် တော့ အသားညိုညို မျက်ခုံးထူထူနှင့် မှုန်တေတေ သူငယ်လေး တစ်ယောက်ကို တွေ့လိုက်ရသည်။ ၎င်း၏ မျက်နှာက ဘာကိုမျှ ဂရုမစိုက်သည့် အကြောက်အလန့် ကင်းမဲ့သည့် ပုံစံမျိုးဖြစ် သည်။ ထိုပုံစံမျိုးကို သီဟ သဘောမကျပါ။

သို့သော် သီဟ သဘောမကျသော မုန်တိုင်းက နေ့လယ် မုန့်စားဆင်းပြီး မကြာခင်မှာပင် သူ့ထံသို့ ရောက်ရှိလာသည်။

"သီဟမင်းဒင်ဆိုတာ မင်းလား"

မုန်တိုင်း၏လေသံက တစ်ဆိတ်အထက်စီးနိုင်လှပါသည်။

သီဟက ကျောင်းစာမှလွဲလျှင် ဘာကိုမှ စိတ်ဝင်စားသူ မဟုတ်သလို သူငယ်ချင်း အပေါင်းအသင်းထားလေ့ရှိသူလည်း မဟုတ်ပါ။

အကယ်၍ ၎င်း၏ချဉ်းကပ်လာမှုက မိတ်ဆွေဖွဲ့ရန် ဆို လျှင်တော့ သီဟ လိမ္မာပါးနပ်စွာ ငြင်းဆန်ရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟ ခေါင်းကိုဆတ်ပြလိုက်တော့ မုန်တိုင်းက. . .

"မင်းမှာ မင်းနာမည်ထိုးထားတဲ့ ဖောင်တိန်တစ်ချောင်း ရှိတယ်မဟုတ်လား"

ဒါဟာ မိတ်ဖွဲ့ဖို့ စကားမရှိ စကားရှာတာဖြစ်မှာပဲ။

"ရှိတယ် ဘာဖြစ်လို့လဲ"

"ဘီတန်းက ကောင်တွေ လက်ထဲမှာ အဲဒီဖောင်တိန် ရောက်နေတယ်၊ ဘယ်လို ရောက်နေသလဲဆိုတာတော့ ငါ မသိဘူး၊ မင်းနာမည် ထိုးထားတာတွေလို့ လာပြောတာ"

ပြောပြီးသည်နှင့် မုန်တိုင်းလှည့်ထွက်သွားသည်။

ဒီတော့မှ သီဟ စိုးရိမ်တကြီး သူ့လွယ်အိတ်ကို မွှေနှောက်ရှာဖွေလေတော့သည်။

ထိုဖောင်တိန်မှာ ဒယ်ဒီထံမှ မွေးနေ့လက်ဆောင်ရထားသည့် အကောင်းစားဖောင်တိန်ဖြစ်သလို သူ့အလွန်မြတ်နိုးသောဖောင်တိန်လည်း ဖြစ်ပါသည်။

သို့သော်. . သီဟ၏ လွယ်အိတ်ထဲ၌ ထိုဖောင်တိန်မှာ ပျောက်ချင်းမလှ ပျောက်ဆုံးနေတော့သည်။

သေချာတယ်။ သူ မုန့်ထွက်စားစဉ် ထွက်ကျခဲ့တာပဲ ဖြစ်ပါလိမ့်မည်။ သီဟချက်ချင်းပင် ဘီတန်းရှိရာသို့ ထွက်လာခဲ့သည်။ ကျောင်းတက်ခေါင်းလောင်း မထိုးသေးသဖြင့် ဘီတန်းရှေ့ကော်ရစ်တာ၌ ကျောင်းသားတစ်စုကို တွေ့ရ၏။





သီဟထက် ကိုယ်လုံးကိုယ်ထည်ထွားသော ထိုကျောင်းသားများ၏လက်ထဲ၌ မုန်တိုင်းပြောသည့်အတိုင်း သူ၏ ဖောင်တိန်ကို တွေ့လိုက်ရသည်။

သီဟ ဘာဆက်လုပ်ရမှန်း မသိစွာ ခပ်ကြောင်ကြောင် ရပ်နေပြီးမှ မရဲတရဲပြောလိုက်သည်။

"အဲဒီ. . ဖောင်တိန် ကျွန်တော့်ဖောင်တိန်ပါ။ စောစောက မုန့်သွားစားရင်း ကျပျောက်ခဲ့တာ၊ ဖြစ်နိုင်ရင် ပြန်ပေးပါ"

ကျောင်းသားများ သူ့ကို တအံ့တဩ လှည့်ကြည့်ကြ၏။

ထို့နောက် တိုင်ပင်ထားသလို ဝါးခနဲရယ်မောလိုက်ကြသည်။

"နေပါဦး မင်းဖောင်တိန်လို့ ပြောရအောင် မင်းမှာ ဘာအမှတ်အသား ရှိလို့လဲ"

"အဖုံးမှာ ကျွန်တော့်နာမည် ထိုးထားတယ်"

"ဒီဖောင်တိန်မှာ အဖုံးမှ မရှိဘဲ"

စောစောကပင် သူ့နာမည်ထိုးထားသည့် အဖုံးနှင့်တကွ တွေ့မြင်လိုက်သော်လည်း ထိုကျောင်းသားဖောင်တိန်ကိုထောင်ပြလာသောချိန်မှာတော့ မျက်လှည့်ပြလိုက်သည့်ပမာ အဖုံးက ရှိမနေတော့ပါ။

အသားညိုညို ကိုယ်လုံးထွားထွားနှင့် ကျောင်းသားတသူနားသို့ကပ်လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မင်းဖောင်တိန် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒီဖောင်တိန်ကိုလိုချင်ရင် ငွေငါးဆယ်ယူလာခဲ့၊ ဆရာမကို သွားတိုင်ဖို့တော့ စိတ်မကူးနဲ့၊ မင်းရဲ့ မျက်နှာလှလှလေး နောက်နေ့စုတ်ပြတ်သွားလိမ့်မယ် ကြားလား"

ခြိမ်းခြောက် စော်ကားမှုကြောင့် ရှက်ရွံ့ခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ကို တစ်ပြိုင်နက် ခံစားလိုက်ရသည်။

ထိုအချိန်မှာပင် ခပ်လှမ်းလှမ်း၌ ၎င်းတို့အဖြစ်ကို လှမ်းကြည့်နေသော မုန်တိုင်းကို တွေ့လိုက်ရသဖြင့် သီဟ ချက်ချင်းပင် ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။

♥

ငွေငါးဆယ်ကို အင်္ကျီအိတ်ကပ်ထဲသို့ ထည့်ယူလာခဲ့သော သီဟက ယနေ့အဖို့ ကျောင်းသို့ ပထမဦးဆုံးရောက်ရှိသူမှာ သူသာဖြစ်လိမ့်မည်ဟု ထင်ထားသော်လည်း ကျောင်းရှေ့သို့ ရောက်မှပင် သူ့ထက် စောစီးစွာ ရောက်ရှိနေသူ တစ်ဦးကို တွေ့လိုက်ရ၏။ အခြားသူမဟုတ်၊ မုန်တိုင်းပဲ ဖြစ်လေသည်။

သီဟကိုတွေ့သည်နှင့် မုန်တိုင်း ထိုင်ရာမှထရပ်ပြီး ၎င်းထံသို့ လျှောက်လှမ်းလာသည်။ ထို့နောက် စကားတစ်စုံတစ်ရာမပြောဘဲ ၎င်း၏ အင်္ကျီအိတ်ကပ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပေး၏။





အဖုံး၌ သီဟမင်းခင်ဟု စာတန်းထိုးထားသည့် ဖောင်တိန်လေးပဲ ဖြစ်သည်။

သူ မုန်တိုင်းကို တအံ့တသြမေးလိုက်သည်။

"မင်း ဘယ်လိုရလာတာလဲ မုန်တိုင်း"

"မင်း ပျောက်ကျသလိုမျိုးပေါ့၊ သူတို့လဲ ဒီဖောင်တိန်ကို ပျောက်ကျကျန်ခဲ့တာနဲ့ ငါ မင်းအတွက် ကောက်ယူလာခဲ့တာ"

မုန်တိုင်း၏စကားကို သီဟနည်းနည်းလေးမှ မယုံပါ။

အထူးသဖြင့်. . .

၎င်း၏မေးရိုးတစ်ဖက် ညိုနေခြင်းက သူ၏သံသယကိုပို၍ ကြီးထွားလာစေပါသည်။

"မင်း သူတို့နဲ့ရန်ဖြစ်ပြီး လုယူလာခဲ့တာလား"

မုန်တိုင်း အနည်းငယ် ဒေါသဖြစ်ဟန်ဖြင့် ခပ်ဆတ်ဆတ်ပြန်ပြောသည်။

"လုယူတယ်ဆိုတာ သူခိုးတွေအလုပ်ကွ၊ ငါ မင်းပစ္စည်းကို ပြန်ယူလာပေးတာ၊ လုယူတာ မဟုတ်ဘူး"

"ဒါပေမယ့် ရန်တော့ ဖြစ်ခဲ့တယ် မဟုတ်လား"

မုန်တိုင်း ဟက်ခနဲ တစ်ချက်ရယ်လိုက်၏။

"ယောကျ်ားတစ်ယောက်အတွက် ရန်ဖြစ်တယ်ဆိုတာ ဘာဆန်းလို့လဲ၊ ဘောလုံးကန်သလို ခြင်းလုံးခတ်သလို ချွေးထွက်တဲ့ကစားနည်းတစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်း၏ အယူအဆအတွက် သီဟ အကြီးအကျယ် စိတ်ပျက်သွားပါသည်။ သို့သော် ဘာပဲဖြစ်ဖြစ် သူ၏ဖောင်တိန် ပြန်ရသည့်အတွက်တော့ ၎င်းအား ကျေးဇူးတင်ရပါလိမ့်မည်။

"ကျေးဇူးပဲမုန်တိုင်း၊ ငါ ဒီဖောင်တိန်အတွက် ငွေ ငါးဆယ် အကုန်ခံဖို့ ဆုံးဖြတ်ထားတာ"

"ခု၊ မင်း ငွေငါးဆယ် သက်သာသွားတာပေါ့၊ ကဲ ငါသွား ဦးမယ်"

"ဘာလဲ. . မင်း ကျောင်းမတက်တော့ဘူးလား"

မုန်တိုင်း ခေါင်းညိတ်ရင်း ချာခနဲလှည့်ထွက်သွား၏။

အင်း၊ ဒီလို ကျောင်းပြေးပုံမျိုးကြောင့် ဒီကောင်အတန်း ထဲမှာ အညံ့ဆုံးဖြစ်နေတာပဲ။

(သို့သော် ထိုနေ့က သီဟ ထင်သလို ကျောင်းပြေးခြင်း မဟုတ်ဘဲ၊ မုန်တိုင်း၏အမေနေမကောင်းသဖြင့်အမေ့ကိုယ်စား ရပ်ကွက်ဈေး၌ ကုန်စိမ်းသွားရောင်းပေးခြင်း ဖြစ်ကြောင်းကို နောက်မှ သီဟ သိခွင့်ရခဲ့ပါသည်)

ဘာပဲဖြစ်ဖြစ် ဖောင်တိန်တစ်ချောင်းကို အကြောင်းပြု လျက် သိပ်မကြာခင်မှာပင် သီဟနှင့် မုန်တိုင်း သူငယ်ချင်းများ အဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။

♥♥♥

(၂)

ငယ်စဉ်ကတည်းက ခုနစ်တန်းကျောင်းသားဘဝရောက် သည်အထိ (ခြံနားနီးချင်း ရောင်နီမှအပ) သူငယ်ချင်းလုံးဝ မထားခဲ့ဖူးသော သီဟသည် ရှစ်တန်းနှစ်မှာတော့ မုန်တိုင်းအား ၎င်း၏သူငယ်ချင်းအဖြစ် အသိအမှတ်ပြုကာ တပူးတွဲတွဲဖြစ်နေ ခဲ့၏။

ထို့ပြင် ဖခင်ဖြစ်သူ ဆုံးပြီးကတည်းက မိခင်နှင့်အတူဘဝ ကိုရုန်းကန်ရင်ဆိုင်ခဲ့ရသော မုန်တိုင်း၏ဘဝဇာတ်လမ်းကိုသိပြီး ကတည်းက မုန်တိုင်းအပေါ် ကရုဏာသက်စွာ သနားမိ၏။

သို့သော် မုန်တိုင်းကတော့ ၎င်းကို သနားသည်ဟုပြော လျှင် နည်းနည်းမှ မကြိုက်ပါ။

"ငါ့မှာ သနားစရာကောင်းတဲ့ အချက်ဆိုလို့ ဘာတစ်ခုမှ မရှိဘူး သီဟ၊ ငါ့ထမင်း ငါရှာစားနိုင်ဖို့ လက်နှစ်ဖက်ရှိတယ်၊ ငါသွားချင်တဲ့နေရာ သွားနိုင်ဖို့ ခြေထောက်နှစ်ချောင်းရှိတယ်၊ ကဲ. . ဘာလိုသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုရင်ဆိုင်ဖို့ အစဥ်အမြဲ အားမာန်ပြည့်ဝနေသော မုန့်တိုင်းကို သီဟ အထင်တကြီး လေးစားမိပါသည်။ တစ်နည်းအားဖြင့် မုန်တိုင်းသည် သူ့အတွက် အားကျအတုယူဖွယ် သူရဲကောင်းတစ်ယောက်ပမာ ဖြစ်နေလေသည်။

အကြောင်းကတော့ သူ၌ မရှိသော အရည်အချင်းများအားလုံး မုန်တိုင်း၌ ရှိနေခြင်းကြောင့်ဖြစ်သည်။

သို့သော် မုန်တိုင်း၌ မရှိသည့် ရှားရှားပါးပါး အရည်အချင်းတစ်ခုကတော့ သီဟမှာရှိ၏။ ယင်းမှာ စာတော်ခြင်းဖြစ်၏။ ထို့ကြောင့် စာတော်သော သီဟက စာအလွန်ညံ့သော မုန်တိုင်းကို ရှစ်တန်းနှစ် တစ်နှစ်လုံး စာပြပေးခဲ့ရသည်။

ကျောင်းပိတ်ရက်များ၌ ၎င်း၏အိမ်သို့ပင် သီဟ စာသွားပြပေးခဲ့သည်။

မုန်တိုင်းတို့ နေထိုင်သောရပ်ကွက်မှာ သီဟတို့ လူကုံထံများ နေထိုင်ရာရပ်ကွက်နှင့် ကပ်လျက်တည်ရှိသည့် ကျူးကျော်ရပ်ကွက်ကလေးဖြစ်သဖြင့် ၎င်း၏အိမ်သို့ သီဟ မကြာခဏရောက်ရှိသွားဖို့ကိစ္စမှာ သိပ်မခက်ခဲလှပါ။

"မောင်သီဟရေ မင်းသူငယ်ချင်းကတော့ မင်းစာလာပြတဲ့ အချိန်တွေလောက်သာ စာအုပ်ကော်ကိုင်ကာ ကျန်တဲ့အချိန်တွေမှာတော့ စာကြည့်ဖို့မပြောနဲ့ စာအုပ်စင်တောင်ဖုန်ခါတာမဟုတ်ဘူး"





သီဟအား မုန်တိုင်းနည်းတူ သားတစ်ယောက်သဖွယ် ချစ်ခင်နေသော မုန်တိုင်းအမေက သူ့အား ထိုသို့တိုင်သောအခါများ၌ မုန်တိုင်းက ရယ်မော၍သာ နေတတ်ပါသည်။

ဘာပဲဖြစ်ဖြစ် သီဟ၏အားကြိုးမာန်တက်သင်ပြမှုကြောင့် ဉာဏ်အလွန်ထုံထိုင်းသော မုန်တိုင်းတစ်ယောက် ထိုနှစ်ရှစ်တန်းကို လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့၏။ သီဟကတော့ ထုံးစံအတိုင်း ဘာသာစုံ ဂုဏ်ထူးထွက်ကာ တစ်ကျောင်းလုံး အမှတ်အများဆုံးနှင့် အောင်မြင်ခဲ့ပါသည်။

♥

"ဒါ ငါအခင်ဆုံး သူငယ်ချင်း မုန်တိုင်းတဲ့၊ မုန်တိုင်း သူက ငါတို့ တစ်ခြံကျော်မှာနေတဲ့ ရောင်နီဦး၊ မြို့ထဲက ကျောင်းမှာ သွားတက်ရတာ ဝေးလို့ဆိုပြီး ငါတို့ကျောင်းကို ပြောင်းလာတာ"

"ကောင်းတာပေါ့. . . ဒီကျောင်းက အိမ်နဲ့နီးတော့ ပိုပြီးအဆင်ပြေတာပေါ့၊ ငါ့ကို သီဟလိုပဲ ခင်နိုင်ပါတယ်၊ လိုတဲ့အကူအညီရှိလဲ တောင်းပေါ့"

"ကျေးဇူးပဲ၊ ဒါပေမယ့် ငါက လူတိုင်းကို မခင်တတ်ဘူး မုန်တိုင်း၊ ပြီးတော့ သူစိမ်းတစ်ယောက်ဆီက အကူအညီတောင်းတာမျိုးလဲ ဝါသနာမပါဘူး"

"ရောင်နီ. . . နင် ဘာယ်လိုပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တာလေ၊ ရောင်နီက လူတိုင်းကို မခင်တတ်တာ ကိုမင်း အသိပဲလေ"

အဋ္ဌမတန်းတက်မည့် ကျောင်းသူအသစ်လေးနှင့် နဝမတန်းတက်မည့် ကျောင်းသားနှစ်ဦးတို့၏ ကျောင်းဖွင့်စ ပထမဆုံးရက်၌ ပြောခဲ့ကြသည့် စကားများဖြစ်ပါသည်။

မျက်ဝန်းနက်နက်ကလေးများနှင့် နီစွေးစွေး နှုတ်ခမ်းပါးလေးများကို ပိုင်ဆိုင်သော ထိုမိန်းကလေးကို မြင်မြင်ချင်းပင် မုန်တိုင်း သဘောကျသွားခဲ့သည်။

သူ သဘောအကျဆုံးကတော့ (သူ့အပေါ် လုံးဝသဘောမကျကြောင်း) မျက်နှာအမူအရာနှင့် ပွင့်လင်းစွာ ဖော်ပြရဲသည့် သူမ၏သတ္တိကို ဖြစ်သည်။

မုန်တိုင်းနှင့်ပတ်သက်သည့် ရောင်နီ၏အတွေးတို့ကတော့ ၎င်းနှင့်ဆန့်ကျင်ဘက်ပင်ဖြစ်ပါသည်။ မျက်ခုံးထူထူ၊ မေးရိုးကားကား၊ အသားညိုညိုနှင့် တစ်လောကလုံးကို ၎င်း၏ အကျီအိတ်ကပ်ထဲထည့်ထားသည့်ပမာ ဆောင့်ကြွားကြွားနိုင်လှသော မုန်တိုင်းကို သူမ ဘယ်လိုမှသဘာကျခင်မင်ကြည့်၍မရ။ အထူးသဖြင့် သားရဲတိရစ္ဆာန်တစ်ကောင်၏မျက်လုံးများလို လိုအပ်သည်ထက် ပိုမိုစူးရဲလွန်းသော မျက်လုံးများကို အမုန်းဆုံးဖြစ်သည်။ မုန်တိုင်းနှင့်ကိုမင်းကိုယှဉ်ကြည့်လျှင် မုန်တိုင်း၏သဘောကျစရာ မကောင်းသောအချက်တို့က ပိုမိုသိသာလှပါသည်။





သီဟမင်းဒင်၏ပုံက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် လူယဉ်ကျေးတစ်ယောက်၏ပုံစံမျိုးဖြစ်သလို မျက်လုံးများကလည်း နူးညံ့သိမ်မွေ့လွန်းလှသည်။

ထို့ပြင် . . သီဟမင်းဒင်ကို သူမ အလေးစားဆုံးကတော့ စာအလွန်တော်သောအချက် ဖြစ်သည်။

မုန်တိုင်းနှင့်ရောင်နီဦးတို့၏ ရင်ထဲမှအတွေးများကို မရိပ်မိလေသော သီဟကတော့ ၎င်းတို့နှစ်ယောက် သင့်မြတ်သွားအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဟု အပြင်းအထန် စဉ်းစားနေမိ၏။ နောက်ဆုံး စဉ်းစားမရသောအခါမှာတော့ အပြောသင့်ဆုံးစကားတစ်ခွန်းကို သူ ပြောလိုက်သည်။

"ငါတို့ကျောင်းထဲဝင်ဖို့ သင့်ပြီလို့ ထင်တယ်"

သီဟ၏စကားကို ရောင်နီက ချက်ချင်းတုံ့ပြန်လိုက်၏။

"ကိုမင်းတို့ပဲ သွားနှင့်ပါ"

"ဘာလဲ နင်က ဒီမှာ တစ်ယောက်တည်း နေခဲ့မလို့လား"

သီဟ နားမလည်စွာမေးတော့ ရောင်နီပြုံး၍ အဖြေပေးသည်။

"ကိုမင်းတို့ ကျောင်းထဲရောက်ပြီး၊ လွယ်အိတ်တွေ ထားပြီးတဲ့အခါ ကိုမင်း တစ်ယောက်တည်း ရောင်နီ့ကို လာခေါ်လေ"

သဘောကတော့. . . မုန်တိုင်းနှင့်အတူ သုံးယောက်တွဲ မလျှောက်ချင်သည့် သဘောပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီ၏ ဦးတည်မှုကို ရိပ်မိသော မုန်တိုင်းက ဝင်ပြောလိုက်သည်။

"ပြောင်းပြန်ကြီးဖြစ်နေပြီ ရောင်နီ၊ နင်ကကျောင်းသူသစ်၊ ငါက ကျောင်းသားဟောင်း၊အဲဒီတော့ နင်နဲ့သီဟ ကျောင်းထဲကို အရင်ဝင်သင့်တယ်၊ ငါ. . ဒီမှာ ထိုင်နေခဲ့မယ်"

"အဲဒါဆိုရင်တော့ အကောင်းဆုံးပေါ့"

ရောင်နီထိုင်ရာမှ ဖျတ်ခနဲထပြီး သီဟ၏လက်မောင်းကို ဆွဲကာ ကျောင်းဘက်သို့ ထွက်သွားသည်။

သီဟကတော့ ဘာကိုမှ မရိပ်မိဘဲ ရောင်နီဆွဲခေါ်ရာနောက်သို့ အူကြောင်ကြောင်နှင့် ပါသွားပါသည်။

(ဘယ်လိုကောင်မလေးပါလိမ့်၊ ဘာပဲဖြစ်ဖြစ် ထိုကောင်မလေးကို မုန်တိုင်း စိတ်ဝင်စားသွားခဲ့တာကတော့ အမှန်ပဲဖြစ်သည်)

♥

ကျောင်းတက်ရက် ကြာလာသော်လည်း မုန်တိုင်းအပေါ်မှာထားသည့် ရောင်နီ၏ သဘောထားကတော့ အနည်းငယ်မှ နူးညံ့ပျော့ပျောင်းမလာခဲ့ပါ။ သူမအား ကိုမင်းက မုန်တိုင်းအပေါ် ပျော့ပျော့ပျောင်းပျောင်းရိုရိုသေသေဆက်ဆံသင့်ကြောင်းလာနားချသည့်အခါများ၌ သူမ ဆတ်ဆတ်ထိ မခံနိုင်အောင်ဖြစ်ရပါသည်။





"အို. . ဘာလို့ ရိုရိုသေသေဆက်ဆံရမှာလဲ မဆက်ဆံနိုင်ပါဘူး"

"ဘာလို့လဲဆိုတော့ သူက ရောင်နီထက် တစ်တန်းကြီးတယ်လေ၊ ပြီးတော့ အသက်လဲ တစ်နှစ်ပိုကြီးတယ်"

"ဘာပဲဖြစ်ဖြစ် ရောင်နီကတော့ သူ့ကို နည်းနည်းမှကြည့်မရပါဘူး"

"ရောင်နီ သူ့ကို သေသေချာချာ နားမလည်သေးလို့ပါ၊ မုန်တိုင်းက စိတ်ရင်းကောင်းပါတယ်၊ ပြီးတော့ သူ့ဘဝကလဲ သနားစရာကောင်းတယ်"

ဟုတ္တော့ . . . သနားစရာကောင်းသတဲ့။ အဲဒီ ကြွပ်ဆတ်ဆတ် မာကျောကျောနဲ့ လူရဲ့ဘဝက သနားစရာကောင်းသတဲ့။ သူမ ဟက်ဟက်ပက်ပက်ရယ်ချပစ်လိုက်သည်။

"တော်ပါ. . . ကိုမင်းရယ်၊ ဟာသတွေ လုပ်မနေစမ်းပါနဲ့၊ မုန်တိုင်း မျက်နှာမှာ သနားစရာ ကရုဏာသက်စရာ တစ်ခုမှ မရှိဘူး၊ အဲဒီတော့ အဲဒါအကြောင်းခဏထားပြီး ရောင်နီပြောတာကို တစ်ဆိတ်နားထောင်ပါဦး"

"ဘာကိုလဲ"

"ကိုမင်း ရောင်နီ့အတန်းကိုလာရင် ကိုမင်း တစ်ယောက်တည်းပဲလာပါ၊ သူ့ကို ခေါ်မလာပါနဲ့၊ နေ့ခင်းမုန့်စားဆင်းချိန် ကိုမင်း သူနဲ့ မုန့်သွားစားရင်လဲ ရောင်နီ့ကို လာမခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မဖြစ်ဘူး၊ မုန့်စားလွှတ်ချိန် ရောင်နီ့ကို လာခေါ်ရမှာပဲ၊ ဘာလို့လဲဆိုတော့ အဲဒီအချိန် မုန်တိုင်း ကျောင်းမှာ မရှိဘူး"

"သူက အိမ်ပြန်ထမင်းစားတာလား"

"မဟုတ်ဘူး၊ ဒီကောင်က မနက်ကတည်းက အပြီးစားလာပြီးသား၊ မုန့်စားလွှတ်ချိန် ပြန်တာက သူ့အမေနဲ့အတူ ဈေးကူရောင်းပေးဖို့ ပြန်တာ၊ သူတို့က ကုန်စိမ်းရောင်းတယ်လေ"

ကိုမင်း၏အသံက မုန်တိုင်းအပေါ် ကရုဏာသက်ဟန် အပြည့်။

"ဒါဆို. . . သူတို့က ဈေးသည်မျိုးရိုးပေါ့၊ ဒါကြောင့် သူ ဒီလောက် ရိုင်းစိုင်းနေတာဖြစ်မှာ"

သူမ၏ မှတ်ချက်စကားအဆုံးမှာတော့ ကိုမင်း စိတ်ပျက်လက်ပျက်ဟန်နှင့် ခေါင်းကို ခါယမ်းလိုက်ပါသည်။

ကိုမင်း မုန်တိုင်းအပေါ် ဘာဖြစ်လို့များ ဒီလောက်ခင်မင်နေမှန်း သူမ, စဉ်းစား၍မရပါ။

ထို့အတူ တစ်ခါတစ်ရံ မုန်တိုင်း တစ်ယောက်တည်း သူမ အတန်းရှေ့မှ ဖြတ်လျှောက်သွားတတ်သည့် အချိန်အခါများ၌ အတန်းထဲမှ ကောင်မလေးများ မုန်တိုင်းအကြောင်း တီးတိုးပြောဆိုသံ ကြားရသည့် အခါများ၌လည်း သူမ အထူးအဆန်းဖြစ်ရပါသည်။





အဲ့ပါရဲ့. . . မုန်တိုင်းလို လူတစ်ယောက်အကြောင်းများ ဒီကလေးမလေးတွေမို့ လေကုန်ခံရတယ်လို့။

ဘာပဲဖြစ်ဖြစ် ထိုအချက်များက မုန်တိုင်းအား သူမစိတ်ဝင်စားလာမိစေရန် တွန်းအားပေးခဲ့သည့် အချက်များဖြစ်ကြောင်းကိုတော့ သူမဖာသာ သူမပင် သတိမထားမိခဲ့။

မုန်တိုင်းနှင့် ပတ်သက်သည့်. . သူမ၏သဘောထားများ ပြောင်းလဲသွားစေမည့် နောက်ကြောင်းတစ်ခုကတော့ သူမ အလွန်ချစ်သော ဦးလေးငယ်နှင့် ပတ်သက်ပါသည်။

ဦးလေးငယ်သည် တစ်နှစ်တစ်ခေါက် နှစ်နှစ်တစ်ခေါက်လောက်မှ အိမ်သို့ပြန်လာတတ်သည့် နိုင်ငံခြားသင်္ဘောလိုက်သူဖြစ်သလို၊ သူမကိုအလွန်ချစ်သည့် မာမီ့မောင်အငယ်ဆုံးလည်းဖြစ်သည်။

မာမီက စီးပွားရေးလုပ်ငန်းများကြောင့် သူမကို လှည့်မကြည့်နိုင်သဖြင့် ဦးလေးငယ်ပြန်လာသည့် အချိန်မျိုးမှသာ အလိုလိုက်ခံရခြင်းဟူသော အရသာကို ရှားရှားပါးပါး သူမခံစားရပါသည်။ ဒုတိယအစမ်းစာမေးပွဲဖြေခါနီး တစ်လလောက်အလိုမှာတော့ ဦးလေးငယ် အိမ်သို့ပြန်ရောက်လာပါသည်။ ဦးလေးငယ် ပြန်ရောက်လာသဖြင့် သူမ ပျော်ရွှင်သွားပုံမှာ ကလေးငယ်တစ်ယောက် ကိုယ်လိုချင်သောကစားစရာ တစ်ခုရလိုက်သည့်အမာယားခနဲ ထအော်မိမတတ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ချစ်စရာကောင်းလှသော ဦးလေးငယ်က သူမအတွက် တီဗီဂိမ်းများအပြင်၊ အခုရိုက်ပြီး အခုစက်ထဲထည့်ကာ ပြန်ဖွင့်ကြည့်၍ရသည့် ဗီဒီယိုကင်မရာအသေးလေးပါ ဝယ်လာပါသည်။

ဘယ်လောက်များ လိမ္မာလိုက်တဲ့ ဦးလေးငယ်လဲ။

ထိုမျှ ချစ်စရာကောင်းသော ဦးလေးငယ်တစ်ယောက် သူမ ဒုတိယအစမ်းစာမေးပွဲ စတင်ဖြေဆိုသည့်နေ့မှာပင် မော်တော်ဆိုင်ကယ်မှောက်ပြီး ဆေးရုံ၌ အတွင်းလူနာအဖြစ် ရောက်ရှိခဲ့ရသည်ကတော့ အတော့်ကို ဝမ်းနည်းစရာကောင်းလှသည်။

♥

"ဆိုင်ကယ်ကလဲ ဝယ်ထားတာ နှစ်ရက်လောက်ပဲ ရှိသေးတယ်၊ နောက်ပြီး ဦးလေးငယ်ကလဲ ဆိုင်ကယ် သိပ်မကျွမ်းကျင်သေးတော့ လေ့ကျင့်တဲ့ သဘောနဲ့ မနက်အစောကြီး ထစီးတာ. . ရွှေဂုံတိုင်ထိပ်လဲရောက်ရော ဘယ်လိုဖြစ်တယ် မသိဘူး စလစ်ဖြစ်ပြီး မှောက်သွားတော့တာပဲ"

တစ်ကိုယ်လုံးပတ်တီးများဖြူဖွေးနေပြီး သွေးပုလင်းချိတ်ထားရသော ဦးလေးငယ်က ရှင်းပြသည်။

သူမကတော့ ဦးလေးငယ်ကိုသာကြည့်ပြီး ငိုရှိုက်နေမိသည်။





"မငိုနဲ့လေ ရောင်လေးရဲ့၊ ဦးလေးငယ်ပြောတာကို နားထောင်ဦး၊ ဆိုင်ကယ်လဲပြီး ဆိုက်ကယ်က ဦးလေးပေါ်ပိနေတယ်၊ ကားတစ်စီး နှစ်စီးလောက် လာရပ်ကြည့်ပေမယ့် တစ်ကိုယ်လုံးသွေးတွေရဲပြီး မလှုပ်နိုင် စကားမပြောနိုင် ဖြစ်နေတော့ သေပြီထင်ပြီး ဆက်မောင်းသွားကြတယ်၊ သူတို့အမှုပတ်မှာလဲ ကြောက်တယ်နဲ့ တူပါရဲ့"

"ဟယ်. . စိတ်ပုပ်လိုက်ကြတာ"

"အဲဒီအချိန်မှာ ဈေးကြိုကားတစ်စီးရောက်လာပြီး ခဏရပ်ကြည့်တယ်၊ နောက်ပြီး ဆက်မောင်းသွားတယ်၊ ဒါပေမယ့် ကောင်လေးတစ်ယောက် အဲဒီကားပေါ်က ခုန်ဆင်းနေခဲ့ပြီး ဦးလေးငယ်အသက်ကို ကယ်ခဲ့တာပဲ၊ သူသာ မကယ်ရင် သွေးလွန်ပြီး ဦးလေးငယ် သေသွားနိုင်တယ်"

တော်ပါသေးရဲ့ဟု သူမ တွေးတောရင်း မမြင်ဖူးသော ထိုကောင်လေးကို ကျေးဇူးတင်လိုက်မိသည်။

"သူက မနိုင့်တနိုင်နဲ့ ဦးပေါ်က ဆိုင်ကယ်ကို ဖယ်ပေးတယ်၊ နောက် ကားငှားပြီး အရေးပေါ်ကို လိုက်ပို့ပေးတယ်"

"ကျေးဇူးတင်စရာ ကောင်းလိုက်တာ"

သူမစကားကို ဦးလေးငယ်က ခေါင်းညိတ်ရင်း. . .

"တင်မယ်ဆိုရင် အဲဒီချာတိတ်ရဲ့ ကျေးဇူးတွေက အများကြီးပဲ၊ မနက်စောစောဆိုတော့ အဲဒီအချိန်တုန်းက ဦးလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်ပြားမှ ထည့်မလာခဲ့မိဘူးလေ၊ အငှားကားခရော ဒီရောက်တော့ လိုအပ်တဲ့ ဆေးပစ္စည်းတွေရော သူပဲစိုက်ဝယ်ပေးတာ၊ သူက ကီလီမှာ ဈေးသွားဝယ်မလို့တဲ့ အဲဒီဈေးဝယ်မယ့်ပိုက်ဆံထဲက စိုက်ပေးသွားတာ၊ ဒီကြားထဲ ဦးလေးငယ့်အတွက် သွေးသွင်းဖို့လိုတော့ သွေးအမျိုးအစားချင်းတူတာနဲ့ သူပဲ သွေးလှူပေးသွားသေးတယ်၊ ခု သွင်းနေတာ သူ့သွေးပေါ့"

"နေပါဦး အဲလောက်တောင် အသည်းအသန်ဖြစ်နေတာ ဦးလေးငယ် အိမ်ကို ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

သူမ ကရုဏာဒေါသောနှင့် အပြစ်တင်လိုက်တော့ . .

ဦးလေးငယ်က ခပ်ယဲ့ယဲ့ပြုံး၍ အဖြေပေးသည်။

"အဲဒီတုန်းက. . . သွေးလွန်ပြီး သိပ်အားနည်းနေတော့ ဦးလေးငယ် စကားတောင် ကောင်းကောင်း မပြောနိုင်ဘူးလေ၊ နောက်ပြီး သတိလဲ မရတစ်ချက် ရတစ်ချက် ဖြစ်နေတာ"

"ခု. . . အဲဒီ ကောင်လေးရော"

ဦးလေးငယ် သကပြင်းချ၏။

ထို့နောက် ခပ်တိုးတိုးပြောသည်။

"ဦးလေးငယ်လဲ အဲဒါကိုပဲ သိချင်နေတာ"

♥♥♥

(၃)

"မပူပါနဲ့ အမေရာ၊ ကျွန်တော် ဦးသာရင် ဆိုက်ကားကို ယူပြီး အချိန်ပြည့်နင်းရင် တစ်ပတ်မကြာပါဘူး၊ အဲဒီပိုက်ဆံတွေ ပြန်ဖြစ်လာမှာပါ"

သူ ချော့ချော့မော့မော့ ပြောသော်လည်း အမေကတော့ စိတ်ဆိုးမပြေနိုင်သေးဟန်ဖြင့် ရေနွေးကြမ်းခွက်ကို ဆောင့်ချရင်းမေးသည်။

"သူက သူ့ကိုယ်ပိုင်ဆိုက်ကား သူ့ဟာသာ နင်းနေတာ၊ မင်းကို ပေးနင်းမလား မုန့်တိုင်းရဲ့"

"အုံနာခပိုပေးရင် ပေးနင်းပါတယ် အမေရာ၊ နောက်ပြီး သူက နင်းတစ်ရက်မနင်းတစ်ရက်နဲ့ သောက်တာများနေတာ၊ ကျွန်တော်သာ နင်းမယ်ဆိုရင် သူ့ဇိမ်နဲ့ သောက်ရမှာဆိုတော့ ပေးနင်းမှာပဲ၊ ပြီးတော့ သူ့ဆိုက်ကားကို ကျွန်တော်နင်းတာပဲ စိတ်ချတာ၊ တခြားလူဆိုရင် ပေးနင်းတာမဟုတ်ဘူး၊ အဆင်ပြေမှာပါ"

www.burmeseclassic.com

အမေက ဗီဒီယို ကားတွေထဲကလို သက်ပြင်းကို ဟန်ပါပါချလိုက်ရင်း . . .

"နင့်ကြောင့်တော့ခက်တယ် မုန်တိုင်းရေ ငါတော့ ဘာပြောရမှန်းကို မသိတော့ဘူး"

"ဒါဖြင့်လဲ ဘာမှမပြောနဲ့ အမေရာ၊ ရော့. . ရေနွေးသောက်၊ ပြီးရင် ဟောဒီက ပဲကတ္တီပါပြုတ်စား၊ အဲဒါပြီးရင်တော့ ဒီမှာ. . ကျွန်တော်ဝယ်လာတဲ့ အမေ့အကြိုက် သဘာဝဆေးပေါ့လိပ်သောက်"

အမေ မျက်စောင်းတစ်ချက်လှမ်းထိုး၏။

ယင်းမှာ သူ့အပေါ် စိတ်ဆိုးပြေသွားသည့် သင်္ကေတပင်ဖြစ်သည်။

"ဆိုက်ကားနင်းတာကတော့ ဟုတ်ပါပြီ၊ မင်း ခုခြောက်လပတ် စာမေးပွဲဖြေနေတယ် မဟုတ်လား၊ အဲဒါက ဘယ်လိုလုပ်မှာလဲ"

"စာမေးပွဲက နာရီပိုင်းလေး သွားဖြေရတာပါ အမေရာ၊ ဘာခက်တာမှတ်လို့ စာမေးပွဲသွားဖြေပြီး ဆိုက်ကားဆက်နင်းတာပေါ့"

ပြောသာ ပြောလိုက်ရသော်လည်း ပထမဦးဆုံး မြန်မာစာ စဖြေဆိုသည့်နေ့မှာပင် သူ စာမေးပွဲမဖြေဖြစ်ခဲ့သဖြင့် ဆက်မဖြေတော့ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။





ထို့နောက် ဈေးရောင်းခြင်းမှ အနားရသော အမေ့အား အိမ်မှာထားခဲ့ပြီး သူ ဦးသာရင်ထံသို့ ထွက်လာခဲ့သည်။ အမေ စိတ်ကျေနပ်အောင် ပြောခဲ့ရသော်လည်း ဦးသာရင်က သူ့အား ဆိုက်ကားပေးနင်းပါ့မလားဟု သူ ဇဝေဇဝါဖြစ်နေမိ၏။

ဦးသာရင်သာ ပေးမနင်းပါက အမေ ဈေးပြန်ထွက်ဖို့ အတွက်အတော့်ကို ကသီလင်တ ဖြစ်ရပါလိမ့်မည်။ သူ တစ်လမ်းလုံး စိုးရိမ်လာခဲ့သော်လည်း တကယ့်တကယ် ဦးသာရင် အိမ်ရောက်ချိန်မှာတော့ ဦးသာရင်က တစ်စုံတစ်ရာငြင်းဆန် ကန့်ကွက်ခြင်း မပြုပါ။

မဆီမဆိုင် ဝင်ရောက်ကန့်ကွက်သည်က ဤရပ်ကွက်မှ လူမိုက်ကိုစိန်မြ။

"ဒီလကုန်ကစပြီး ကိုသာရင့်ဆိုက်ကားကို သုံးလတိတိ ယူဖို့ ခုလာပြောနေတာ မုန်တိုင်း၊ အဲတော့ မင်း စိတ်လျှော့လိုက်တော့"

ကိုစိန်မြ၏ စီးပွားရေးအခြေအနေက ဆိုက်ကားနင်းစားရလောက်အောင်မဆိုးကြောင်း သူ ကောင်းစွာသိပါသည်။

"ကျွန်တော် စိတ်လျှော့လို့မဖြစ်ဘူး ကိုစိန်မြ၊ အမေဈေးထွက်ဖို့အတွက် ငွေအရမ်းလိုနေတယ်၊ ဒီတော့ ဒီဆိုက်ကားကို ကျွန်တော်နင်းရမှ ဖြစ်မယ်၊ နောက်ပြီး ကိုစိန်မြ အခြေအနေက ဆိုက်ကားနင်းရလောက်အောင် မဆိုးသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါနင်းမှာ မဟုတ်ဘူး မုန်တိုင်း၊ ဟောဒီကောင်နင်းမှာ"

ငှင်း၏ဘေးနားမှာ အသားမည်းမည်းနှင့်လူကို မေးငေါ့ပြရင်း. . .

"ငါတို့ ခုကုန်ပစ္စည်းတစ်မျိုး ထုတ်လုပ်နေတယ်၊ အဲဒါကို လိုက်ပို့ဖို့ ဆိုက်ကားလိုတယ်၊ ဒါကြောင့် ကိုသာရင့် ဆိုက်ကားကိုလာငှားတာ"

"ကျွန်တော်ကတော့ ဦးလေးသာရင် ဆိုက်ကားကို ရမှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ တခြားဆိုက်ကားဆိုရင် စပေါ် ပေးရမယ်၊ ကျွန်တော့်မှာ စပေါ်တင်စရာ ငွေမရှိဘူး"

ထိုအချိန်မှာပင် အသားမည်းမည်းနှင့်လူက သူ့ကို လှမ်းပြောသည်။

"မင်း ဒီဆိုက်ကားကို လိုချင်ရင် ငါနဲ့ချရလိမ့်မယ်"

မြတ်စွာဘုရား. . ဆိုက်ကားတစ်စီး နင်းရဖို့အတွက် ရန်ဖြစ်ရဦးမှာပါလား။ သူ ထိုင်ရာမှ ထလိုက်သည်။

"ဒါဆိုလဲ ရပါတယ်"

"အဲလို လိမ္မာမှပေါ့ ငါ့ညီရ"

"ရပါတယ်ဆိုတာက လက်လျှော့ပြီး အိမ်ပြန်မလို့ ပြောတာမဟုတ်ဘူး၊ ခင်ဗျားနဲ့ချဖို့ လမ်းပေါ်ထွက်မလို့၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားမှောက်သွားရင် ဒီဆိုက်ကားကို ကျုပ်နင်းမယ်၊ ကျုပ်မှောက်သွားရင် ခင်ဗျားနင်း၊ ဘယ့်နှယ်လဲ"





ဆိုက်ကားပိုင်ရှင် ဦးသာရင်ကတော့ မျက်စိမျက်နှာပျက်နေလေပြီ။ မည်းမည်းနှင့်လူက ထိုင်ရာမှထရန် ပြင်ဆင်လိုက်စဉ်မှာပင် ကိုစိန်မြက ၎င်းကို ဟန့်တားလိုက်သည်။

"မလုပ်နဲ့ မဲကြီး၊ မင်းသူ့ကို အရှုံးပေးလိုက်"

"ဟာ. . ဆရာကိုစိန်မြကလဲ"

"ဒီရပ်ကွက်ထဲမှာ ငါပြီးရင် လက်အယဉ်ဆုံးက မုန်တိုင်းပဲ၊ မင်း သူ့ကိုဦးစားပေးလိုက်၊ တခြားဆိုက်ကားလိုက်ရှာ"

သူ့ကို ခပ်ပင့်ပင့်လေးပြောရင်း ကိုစိန်မြ ထိုင်ရာမှထ၍ သူ့ဆီသို့ လျှောက်လာပြီး သူ့ပခုံးကိုပုတ်ကာ ပြောသည်။

"မင်းနဲ့ငါ နောက်ပိုင်းအလုပ်တွဲလုပ်ချင်တယ် မုန်တိုင်း"

"ဖြစ်ပါတယ်၊ လောလောဆယ်တော့ ကျွန်တော် ဆိုက်ကားနင်းရဦးမယ်"

ဤသို့ဖြင့် သွေးထွက်သံယို မဖြစ်ဘဲ ဆိုက်ကားနင်းခွင့်ကို သူ ရခဲ့ပါသည်။

♥

သူ ဆိုက်ကားစနင်းသည့်ရက်မှာပင် သီဟသူ့ဆီရောက်လာပြီး စာမေးပွဲလာမဖြေခြင်းအတွက် အပြစ်တင်သည်။

"ဘွဲ့မရမချင်း ဖြေစရာစာမေးပွဲတွေ အများကြီးပဲ သီဟရာ. . နောက် ခုဟာက နှစ်ဝက်စာမေးပွဲပဲ၊ စာမေးပွဲကြီးကျရင် ငါ ရအောင်ဖြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောလိုက်တော့ သီဟက အနည်းငယ် ကျေနပ်သွားဟန်ဖြင့် . . "ဖိုင်နယ်အိတ်စမ်းကျရင် အောင်အောင်မြေ နော်မှန်တိုင်း၊ ငါစာပြပေးမယ်" ဟုပြောပြီး ပြန်သွားသည်။

သည့်နောက်ပိုင်းတော့ (စာမေးပွဲပြီးလျှင်ကျောင်းပိတ်ဦးမည်ဖြစ်သဖြင့်) ကျောင်းအတွက်ပူစရာမလိုတော့ဘဲ ဆိုက်ကားတစ်စီးဖြင့် အားကြိုးမာန်တက် ငွေရှာတော့သည်။

သူ၏ဝီရိယကောင်းခြင်းကြောင့်လား ကုသိုလ်ကံပဲလိုက်ခြင်းကြောင့်လား မပြောတတ်။ သိပ်မကြာခင်မှာပင် အမေ၏ဈေးဖိုးအရင်းအနှီးထဲမှ လျော့နည်းသွားခဲ့သော ငွေတို့ကို သူပြန်ဖြည့်ဆည်းနိုင်ခဲ့သည်။ သို့သော်လည်း ဆိုက်ကားနင်းခြင်းကိုတော့ သူ မရပ်သေးဘဲ ဆက်နင်းမြဲနင်းနေခဲ့သည်။

ထိုအတောအတွင်း သူ့ဆီသို့ လူနှစ်ယောက်ရောက်ရှိလာခဲ့ပါသည်။ သူဂိတ်ထိုးလေ့ရှိသော နေရာသို့ ပထမဦးဆုံးရောက်ရှိလာသူမှာ ကိုစိန်မြဖြစ်သည်။ ၎င်း၏အဆိုကတော့ သူ၏သတ္တိကိုသဘောကျသဖြင့် အလုပ်တွဲလုပ်ချင်ပါသတဲ့။

"ဘာလဲ ငွေယူပြီး လူရိုက်ပေးဖို့လား ကိုစိန်မြ"

"အဲဒါ ကလေးတုန်းက အလုပ်တွေပါကွာ၊ ခုလုပ်ရမှာက မင်းဆိုက်ကားနဲ့ ပစ္စည်းလိုက်ပို့ရမှာ၊ ဒီတစ်ဝိုက်မှာ ငါတို့ကျူးကျော်ရပ်ကွက်လေးကလွဲရင် ကျန်တာ အိမ်ကြီးအိမ်ကောင်းတွေချည်းပဲ။ အဲဒီ အိမ်တွေထဲက ငါလိပ်စာပေးထားတဲ့ အိမ်တွေကို





မင်း ပစ္စည်းလိုက်ပို့ပေးရမယ်၊ ရတာ တစ်ယောက်တစ်ဝက်ယူကြေး၊ ဘယ့်နှယ်လဲ"

သူ တုန်လှုပ်သွားသဖြင့် ခေါင်းညိတ်ရန်ပင် မေ့လျော့နေခဲ့မိသည်။

"မြိုးမြိုးမြက်မြက် ရမှာကွ"

"အဲဒီလောက် နာမည်ဆိုးတဲ့အလုပ်မျိုးကို ကျွန်တော် မလုပ်နိုင်ဘူး ကိုစိန်မြ"

ကိုစိန်မြ တအံ့တဩနှင့် သူ့ကိုကြည့်၏။

ထို့နောက် တဟားဟားရယ်လေသည်။

"ငါပြောတာ မင်းထင်တဲ့ ပစ္စည်းမျိုး မဟုတ်ပါဘူး မှန်တိုင်းရာ၊ ဒီလိုကွာ. . ."

ကိုစိန်မြက သူ့အား လုပ်ငန်းသဘော အကြမ်းဖျင်းရှင်းပြပြီးချိန်မှာတော့ သူ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မလုပ်နိုင်ဘူး ကိုစိန်မြ"

"ကောင်းပြီလေ၊ ဒါဆိုလဲ ငါပြန်မယ်၊ မင်း စိတ်ပြောင်းတဲ့တစ်နေ့ ငါ့ဆီ ပြန်လာခဲ့ပေါ့"

ကိုစိန်မြ ပြန်သွားခြင်းက သူ့အတွက် အုံ့မှိုင်းနေသော မိုးသားတစ်ခု လွင့်ပြယ်သွားသလို ခံစားရပါသည်။

မိုးသားလွင့် ပြယ်သွားသည်နှင့် နေရောင်တို့ ဖြာထွက်လာတတ်စမြဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ နေရောင်ဖြာရုံသာမက နေမင်းတစ်စင်း သူ့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့သည်။

"ရောင်နီဦး"

"ငါ နင့်ကို ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် မုန်တိုင်း"

"နေပါဦး၊ နင် ငါ့ကို ဘာတွေလာပြောနေတာလဲ"

"သိချင်ရင် နင် ငါ့အိမ်ကို ခဏလောက်လိုက်ခဲ့ပေါ့"

"အဲဒါတော့ မဖြစ်ဘူး ငါဆိုက်ကားနင်းရဦးမယ်"

သူမ၏ ကမ်းလှမ်းမှုကို သူ ပြတ်သားစွာ ငြင်းဆန်လိုက်သည်။ သူမကတော့ သူ၏ငြင်းဆန်မှုကို ပျော့ပျောင်းစွာ အရည်ပျော်ကျစေခဲ့ပါသည်။

"နင်းလေ ခုချိန်ကစပြီး နင့်ဆိုက်ကားကို ငါ ငှားလိုက်ပြီ၊ ကဲ. . ငါ့အိမ်ကို နင်းပေတော့"

ခပ်လှမ်းလှမ်း၌ ရပ်ထားသည့် သူမအိမ်မှကားကို သွားနှင့်တော့ဟူသော သဘောနှင့် လက်ဖြင့်ယမ်းလိုက်ပြီး သူ၏ဆိုက်ကားပေါ်သို့ သင်းပျံ့စွာ တက်ထိုင်လာသည်။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

သူ စဉ်းစား၍ မရတော့ပါ။

♥♥♥

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကဲ . . ဘယ်လိုလဲ သီဟ"

ကျပ်ခေ့ကို လက်မနှင့်ထောက်၍ အပေါ်သို့မြှောက်လိုက်ပြန်ဖမ်းလိုက်လုပ်ရင်း မုန့်တိုင်း သူ့ကို မေးသည်။

သီဟ တစ်ခုခု ပြန်ဖြေရန် တွန့်ဆုတ်နေ၏။

မုန့်တိုင်းပြောခဲ့သော စည်းကမ်းချက်များကို ပြန်လည်စဉ်းစားရင်း အချိန်ဆွဲနေမိသည်။

တစ်ယောက်ကို အချိန်တစ်လစီရမယ်။ ရှုံးသူထွက်ကြေး၊ တကယ်လို့ တစ်လစီအတွင်းမှာ နှစ်ယောက်စလုံးရှုံးခဲ့ရင် နှစ်ယောက်စလုံးထွက်။ တစ်သက်လုံး ဒီကစားပွဲကို ဝင်မပြိုင်ကြေး။

အချိန်ကာလ တိုတောင်းလှသလို အရင်းအနှီးကလည်း များလှပါသည်။ ပိုဆိုးသည်က စွန့်လွှတ်ရမည့် တန်ဖိုးကြီးမားလွန်းခြင်းဖြစ်၏။





"တခြားလူ တစ်ယောက်ဆိုရင်တော့ လက်သီးထိုးပြီး ဆုံးဖြတ်မှာ သီဟ၊ အဲဒီကောင် ဝင်ပြိုင်ခွင့်မရအောင် ကြမ်းပြင်ပေါ်မှာ လှဲသိပ်ထားလိုက်မှာ၊ ဒါပေမယ့် မင်းနဲ့တော့ ကံချင်းပဲ ပြိုင်ချင်တယ်"

"ထားပါတော့ တစ်လစီအတွင်းမှာ မင်းရော ငါရော အဆင်မပြေရင် ရောင်နီ့ကို ဒီတိုင်း လွှတ်ထားမှာလား၊ တခြားတစ်ယောက်ယောက်လက်ထဲ ရောက်သွားတဲ့အထိ ထိုင်ကြည့်နေမှာလား"

သူ ဒွိဟဖြစ်စွာ မေးလိုက်သည်။

"ဒါကတော့ သူ့အပေါ်မှာ မူတည်တယ်၊ သူက ငါတို့နှစ်ယောက် မဟုတ်တဲ့ တခြားတစ်ယောက်ယောက်ကို စိတ်ဝင်စားမယ်ဆိုရင်တော့ ဒီတိုင်းပဲ ထိုင်ကြည့်နေရမှာပေါ့"

သံဘောထားကြီးဟန်အပြည့်နှင့် ပြောနေသော မုန့်တိုင်းကိုကြည့်ရင်း ရယ်ချင်လာသဖြင့် သီဟ ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ"

"ငါတို့နှစ်ယောက်မဟုတ်တဲ့ တခြားတစ်ယောက်ဆိုတဲ့ စကားကို စဉ်းစားမိလို့ပါ။ ရောင်နီ့မှာ ငါတို့နှစ်ယောက်အပြင် တခြားဘယ်ယောက်ျားလေးကော ကပ်ခွင့်ရလို့လဲ၊ အကုန်လုံး မင်းပဲ လက်သီးစာကျွေးပစ်ခဲ့တာချည်းပဲ မဟုတ်လား"

သူ့စကားကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

မုန်တိုင်း စဉ်းစားဟန်ဖြင့် နှုတ်ဆိတ်သွားပြီးမှ ဟက်ခနဲ တစ်ချက်ရယ်ရင်း. .

"အေး. . အဲဒါတော့ ဟုတ်တယ် ဒီတော့ ဒီလိုလုပ်ကွာ၊ မင်းနဲ့ ငါမှမဟုတ်ရင် ဘယ်သူ့ကိုမှ မကြိုက်ရဘူး ဘယ့်နှယ့်လဲ"

ဒါကတော့ ဘယ်လိုမှမဖြစ်နိုင်ပါ။

ရောင်နီ၏လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်တားဆီးထားသလိုမျိုး ဖြစ်နေပါလိမ့်မည်။

သူမအား သူရော မုန်တိုင်းပါ ဘယ်လောက်ပဲချစ်ချစ် ထိုသို့သော ချုပ်ချယ်မှုမျိုးကိုတော့ ဘယ်လိုနည်းနှင့်မျှ မလုပ်သင့်။ သို့သော် တစ်ဖက်စွန်းရောက်လွန်းနေသော မုန်တိုင်းနှင့် အတိုက်အခံ မဖြစ်လိုသဖြင့် သူက ခေါင်းလည်းမညိတ်သလို၊ ခေါင်းလည်းမခါဘဲ အသာအယာပင် ငြိမ်နေလိုက်သည်။

တကယ်တော့ ရောင်နီအား မုန်တိုင်း ချစ်သည်ထက် အဆပေါင်းများစွာသာလွန်အောင် သူချစ်ခဲ့ပါသည်။မုန်တိုင်းက ရောင်နီ့ကို စွန့်လွှတ်ရမှာစိုးရိမ်သော်လည်း သူကတော့ ရောင်နီ သာစိတ်ချမ်းသာမည်ဆိုလျှင် စွန့်လွှတ်အနစ်နာခံဝံ့သည်။

ယင်းမှာ သူ၏အကြီးမားဆုံးသော မေတ္တာတရား ဖြစ်သလို အဖြူစင်ဆုံးသောအချစ်လည်း ဖြစ်သည်။

သို့သော် မုန်တိုင်းကတော့ သူ၏အယူအဆကို အမြဲတမ်းပြက်ရယ်ပြုခဲ့ပါသည်။





"အဲဒါ ပညာတတ်ကြောင်ကြောင်တာ သိဟာ၊ မင်း ခုမှ ဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသားပဲရှိသေးတယ်ကွာ၊ ခပ်ညံ့ညံ့အတွေးအခေါ်တွေ ခေါင်းထဲမထည့်စမ်းပါနဲ့"

မုန်တိုင်း၏ အယူအဆကတော့ လိုချင်တာကို ရအောင်ယူမယ်၊ မရနိုင်တဲ့အဆုံး အောင်မြင်စွာ လက်လျှော့မယ်၊ ဝမ်းနည်းကြေကွဲ မနေဘူးတဲ့။

"ကဲ. . ကြာတယ်ကွာ စကြမလား"

မုန်တိုင်းက စိတ်မရှည်တော့ဟန်နှင့် လှမ်းမေးသည်။

သူခေါင်းညိတ်ရန် ပြင်လိုက်စဉ်မှာပင် သူတို့စားပွဲနားသို့ တစ်စုံတစ်ယောက်ရောက်လာသည်။ လှည့်ကြည့်လိုက်တော့ ရောင်နီ။ သူရော မုန်တိုင်းပါ ခိုးထုပ်ခိုးထည်နှင့် အမိခံရသူများပမာ အိုးတိုးအမ်းတမ်းနှင့် ငြိမ်သက်နေမိကြ၏။

"ထင်သားပဲ၊ ဒီအချိန် ဒီအအေးဆိုင်မှာရှိမယ်ဆိုတာ သိလို့ အိမ်ကို အခွေသွားငှားဦးမယ်ဆိုပြီး လိမ့်ထွက်လာတာ"

ကားသော့စားပွဲပေါ်ပစ်တင်၍ ရောင်နီပြောရင်း သူတို့နှစ်ဦးကို အကဲခတ်သလို တစ်လှည့်စီကြည့်၏။

"နေပါဦး ဘာတွေ ဖြစ်နေကြတာလဲ"

ရောင်နီ့အမေးက နှစ်ယောက်စလုံး တွန့်ခနဲဖြစ်သွားစေသည်။

"ဒီလိုဟာ . . သိဟာက . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ငါ့ကိုဆွဲမထည့်နဲ့ မင်းစတဲ့ဇာတ်လမ်း မင်းဖာသာရှင်း"

"မင်းလဲ သဘောတူထားတာပဲ မဟုတ်လား"

"ကဲ တော်ကြပါဦး၊ ရောင်နီကိုလဲ နည်းနည်းလောက် ရှင်းပြကြစမ်းပါဦး"

သူတို့နှစ်ယောက် အချီအချ ငြင်းနေကြသည်ကို စိတ်မရှည်ဟန်နှင့် ရောင်နီ ခပ်စူးစူးအော်လိုက်တော့ နှစ်ယောက်စလုံး အဆူခံထိသောကလေးနှစ်ယောက်ပမာ ငြိမ်သက်သွားကြသည်။

"ကဲ. . ပြောကြလေ"

သူမ၏အမိန့်သံအဆုံးမှာ စတင်လှုပ်ရှားလာသူကတော့ မုန်တိုင်းပဲ ဖြစ်သည်။

"ပြောမယ်၊ မပြောခင် ဟောဒီကျပ်စေ့ကို ဒီစားပွဲပေါ်မှာ ရောင်နီလှည့်ပေး၊ ခေါင်းကျသလား ပန်းကျသလား အဖြေရှာတဲ့သဘောမျိုးပေါ့"

ဘယ်လောက်များ အတင့်ရဲလိုက်တဲ့ မုန်တိုင်းလဲ။

သူ တစ်စုံတစ်ရာ ဝင်ကန့်ကွက်ရန် ပြုစဉ်မှာပင် ရောင်နီက ကျပ်စေ့ကို စတင်လှည့်နေပြီဖြစ်သည်။

မွှတ်နေအောင်လည်နေသော ကျပ်စေ့လေးကိုကြည့်ရင်း မုန်တိုင်း စိတ်လှုပ်ရှားနေပုံရ၏။





တကယ်တော့ မုန်တိုင်းနည်းတူ သူလည်း စိတ်လှုပ်ရှားနေပါသည်။ ကျပ်စေ့လေးက မွှတ်နေအောင် လည်နေရာမှ အရှိန်ကုန်စပြုလာပြီး. . နောက်ဆုံး စားပွဲပေါ်သို့ ညင်သာစွာ လဲကျသွားချိန်၌ သူရော မုန်တိုင်းပါ ပြိုင်တူလိုလို သက်ပြင်းကိုယ်စီချလိုက်ကြသည်။

"ကဲ. . နင်ခိုင်းတဲ့အတိုင်း လုပ်ပြီးပြီလေ မုန်တိုင်း ငါ့ကို ပြောမယ်ဆိုတာ ပြောတော့"

မုန်တိုင်း တံတွေးတစ်ချက် မျိုချလိုက်ရင်း အားယူကာ ပြောလိုက်သည်။

"ဒီလိုဟာ ငါရော သီဟပါ နင့်ကို ရည်းစားစကား ပြောချင်လို့"

"ဘာ. ."

"အဲဒါ ဘယ်သူအရင် ပြောသင့်သလဲ ဆုံးဖြတ်မရတာနဲ့ ခုလို ခေါင်းပန်းလှည့်ပြီး ဆုံးဖြတ်ကြတာပဲ"

ရောင်နီက သူနှင့် မုန်တိုင်းကို စိတ်ဆိုးဟန်ဖြင့် တစ်လှည့်စီကြည့်ပြီး "အရူးတွေ" ဟု ခပ်စူးစူးရေရွတ်ကာ လှည့်ထွက်သွားပါသည်။

"ရောင်နီ ဒီမှာ ကားသော့ ကျန်ခဲ့ပြီ"

သူ လှမ်းအော်လိုက်တော့ သူမက စူပုပ်ပုပ် မျက်နှာနှင့် သူတို့စားပွဲရှိရာသို့ ပြန်လှည့်လာပြီး ကားသော့ကို ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အနည်းငယ် ချီတုံချတုံဖြစ်နေပြီးမှ ခပ်ဆောင့်ဆောင့်အသံနှင့်မေးသည်။

"နေပါဦး နင်တို့ရဲ့ အဲဒီ ရှုးကြောင်ကြောင် ကစားပွဲမှာ ဘယ်သူနိုင်သွားသလဲ"

မုန်တိုင်းက မချိုမချဉ်မျက်နှာဖြင့် . . .

"နင် သိပ်သိချင်တယ်ဆိုရင်တော့ ငါ ပြောပြနိုင်ပါတယ်"

"ကောင်စုတ် တော်ပြီ မပြောနဲ့တော့"

ဒေါက်ဖိနပ်သံ ခပ်ကြမ်းကြမ်းနှင့်အတူ သူမ ခြေဆောင့်၍ ပြန်လည်ထွက်ခွာသွားပါသည်။

♥♥♥

(၂)

ရောင်နီဦး ဒေါသတို့က အိမ်ရောက်သည်အထိ တော်တော်နှင့် အရှိန်မပြေသေးဘဲ ဒေါပွနေဆဲဖြစ်၏။

ကြည့်စမ်းပါဦး။ သူတို့ကများ ငါ့ကို ရည်းစားစကားပြောဖို့ရာ ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ကြသတဲ့။

သူမ အောက်နှုတ်ခမ်းကို သွားနှင့် ဖိကိုက်ရင်း အိပ်ရာပေါ်၌တစ်ယောက်တည်း မကျေမနပ်ရေရွတ်နေမိသည်။ အထူးသဖြင့်က သူမ ဒေါအပွဆုံးမှာ မုန်တိုင်းကို ဖြစ်၏။ ၎င်းတို့၏ဆုံးဖြတ်ပွဲ၌ သူမကိုပင် ပိုက်ဆံလှည့်ခိုင်းကာဒိုင်လူကြီးအဖြစ်ပင် ဝင်ရောက်ဆောင်ရွက်ခိုင်းလိုက်ပါသေးသည်။

ဘယ်လောက်များ မုန်းဖို့ကောင်းလိုက်တဲ့ မုန်တိုင်းလဲ။

သူမဘေးမှ (သူမ ညအိပ်တိုင်းဖက်ပြီး အိပ်လေ့ရှိသော) ဝက်ဝံရုပ်ကြီးကို မ,ယူကာ မုန်တိုင်းအမှတ်နှင့် နံရံဆီသို့ ပစ်ပေါက်ရင်း "ခွေးစုတ်" ဟု ခပ်တိုးတိုး ဆဲလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူမ အသံက မဆိုသလောက်လေး ကျယ်သွားပြီး တိုက်ဆိုင်စွာပင် ထိုအချိန်၌ သူမ၏ အိမ်ခန်းထဲသို့ သူမ၏ မာမီ ဝင်ရောက်လာချိန်ဖြစ်သဖြင့် သူမ၏ ရေရွတ်သံကို ကြားသွားပါလေသည်။

"သမီးတစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ"

ဝုဒ္ဓေါရေ . . မာမီပါလား။

သူမ၏ စူပုပ်ပုပ်မျက်နှာကို ကမန်းကတန်း ပြင်လိုက်ပြီး ဘာမှမဟုတ်ပါဘူး မာမီဟု အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေလိုက်တော့၊ မာမီက သူမကို မယုံသင်္ကာဟန်နှင့် စိုက်ကြည့်ရင်း. .

"စောစောက ခွေးစုတ်ဆိုလား ဘာလား မာမီ ကြားလိုက်ပါတယ်၊ ပြောစမ်း ဘာဖြစ်လို့လဲ"

"ဩော်, ဟိုဒင်း ဒီလိုပါ၊ ဟိုလေ ဒီဝက်ဝံရုပ်ကြီးနဲ့ ဖက်အိပ်ရတာကြာတော့ မုန်းလာတယ်၊ အဲဒါကြောင့် ခွေးစုတ်ဖွားရုပ်လေးပြောင်းဝယ်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"

ကံကြီးပေလို့သာပဲ။ သူမခေါင်းထဲ၌ ဉာဏ်နီဉာဏ်နက်များ မြန်မြန်ဆန်ဆန်ထွက်လာသဖြင့် မာမီ့အား သူမ ပိရိစွာ လိမ်ညာလိုက်နိုင်ပါသည်။ မာမီက သူမ၏စကားကို ယုံကြည်သွားဟန်ဖြင့် သူမဘေး အိပ်ရာပေါ်၌ ဝင်ထိုင်ရင်း ပြောသည်။

"မသိပါဘူး၊ မာမီက သမီးဘာတွေများ စိတ်ဆိုးနေတာ ဖွဲ့လို့ တွေးပြီး စိုးရိမ်သွားတာ"





"အာ. . မာမီကလဲ ရောင်က ဘာကို စိတ်ဆိုးရမှာလဲလို့၊ ရောင် စိတ်မဆိုးတတ်တာ မာမီလဲ သိသားနဲ့"

"မပြောတတ်ဘူးလေ၊ သမီးတို့အရွယ်က စိတ်ကစားလွယ်တဲ့အရွယ် မဟုတ်လား၊ အဲဒီတော့ မာမီ စိုးရိမ်တာပေါ့"

မာမီ၏စကားက များစွာလေးနက်သလို ဘာကိုဆိုလိုမှန်းလည်း သူမ ချက်ချင်း ရိပ်မိလိုက်သဖြင့် မျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွား၏။

"ဒါပဲနော် သမီး၊ မောင်သီဟကလွဲပြီး ယောကျ်ားလေး သူငယ်ချင်း လုံးဝမထားရဘူး၊ ခုမောင်သီဟကလဲ ဆေးကျောင်းတက်နေပြီဆိုတော့ ကျောင်းမှာ သမီးတစ်ယောက်တည်းပဲ ကျန်တော့ ပိုပြီးဆင်ဆင်ခြင်ခြင် နေရမယ်၊ ဟို ရန်ခဏခဏ ဖြစ်တတ်တဲ့ မောင်သီဟ သူငယ်ချင်းကောင်လေးကိုတော့ သမီး စကားတောင်မပြောနဲ့ အဲဒီကောင်လေးကို မာမီ လုံးဝကြည့်လို့မရဘူး"

မုန်တိုင်းကို မာမီဆိုလိုခြင်း ဖြစ်၏။

ယခုပင် သူမ ထို ကောင်လေးအကြောင်းကို စဉ်းစားနေမှန်း မာမီသိပါက "ရွှေလုံးရေ ငါ့အတွက် သွေးကျဆေးတစ်ပြားနဲ့သောက်ရေတစ်ခွက် မြန်မြန်ယူလာခဲ့စမ်း" ဟု အိမ်ဖော်ကောင်မလေးအား လှမ်းအော်ရလောက်အောင် မာမီ ချက်ချင်း သွေးတိုးသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် စိတ်ကျေနပ်အောင်တော့ သူမ ပြောရပါလိမ့်မည်။

"စိတ်ချပါ မာမီရယ်၊ ရောင်လဲ သူ့ကို ကြည့်လို့မရပါဘူး၊ ကျောင်းမှာဆို ရောင်က ယောကျ်ားလေး သူငယ်ချင်း မပြောနဲ့ မိန်းကလေး သူငယ်ချင်းတောင် သိပ်ထားတာ မဟုတ်ဘူး၊ ရောင် ဘယ်လောက်မာနကြီးသလဲ မာမီလဲ သိတာပဲ"

သူမ စကားကြောင့် မာမီ ကျေနပ်သွားဟန်ဖြင့် ပြုံးယောင်ယောင်ဖြစ်သွားပြီး . . .

"အေး . . အဲဒီလိုမျိုး အမေတူသမီးဖြစ်အောင် ကြိုးစား၊ လောကမှာ မာနကြီးမှ ဘဝအခြေအနေ မြင့်မြင့်နေရတယ် ဆိုတာ ဘယ်တော့မှ မမေ့နဲ့၊ ဟောဒီမှာ ညည်း ဦးလေးငယ် ဆီက စာလာလို့ မာမီလာပေးတာ၊ သူ ခု ဩစတြေးလျ ရောက်နေတယ်တဲ့၊ မာမီ့အတွက်တစ်စောင် သမီးအတွက် တစ်စောင် ရေးပို့လိုက်တာ၊ ရော့ . . သမီးအတွက်စာ"

ဦးလေးငယ်ဆီက စာဟူသောကြောင့် သူမ ချက်ချင်းဆိုသလို ရွှင်မြူးသွားလျက် မာမီ့လက်ထဲမှ စာကို အလျင်အမြန် ဆွဲယူလိုက်ပါသည်။

နောက် . . .

ခဏနေတော့ မာမီ အခန်းထဲမှ ထွက်သွားပြီး သူမကတော့ ဦးလေးငယ်၏စာကို စတင် ဖတ်ရှုနေပြီဖြစ်သည်။





ရောင်လေးရေ . . .

ခု ဦးလေးငယ်တို့ သင်္ဘော ဩစတြေးလျမှာ ကမ်းကပ်တုန်း ဒီစာကို ရေးလိုက်တာ၊

ရောင်လေး နေကောင်းရဲ့လား၊

သီဟတစ်ယောက် ဆေးကျောင်းတက်နေပြီဆို ရောင်လေးလဲ ဆေးကျောင်းဝင်အောင် ကြိုးစား နော်။ ဟို မုန်တိုင်းဆိုတဲ့ နာမည်ဆန်းဆန်းနဲ့ ကောင်လေးကော ရောင်ကလေးနဲ့ ဆုံဖြစ်သေးလား။ သူ့ကိုတွေ့ရင် . . . ဦးလေးငယ် သတိရကြောင်းနဲ့ ခုချိန်အထိ ကျေးဇူးတင်နေတုန်းပဲ ဆိုတာ ပြောပြလိုက်ပါ . . .

မုန်တိုင်းအကြောင်းပါလာသဖြင့် ဦးလေးငယ်၏စာကို သူမ ဆက်ဖတ်၍ မရတော့ပါ။ မုန်တိုင်းနဲ့သူမ ဆုံဖြစ်သေးလားတဲ့။ ဦးလေးငယ်ရေ ဆုံဖြစ်ရုံတင်မဟုတ်ဘူး သူနဲ့ ရောင်လေး သူငယ်ချင်းတွေဖြစ်ပြီး ခုဆို သူက ရောင်လေးကိုတောင် ရည်းစားစကားပြောတော့မတဲ့။ သိရဲ့လား။

သူမ ဦးလေးငယ်ကို စိတ်ထဲမှ လှမ်းအော်ပြောလိုက်မိပါသည်။

♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမ လုံးဝကြည့်မရသော မုန်တိုင်းနှင့် သူငယ်ချင်းအဖြစ်သို့ ရောက်ရှိခဲ့ခြင်းမှာ ဦးလေးငယ်၏ပယောဂ မကင်းပါ။ အတိအကျ ပြောရလျှင် ဦးလေးငယ် ဆိုင်ကယ် မှောက်ခဲ့ခြင်းက မုန်တိုင်းနှင့် သူငယ်ချင်းဖြစ်ရန် တွန်းပို့ပေးခဲ့ ခြင်းဖြစ်သည်။ ထိုစဉ်က ဆေးရုံမှဆင်းပြီး တစ်ပတ်တစ်ခါ ဦးလေးငယ်ကို ဆေးခန်းပြရပါသည်။

တစ်ရက် ဆေးခန်းသို့သွားစဉ် (ထိုစဉ်က ကားပေါ်၌ သူမလည်း ပါပါသည်) မီးပွိုင့်၌ မီးနီမိနေတုန်း တစ်ဖက်ယာဉ် ကျောမှ ဖြတ်နင်းသွားသော ဆိုက်ကားတစ်စီးကို တွေ့သည်နှင့် ဦးလေးငယ်က အလန့်တကြားထအော်ပါသည်။

"သူပဲ ရောင်လေး အဲဒီကောင်လေးပဲ"

"ဘာလဲ ဦးလေးငယ်ရဲ့"

"ဟိုမှာလေ ဟိုဆိုက်ကားနင်းသွားတဲ့ ကောင်လေးကို ပြောတာ၊ ဦးလေးငယ် ဆိုင်ကယ်မှောက်တုန်းက အသက်ကို ကယ်ခဲ့တာ သူပေါ့"

ဦးလေးငယ်က သူမကို ရှင်းပြရင်း ဒရိုင်ဘာအား ထို ဆိုက်ကားနောက်သို့လိုက်ရန် ပြောသည်။

သို့သော် သူမတို့ကားက ကွေ့လမ်းကို ယူထားသဖြင့် မီးစိမ်းသောအခါ ဆိုက်ကားနှင့် ဆန့်ကျင်ရာသို့ ကွေ့ခဲ့ရသဖြင့် ဦးလေးငယ်၏ဆန္ဒက ဘယ်လိုမှ မပြည့်ဝခဲ့ပါ။





"တောက်, လှမ်းမြင်လိုက်ပြီးမှကွာ၊ ဦးလေးငယ်က သူနဲ့ တွေ့ပြီး သူ့ကို ကျေးဇူးဆပ်ချင်နေတာ"

သူမကတော့ ဦးလေးငယ်၏ စကားကို စိတ်မဝင်စားနိုင်ဘဲ ဦးလေးငယ် လှမ်းပြခဲ့သည့် ဆိုက်ကားနင်းသူ ကောင်လေး၏ မျက်နှာကိုမြင်ယောင်လျက် အံ့သြ၍သာနေပါသည်။

အကြောင်းကတော့ . . .

ဦးလေးငယ် သွေးလွန်ပြီး သေမသွားအောင် ဦးလေး ငယ်၏အသက်ကို ကယ်တင်ခဲ့သည်ဆိုသော ကောင်လေးမှာ မုန်တိုင်း ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

သူက ဦးလေးငယ်ရဲ့ အသက်ကို ကယ်ခဲ့တယ်တဲ့လား၊ ဒါဆို တိရစ္ဆာန်တစ်ကောင်လို ကြမ်းတမ်းရိုင်းစိုင်းတဲ့ သူ့မှာ လူသားဆန်တဲ့ ကြင်နာမှုတွေလည်း ရှိသေးတာပေါ့။

ဘယ်လောက်များအံ့သြစရာ ကောင်းလိုက်သလဲ။ သူမ သိပ်ချစ်တဲ့ ဦးလေးငယ်ရဲ့ အသက်မသေအောင် ကယ်တင် ကူညီခဲ့တဲ့လူဟာ မုန်တိုင်းဆိုပါလား။

"ဦးလေးငယ် အဲဒီကောင်လေးကို တွေ့ချင်လိုက်တာ ကွာ"

ဦးလေးငယ်ကတော့ မချင့်မရဲအသံနှင့် ရေရွတ်နေဆဲ ဖြစ်သည်။ သူမ ဦးလေးငယ်ကို သနားလာသဖြင့် နောက်ဆုံး ဦးလေးငယ်၏ဆန္ဒကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးငယ်ကို ကူညီခဲ့တာ အဲဒီကောင်လေးဆိုတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့ ရောင်လေးရာ . . အဲဒီတုန်းက ဦးလေးငယ် သတိရတစ်ချက်မရတစ်ချက် ဖြစ်နေပေမယ့် သူ့ မျက်နှာကိုတော့ ကောင်းကောင်းမှတ်မိတယ်၊ သူ့မျက်နှာက မာပြီး မျက်လုံးခပ်ရိုင်းရိုင်းတွေနဲ့ကြမ်းတမ်းတတ်တဲ့ မျက်လုံးမျိုး၊ ဒါပေမယ့် ဘယ်လောက် အံ့ဩဖို့ကောင်းလဲ၊ သူက ဦးလေးငယ်ကို ကြင်ကြင်နာနာနဲ့ အကူအညီပေးခဲ့တယ်"

"ဦးလေးငယ် သေချာရင် အဲဒီကောင်လေးကို ရောင်လေးသိတယ်၊ သူက ရောင်လေးတို့ ကျောင်းက"

သူမ၏စကားကြောင့် ဦးလေးငယ် ဝမ်းသာသွားပုံမှာ သူမပင် အထိတ်တလန့်ဖြစ်ရပါသည်။

"တကယ်လား ရောင်လေး၊ တကယ်ပြောတာလား သူက ရောင်လေးတို့ကျောင်းက ဟုတ်လား၊ ဒါဆို သူနဲ့ ရောင်လေးနဲ့ သူငယ်ချင်းတွေပေါ့၊ သူ့နာမည်က ဘယ်သူတဲ့လဲ"

"မုန်တိုင်းတဲ့၊ ဒါပေမယ့် ဦးလေးငယ် ထင်သလို ရောင်လေးနဲ့ သူနဲ့ သူငယ်ချင်း မဟုတ်ဘူး၊ သူ့ကို ရောင်လေး လုံးဝကြည့်မရလို့ စကားတောင်မပြောဘူး"

"ဘာပဲဖြစ်ဖြစ် သူ့ကို ဦးလေးငယ်နဲ့ တွေ့ပေးပါ ရောင်လေး၊ ဦးလေးငယ် သူ့ကိုကျေးဇူးဆပ်ချင်လို့"





ဤသို့ဖြင့် သူမ အလွန်ချစ်သော ဦးလေးငယ်၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သူမ၏ မာနတို့ကို လျှော့ချကာ မုန်တိုင်းထံသို့သွား၍ ဦးလေးငယ်နှင့် တွေ့ပေးရန် အိမ်သို့ခေါ်လာခဲ့ရပါသည်။

ထိုသို့ မုန်တိုင်းအား အိမ်သို့ခေါ်နိုင်ရန် မာမီ အိမ်၌ မရှိသည့်အချိန်ကို သူမ သတိကြီးစွာထား၍ ရွေးချယ်ရပါသေးသည်။ အကြောင်းကတော့ မာမီသာ အိမ်၌ ရှိနေမည်ဆိုပါက မုန်တိုင်းလို အဆင့်အတန်းမျိုးနှင့် လူတစ်ယောက်ကို အိမ်ထဲသို့ မပြောနှင့် ခြံဝင်းထဲပင် အဝင်ခံမည် မဟုတ်ပါ။

မုန်တိုင်းအား ဦးလေးငယ်နှင့်တွေ့ပေးပြီး ၎င်းတို့ စတင်စကားပြောချိန်၌ သူမ ခြံထဲဆင်းသွားကာ ရှောင်နေခဲ့သည်။

ဦးလေးငယ်နှင့် မုန်တိုင်း အတန်ကြာအောင် စကားပြောပြီးနောက် မုန်တိုင်း ပြန်သွားသည်နှင့် ဦးလေးငယ်က သူမအား ခေါ်ကာ မုန်တိုင်းအကြောင်း ပြောပါလေတော့သည်။

"သိပ်ခင်စရာကောင်းတဲ့ ချာတိတ်ပဲ၊ သိလား ရောင်လေး"

"ရောင်လေးတော့ မထင်ပါဘူး"

သူမ ခပ်ပြတ်ပြတ်ပြောတော့ ဦးလေးငယ်က ရယ်မောရင်း "ရောင်လေး သူနဲ့ စကားမပြောဖူးသေးလို့ပါ၊ စကားပြောဖူးရင် ခင်သွားလိမ့်မယ်"ဟု သေချာပေါက်လေသံနှင့်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးငယ် သူ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ငွေငါးသောင်းပေးပါရစေလို့ ပြောလိုက်တယ်"

"ဟယ်,ငါးသောင်းတောင်၊ လေးငါးထောင်ဆို တော်ရောပေါ့ ဦးလေးငယ်ရဲ့၊ အဲလောက်တောင် ပေးစရာလား"

"ဦးလေးငယ်ရဲ့အသက်က ငါးသောင်းမက တန်တယ်လေ ရောင်လေးရဲ့၊ ဖြစ်နိုင်ရင် ငါးသိန်းလောက်တောင် ပေးချင်တာ"

ထိုစကားကိုတော့ သူမ သံသယမရှိပါ။

ဦးလေးငယ်၏အသက်က ၎င်းကိုယ်တိုင်အတွက်ရော၊ သူမအတွက်ပါ အလွန်တန်ဖိုးကြီးပါသည်။

သူမ အလွန်ချစ်သော ဦးလေးငယ် သေဆုံးသွားမှာကို ငယ်ငယ်လေးကတည်းက သူမ အလွန်စိုးရိမ်ခဲ့ပါသည်။

"ထားပါတော့၊ ဘာပဲဖြစ်ဖြစ် ငါးသောင်းပေးလိုက်တော့ သူ အရမ်းပျော်သွားမှာပေါ့"

ဦးလေးငယ် ဟက်ခနဲ တစ်ချက် ရယ်ချလိုက်ပြီး ဆက်ပြော၏။

"ရောင်လေး သူ့အပေါ် တော်တော်မှန်းနေပုံရတယ်၊ ရောင်လေးထင်သလို သူပျော်မသွားဘူး ရောင်လေးရဲ့၊ စိတ်တောင်ဆိုးသွားသေးတယ်၊ ဦးလေးငယ်ပေးတဲ့ ငွေငါးသောင်းကိုလဲ ယူမသွားဘူး"





"နည်းလို့ ဖြစ်မှာပေါ့"

ဒီတစ်ခါတော့ ဦးလေးငယ်၏ရယ်မောမှုက အတော့်ကို ကြာပါသည်။

နောက်ဆုံးမှ အရယ်ရပ်၍ ဦးလေးငယ် ပြောသည်။

"ဦးလေးငယ်က ငါးသောင်းပေးပါရစေဆိုတော့ သူက ပြောတယ်၊ သူ့စိတ်ဓာတ်ကို မဖျက်ဆီးပါနဲ့တဲ့ သူကိုယ်တိုင်ကြိုးစားရှာဖွေပြီး ရတဲ့ပိုက်ဆံနဲ့ပဲ သူထမင်းစားချင်တယ်တဲ့၊ အလုပ်မလုပ်ဘဲ ရတဲ့ငွေကို သူမလိုချင်ဘူးတဲ့၊ အဲဒါကြောင့် ထီတောင်ဘယ်တုံးကမှ သူမထိုးခဲ့ဘူးတဲ့ဗျား၊ ကဲ ဘယ်လောက် လေးစားဖို့ကောင်းတဲ့ ချာတိတ်လဲ"

ဦးလေးငယ်၏စကားကြောင့် မုန်တိုင်းအပေါ် သူမ အနည်းငယ်အထင်ကြီးသွားမိပါသည်။

"နောက်ဆုံး တစ်ရက်လောက် ဆိုင်တစ်ဆိုင်မှာ ညစာ လိုက်ကျွေးပါရစေလို့ ကမ်းလှမ်းတော့မှ သူ အင်တင်တင်နဲ့ လက်ခံတယ်၊ ဒါတောင် အတော်ပြောယူရတာ သူလိုက်မစားရင် ဦးလေးငယ် တစ်သက်လုံး စိတ်ကောင်းမှာ မဟုတ်ဘူး ဘာညာ နဲ့ပြောမှလက်ခံတာ၊ အဲဒီတော့ နောက်တစ်ပတ် တနင်္ဂနွေနေ့လောက် ဦးလေးငယ်တို့ ညစာသွားစားကြမယ်၊ သီဟရော ရောင်လေးဝါ လိုက်ရမယ်"

"အာ. . ဦးလေးငယ်ကလဲ ရောင်လေး မလိုက်ချင်ဘူး".



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်လို့မရဘူး ရောင်လေး . . ရောင်လေးမလိုက်ရင် ဒီတစ်ခါ သင်္ဘောတက်ရင် ဦးလေးဘယ်တော့မှ ရောင်လေးတို့ ဆီပြန်မလာတော့ဘူး"

ဦးလေးငယ်၏ အကျပ်ကိုင်မှုကြောင့် ရောင်လေး ခေါင်းညိတ်သဘောတူလိုက်ရပါသည်။

ဤသို့ဖြင့် တစ်ခုသော တနင်္ဂနွေ တစ်နေ့မှာတော့ . .

ဦးလေးငယ်၊ သီဟ၊ မုန်တိုင်းတို့နှင့်အတူ သူမ ညစာစားဖြစ်ခဲ့ပါသည်။

▼

ထိုအဖြစ်အပျက်များ ပြီးဆုံး၍ ဦးလေးငယ် သင်္ဘောပြန်တက်သွားပြီး နောက်ပိုင်းမှာတော့ မုန်တိုင်းအား သူငယ်ချင်းတစ်ယောက်အဖြစ် သူမ လက်ခံခဲ့သလို ကျောင်း၌ သီဟ၊ မုန်တိုင်းနှင့် သူမတို့သုံးယောက် တပူးပူးတတွဲတွဲ တွဲဖြစ်ခဲ့ကြပါသည်။

မုန်တိုင်း၏ ထူးခြားချက်မှာ ဦးလေးငယ်ပြောခဲ့သလိုပင် ၎င်းနှင့်စကားအနည်းငယ် ပြောပြီးသည်နှင့် ၎င်းအား ခင်မင်သွားခြင်းဖြစ်သည်။

နောက်ထပ် . . ထူးခြားမှုတစ်ခုကတော့ (သူမ လုံးဝသဘောမကျသည့်) ရန်ခဏခဏဖြစ်တတ်ခြင်းပင် ဖြစ်သည်။





သူမနှင့် သူငယ်ချင်းဖြစ်ပြီးမှ ၎င်း၏ရန်ဖြစ်မှု အကြိမ်အရေအတွက်က ပိုမိုများပြားလာသလို၊ ထိုရန်ပွဲတိုင်းမှာလည်း သူမနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေခြင်းပင် ဖြစ်သည်။

ဥပမာအားဖြင့် သူမ ကျောင်းအလာ ကျောင်းသားတစ်ယောက်က သူမအား စာလိုက်ပေးသည် ဆိုပါစို့။ ထိုအဖြစ်အပျက်ကို မုန်တိုင်းတစ်နေရာရာမှ နေ၍ လှမ်းမြင်သွားပြီဆိုလျှင်တော့ ထိုနေ့ညနေ ကျောင်းဆင်း၍ အိမ်ပြန်ကြချိန်၌ ထိုကျောင်းသား၏ မျက်နှာတစ်ခုလုံး သပြေသီးမှည့်ရောင်သို့ ထနေပါလိမ့်မည်။ တစ်ခါတစ်ခါ ၎င်း၏ ရန်ဖြစ်တတ်သော အကျင့်ကြောင့် သူမ အလွန်စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

"နင်ဟာ တိရစ္ဆာန်တစ်ကောင်ပဲ မုန်တိုင်း၊ အဲဒါကို နင်သိရဲ့လား ရန်ဖြစ်တယ် သတ်ပုတ်တယ်ဆိုတာ တိရစ္ဆာန်တွေသာလုပ်ကြတာ၊ အသိဉာဏ်ရှိတဲ့ လူဆိုတာ ရန်မဖြစ်ရဘူး"

"ဒါဆို ကိုယ့်ကို စော်ကားလို့ စိတ်ဆိုးဒေါသထွက်တာမဲ့ကျေမနပ်ဖြစ်တာကို မျိုသိပ်ပြီး ဒီလိုပဲ ခေါင်းငုံ့ခံနေရမှာလား"

"ဒီလိုတော့လဲ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် တိရစ္ဆာန်တွေလို သတ်ပုတ်နေမယ့်အစား အဲဒါထက်ပိုပြီး ယဉ်ကျေးသိမ်မွေ့တဲ့နည်းနဲ့ တုံ့ပြန်လို့ရတာပဲ"

"ငါမှ အဲဒီနည်းတွေမသိဘဲ ရောင်နီရ"



www.burmeseclassic.com

www.burmeseclassic.com

"မသိရင် သိအောင်ကြိုးစားရမှာပေါ့ မုန်တိုင်းရဲ့"

သူမ ထိုသို့ ခပ်ထန်ထန်ဆိုဆုံးမလျှင်တော့ ၎င်းက မျက်နှာသေလေးနှင့် ငြိမ်သက် နားထောင်နေတတ်ပါသည်။ ဘာပဲဖြစ်ဖြစ် မုန်တိုင်း၏ ရန်ဖြစ်တတ်သော အကျင့်ကြောင့် သူမ ယခုအချိန်အထိ ရည်းစားစကား အပြောခံရခြင်း၊ စာပေးခံရခြင်း စသောဒုက္ခတို့မှ ကင်းဝေးခဲ့ရသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။

သို့သော် ယခုတော့ သူမ ရည်းစားစကား အပြောမခံရအောင် ကာကွယ်ပေးခဲ့သော မုန်တိုင်းက ဦးဆောင်၍ ကိုမင်းနှင့်အတူ . . သူမအား ရည်းစားစကားပြောရန် ကြံစည်နေကြလေပြီ။

ဘုရား . . ဘုရား . . .

သူတို့နှစ်ယောက်က သူမကို ရည်းစားစကား ပြောကြတော့မလို့တဲ့။ ဘာကြောင့်မှန်းမသိ။ သူမ၏ ခြေဖျားလက်ဖျားမှာ အလိုလို အေးစက်လာပါသည်။

♥♥♥

(၃)

"ရောင်နီ"

ကျောင်းနားရောက်ခါနီး လမ်းကွေ့သို့အရောက် သူမ၏နောက်ဘက်ဆီမှ မုန်တိုင်း၏ လှမ်းခေါ်သံကိုကြားလိုက်သည်နှင့် သူမ၏ ကိုယ်ကလေး ဆတ်ခနဲတုန်သွားပါသည်။

လှည့်မကြည့်နဲ့။ နည်းနည်းလေးမျှ လှည့်မကြည့်နဲ့။

"ရောင်နီ ဖြည်းဖြည်းလျှောက်ပါဟ၊ နင်ကလဲ နောက်က သရဲလိုက်တာကျနေတာပဲ၊ ငါ မနေ့က ကိစ္စအကြောင်း နည်းနည်းပြောချင်လို့"

မနေ့ကကိစ္စ ဟူသောစကားကို ကြားသည်နှင့် အိပ်ပျော်နေသော သူမ၏ဒေါသတို့က ချွန်းတို့လိုက်သလို ဆတ်ခနဲ နိုးထလာကြသည်။

"မနေ့က ဘယ်သူနိုင်သွားသလဲ နင် မသိချင်ဘူးလား"

သူမ စိတ်ဆိုးဆိုးနှင့် တစ်ခုခု ပြန်ပြောမည်ပြုပြီးမှ ချက်ချင်းပင် သူမ၏စိတ်ကို ထိန်းချုပ်လိုက်ပြီး အောက်နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့။ သူ့ကို ဘာစကားမျှ ပြန်မပြောနဲ့။

သူမကိုယ်သူမ တတွတ်တွတ်သတိပေးနေမိ၏။

သူမနှင့် ဘေးချင်းယှဉ်လျှောက်ရင်း သူမ၏ မျက်နှာကို အကဲခတ်နေသော မုန်တိုင်းက . . .

"ဘာလဲ . . နင် ငါ့ကို စိတ်ဆိုးတုန်းပဲလား စိတ်ဆိုးရင်လဲ တစ်ခုခုတော့ပြန်ပြောပါဟာ၊ ဆဲချင်လဲဆဲလိုက်ပေါ့၊ ခုလို စကား မပြောဘဲတော့ မနေပါနဲ့၊ ငါတောင်းပန်ပါတယ်"

သူတောင်းပန်သော်လည်း သူမကတော့ ၎င်းအားစကား ပြန်မပြောပါ။ ထို့ပြင် ဘာမှ လာမပြောနဲ့ ငါ မကြားချင်ဘူး ဟူသောသဘောဖြင့် သူမ၏ လက်ဖဝါးနှစ်ဖက်ဖြင့် နားကိုပိတ် လိုက်ပါသည်။

ကဲ, နင်ပြောချင်တာ ပြောစမ်း၊ ငါကတော့ နင့် စကားကို နည်းနည်းလေးမှ နားထောင်မှာ မဟုတ်ဘူး မုန်တိုင်း။

တကယ်တော့ နားပိတ်ထားသော်လည်း မုန်တိုင်းသာ တစ်ခုခုပြောပါက သဲသဲကွဲကွဲ မဟုတ်သည့်တိုင် ဗလုံးဗထွေး တော့ ကြားမှာအမှန်ပဲ ဖြစ်သည်။

သို့သော် သူမ၏အပြုအမူကြောင့်လား မပြောတတ်။

မုန်တိုင်း ဘာမှ ဆက်မပြောတော့ပါ။

ကျောင်းနားရောက်သည်အထိ မုန်တိုင်းထံမှ ဘာသံမှ ထွက်ပေါ်မလာသောအခါမှာတော့ သူမ အနည်းငယ် သံသယ





ဝင်လာသဖြင့် ဘေးသို့ မျက်လုံးစွေစောင်းလျက် ကြည့်လိုက် တော့ . . . သူမ ဘေးနား၌ မုန်တိုင်းပါမလာတော့ပါ။

သူ . . ငါ့ကိုများ စိတ်ဆိုးသွားပြီလား။ သူမ တွေးလိုက် ပြီးမှ ချက်ချင်းပင် ခေါင်းကို ဆတ်ခနဲ ခါယမ်းလျက် အို ဘာဆိုင် လို့လဲ စိတ်ဆိုးရမှာက သူမှမဟုတ်တာ ငါပဲ။

ငါ့ကို အရုပ် တစ်ရုပ်လို သဘောထားပြီး ခေါင်းပန်းလှန် မဲခွဲဆုံးဖြတ်နေကြတဲ့ သူတို့ကိုသာ ငါက စိတ်ဆိုးရမှာ။ သူမ ကိုယ်တိုင် သူမ အမိန့်ပေးရင်း အတန်းထဲသို့ ရောက်သည်အထိ မျက်နှာတင်းထားလိုက်သည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီး တအောင့်ကြာတော့ အတန်းထဲသို့ မုန်တိုင်း မျက်နှာငယ်ကလေးနှင့် ဝင်လာပါသည်။ သူမကတော့ ၎င်းကို မကြည့်ဘဲ မျက်နှာကို တမင်စူပုပ်ထား လိုက်၏။

(အမှန်တော့ မုန်တိုင်းက သူမထက် တစ်တန်းကြီးသော် လည်း ၎င်းက ဆယ်တန်းကျသဖြင့် သူမနှင့် အတန်းရောအခန်း ပါတူသွားခြင်း ဖြစ်သည်)

သူမက ရှေ့ဆုံးနားမကျတကျမှာထိုင်ပြီး ၎င်းက နောက် ဆုံးခုံမှာ ထိုင်သော်လည်း ထောင့်ဖြတ် အနေအထားမျိုး ဖြစ် သဖြင့် သူမ၏ မျက်နှာတစ်ခြမ်းကို မုန်တိုင်းလှမ်းမြင်ခွင့်ရနေ ပြီး ကြည့်လည်း ကြည့်နေမှာကို သူမ သိသဖြင့် သူမ၏ စူပုပ်ပုပ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအနေအထား လျော့ကျမသွားအောင် အထူးသတိထား နေရပါသည်။

သို့သော် သူမအား အရုပ်လေးတစ်ရုပ်လို သဘောထား ခဲ့သော သူ့ကို တုံ့ပြန်ရန် ဤမျှနှင့် အားမရသဖြင့် နောက်ထပ် နည်းလမ်းသစ်တစ်ခုကို ထပ်မံအသုံးပြုလိုက်သည်။

အခြားမဟုတ်။ သူမအား မကြာခဏ စာလိုက်ပေးဖူး သော၊ မုန်တိုင်းနှင့်လည်း မကြာခဏ ရန်ဖြစ် ထိုးကြိတ်ခဲ့ဖူး သော ဇော်ဝင်းရှိရာ နောက်ဘက်တန်းခုံသို့ သွား၍ မလိုအပ်ဘဲ စာအုပ်တစ်အုပ် ငှားလိုက်ခြင်းဖြစ်သည်။

"ရောင်နီ အင်္ဂလိပ်စာအုပ်မေ့ကျန်ခဲ့လို့ ကိုဇော်ဝင်းဆီ မှာပါရင် ခဏလောက်ငှားပါ"

သူမ၏ အပြုအမူအတွက် မုန်တိုင်း မည်သို့ခံစားရမည် မသိသော်လည်း ဇော်ဝင်းကတော့ တအံ့တဩနှင့် စကားတွေ ပင် ထစ်ငေါ့ကာ ကယောင်ကတမ်းဖြစ်နေပါသည်။

"ဟိုဒင်း . . . အင်း . . အင်္ဂလိပ်စာအုပ်နော် ရတယ် ရတယ်၊ လိုအပ်ရင် ရောင်နီဦး အပိုင်ယူထားလိုက်၊ တို့မှာ အပို တစ်အုပ်ရှိသေးတယ်"

ကဲ . . နင်ဘယ်လို ခံစားရမလဲ မုန်တိုင်း ငါ သိချင်လိုက် တာ။

သူမ သိပ်ကြာကြာ မစောင့်ရပါ။





နေ့လယ် မုန့်စားဆင်း ချိန်၌ သူမ စားပွဲပေါ်သို့ မုန်တိုင်း စာတစ်စောင် လာတင်သွားပါသည်။ စာက သိပ်မရှည်ပါ။

*နင် ငါ့ကိုစကားမပြောတဲ့အတွက်*
*ငါ စိတ်မကောင်းဘူး၊*
*ဇော်ဝင်းနဲ့ စကားသွားပြောတော့*
*ပိုစိတ်မကောင်းဘူး၊*
*မနေ့က ပထမဆုရသွားတာ*
*ငါ မဟုတ်ပါဘူး ရောင်နီ၊*
*နင့်ရဲ့ ကိုမင်းပါ"*

စာက ဒါပဲဖြစ်၏။ ထိုစာပေးသွားပြီး မုန်တိုင်း အတန်း ထဲသို့ ပြန်မလာတော့ပါ။ နေ့တစ်ဝက်နှင့် အိမ်ပြန်သွားပါသည်။

♥

"မနေ့က ကိစ္စနဲ့ပတ်သက်ပြီး. . ရောင်နီ စိတ်ဆိုးနေ သလား"

ဘယ်လိုများ ဖြစ်နေကြပါလိမ့်။ မနက်ကလည်း ထိုသို့ သောစကားမျိုးဖြင့် မုန်တိုင်းက သူမအား တောင်းပန်ခဲ့သည်။

ယခုလည်း သူမ ခြံထဲဆင်းထိုင်နေတုန်း ကိုမင်းရောက် ရှိလာပြီး မုန်တိုင်းပြောခဲ့သော စကားမျိုးဖြင့် စကားစလာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ကေန္တ သူမ စိတ်ဆိုးနေတယ်၊ မင်းသွားတောင်းပန်လိုက်ဦးဟု မုန်တိုင်း တိုက်တွန်းလိုက်တာ ဖြစ်ပါလိမ့်မည်။

သူမ ဘာမှ ပြန်မပြောတော့။ ကိုယ်တောင်းပန်ပါတယ်ဟူသော စကားကို ကိုမင်းဆက်ပြောလာလိမ့်မည်ဟု သူမ မျှော်လင့်ထားခဲ့သော်လည်း သူမ ထင်သလို မဟုတ်ပါ။

"ကိုယ် . . ရောင်နီ့ကို ပြောစရာရှိတယ်"

ဘုရား။ ဒါ. . . ဒါဆို. . သူရည်းစားစကား ပြောတော့မယ်ထင်ပါရဲ့။ သူမ ချက်ချင်းပင် ဖျားချင်သလိုလို ဖြစ်လာပါသည်။ (မနေ့က ပထမဆုရသွားတာ ငါမဟုတ်ပါဘူး ရောင်နီနှင့်ရဲ့ ကိုမင်းပါ) မုန်တိုင်း၏ မလှမပ လက်ရေးနှင့်စာကို သူမ ပြန်လည်သတိရပြီး ကတုန်ကယင် ဖြစ်လာပါသည်။

ထိုအချိန်မှာပင် ကိုမင်း တစ်ခုခုလှမ်းပြောသည်။

သူမ ကယောင်ကတမ်း ဖြစ်နေသဖြင့် ၎င်း၏စကားကို မကြားလိုက်ပါ။

"အဲဒါပဲ ရောင်နီ၊ ကိုယ် ဟိုမှာ တစ်လလောက်ကြာမယ်"

သူမ သတိဝင်လာသော အချိန်ကျမှ ကိုမင်းပြောနေသောစကားတို့က သူမ မျှော်လင့်ထားသော စကားမျိုးမဟုတ်မှန်း အနည်းငယ်ရိပ်စားမိလာ၏။

"ကိုမင်း ဘာပြောလိုက်တာလဲ၊ ဟို . . ရောင်နီ မကြားလိုက်လို့"





"ဩော် . ကိုယ် မနက်ဖြန် မိုးကုတ်သွားမယ့်အကြောင်း ပြောတာပါ။ ဟိုမှာ အဘွားကသိပ်နေမကောင်းဘူးလေ၊ ကိုယ်တို့ကျောင်းကလဲ ပိတ်ထားတော့ မိုးကုတ်မှာ တစ်လလောက် သွားနေမလို့"

မျှော်လင့်ထားသည်နှင့် ဆန့်ကျင်သောစကားကို ကြားလိုက်ရသဖြင့် သူမ တအံ့တဩ ဖြစ်ရပါသည်။

မိုးကုတ်သွားမယ်။

တစ်လကြာမယ်။

ဒါဆို သူ ဘာမှမပြောတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

"ကဲ ကိုယ်ပြန်ဦးမယ် အဝတ်အစားတွေ သိမ်းရဦးမှာမို့လို့"

လှည့်ထွက်သွားသော ကိုမင်း၏ နောက်ကျောကို ကြည့်ရင်း အစော်ကားခံလိုက်ရသူ တစ်ယောက်ပမာ သူမ နာကျင်လာပါသည်။

ကြည့်စမ်း. . သူတို့နှစ်ယောက်စလုံး ငါ့အပေါ် သက်မဲ့ပစ္စည်းတစ်ခုလို သဘောထားနေကြပါလား။

"ကိုမင်း"

သူမ လှမ်းခေါ်သံကြောင့် ကိုမင်း တုံ့ခနဲဖြစ်သွားပြီး သူမကို လှမ်းကြည့်သည်။

သူမ ထိုင်ရာမှထပြီး ၎င်းဆီသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီသိသလောက် မနေ့ကပွဲမှာ ကိုမင်းနိုင်သွားတယ်မဟုတ်လား"

သူ၏မျက်နှာပေါ်၌ အံ့ဩတုန်လှုပ်မှုတို့ လှစ်ခနဲ ဖြတ်ပြေးသွားကြသည်။

ပြီးမှ ဟက်ခနဲ ဟန်လုပ်ရယ်လိုက်ပြီး. .

"မုန်တိုင်း အဲဒီလိုပဲ ပြောလိုက်သလား၊ ဒါဆိုရင်တော့ ဒီကောင် ကိုယ့်ကို ဦးစားပေးလိုက်တာနေမှာပါ"

"ဘယ်လို"

"တကယ် ပထမရတာက မုန်တိုင်းပါ၊ ဒါပေမယ့် သူက အားငယ်နေတယ်၊ ရောင်နီတို့ ကိုယ်တို့လို သူက မချမ်းသာဘူး၊ သူ့ဘဝက နိမ့်ကျတယ်၊ ငွေမရှိဘူး၊ ဂုဏ်မရှိဘူး၊ ဘာမှ မပြည့်စုံဘူး၊ ဒါကြောင့် သူ နောက်ဆုတ်လိုက်တာဖြစ်မယ်၊ ဒါပေမယ့် သူ နောက်ဆုတ်ပေးလဲ ကိုယ်ကတော့ ရှေ့မတိုးချင်ဘူး ရောင်နီ၊ တစ်လပြည့်မှ ကိုယ်ပြန်လာမယ်"

ပြောပြီးသည်နှင့် ကိုမင်း လှည့်ထွက်ရန်ပြင်သည်။ ပြီးမှ ရောင်နီ့ဘက်သို့ ရုတ်တရက်လှည့်ရင်း ပြောလိုက်သည်။

"ဘာတစ်ခုမှမပြည့်စုံတဲ့ မုန်တိုင်းဘဝကို အကုန်လုံးပြည့်စုံလာအောင် လုပ်ပေးနိုင်တဲ့ အရာတစ်ခုရှိတယ်၊ အဲဒါကတော့ ရောင်နီ့ရဲ့အချစ်ပဲ"

ထို့နောက် ကိုမင်း လှည့်ထွက်သွား၏။





ရောင်နီ အံ့ဩတုန် လှုပ်စွာကျန်ခဲ့ရင်း ဘာကိုမျှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။ အားလုံးကို နားလည်နေသူကတော့ သီဟမင်းဒင်သာ ဖြစ်ပါသည်။

▼

နေ့လယ်က နေ့တစ်ဝက်နှင့် ကျောင်းဆက်မတက်တော့ဘဲ မုန်တိုင်း သူ့ဆီသို့ ရောက်လာကာ ရင်ဖွင့်သည်။

"သူ ငါ့ကို စကားမပြောဘူး သီဟ"

"စိတ်ဆိုးနေလို့ ဖြစ်မှာပေါ့"

"ငါ တောင်းပန်နေတာလဲ နားမထောင်ဘူး၊ ဒီကြားထဲ ငါ လုံးဝကြည့်မရတဲ့ ဇော်ဝင်းနဲ့ ရယ်ရယ်မောမော စကားသွားပြောတယ်"

"ငါတို့ဘက်ကလဲ လွန်ထားတာကိုး၊ အဲဒီတော့ သူကလဲ မင်းစိတ်ဆိုးအောင် ပြန်ရိတာ ဖြစ်မှာပေါ့"

"ငါစိတ်မဆိုးဘူး သီဟ စိတ်မကောင်းတာ၊ အဲလိုမျိုး သူ ရိတာကို ခံနိုင်ရည်မရှိဘူး၊ ငါ ကျောင်းထွက်တော့မယ်ကွာ"

"ဘာပြောတယ် မုန်တိုင်း"

"ကျောင်းထွက်မယ်လို့ပြောတာ ကျောင်းဆက်တက်ရင် သူ့ကိုတွေ့တိုင်း စိတ်ဆင်းရဲနေရလိမ့်မယ်၊ အဲဒီတော့ ကျောင်းထွက်ပြီး မြစ်ကြီးနားမှာ ကျောက်သွားတူးမယ်၊ အခြေအနေကောင်းရင် အမေ့ကိုပါ ဟိုကို လှမ်းခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ရောင်နီနှင့်ပတ်သက်သည့် မုန်တိုင်း၏ရူးသွပ်မှုက သူ့ ထက်ပင် ပိုဆိုးနေပါလားဟု သူတွေးလိုက်မိသည်။

"ကျောင်းထွက်ရင် မင်းဘယ်လိုလုပ်ပြီး ပညာတတ်တစ် ယောက်ဖြစ်နိုင်တော့မလဲ မုန်တိုင်း"

"ဆက်တက်လဲ မထူးနိုင်ပါဘူးကွာ၊ ပညာရေးနဲ့ ငါနဲ့က ဘဲဥနဲ့ ဖရဲသီးလို သိပ်ပြီး အပ်စပ်တာမှ မဟုတ်တာ၊ စာတစ်ပုဒ် ကျက်ရတာ ဘောလုံးတစ်ပွဲကန်ရသလောက် ပင်ပန်းတာ မင်း အသိပဲ"

"ဒါနဲ့ မင်း ရောင်နီ့ကို ချစ်တယ်ဆို"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့. . . ရောင်နီ့ကို ချစ်ရင် ပညာတတ်တစ် ယောက် ဖြစ်အောင် ကြိုးစားရမယ်၊ ဒါမှ မင်း သူ့ကို တင့်တောင့် တင့်တယ်ထားနိုင်မှာပေါ့"

သူ့ စကားဆုံးတော့ . . .

မုန်တိုင်း မရယ်ချင်ရယ်ချင်ဟန်နှင့် ခြောက်ကပ်စွာရယ် မောလိုက်ပါသည်။

"အပိုတွေပြောမနေစမ်းပါနဲ့ သီဟရာ ရောင်နီ့ကို ပထမ ဆုံးရည်းစားစကားပြောခွင့်ရထားတာ မင်းပဲ၊ မင်းသာ ဖွင့်ပြော ရင် သူကလဲ လက်ခံမှာပဲ"

"ဘာဖြစ်လို့ မင်း အဲ့လိုပြောနိုင်တာလဲ"





"ဘာလို့လဲဆိုတော့ ရောင်နီနဲ့ အနေနီးတဲ့ ယောကျ်ား လေးဆိုလို့ မင်းနဲ့ငါနှစ်ယောက်တည်းရှိတယ်၊ ဒီတော့ အရင်ဖွင့် ပြောခွင့်ရတဲ့လူက အခွင့်အရေး ပိုရမယ်၊ ဒါ ပေဒင်မေးနေစရာ တောင်မလိုဘူး"

"ဒါဖြင့် မင်း ရောင်နီ့ကို အရင်ဖွင့်ပြောခွင့်ရမယ် ဆိုပါ တော့. . အဲဒါဆိုရင်ကော မင်း ကျောင်းထွက်မှာပဲလား"

"ဟာ. . အဲဒါဆိုရင်တော့ ဘယ်ထွက်လို့ ဖြစ်မလဲ"

ယင်းသို့ဆိုလျှင်တော့ မုန်တိုင်း ကျောင်းမထွက်ဖြစ်စေ ရန်လုပ်ဖို့ တစ်နည်းသာရှိပါတော့သည်။

ထိုနည်းကတော့. . .

မုန်တိုင်းကို ဦးစွာအခွင့်အရေးပေးလိုက်ဖို့ပဲ ဖြစ်သည်။ အနည်းငယ်နှမြောမိသော်လည်း ထိုအခွင့်အရေးကို မုန်တိုင်း အောင်မြင်စွာ အသုံးချနိုင်ချင်မှချနိုင်မှာပါဟု ပြန်လည်ဖြေသိမ့် လိုက်၏။

အကယ်၍ မုန်တိုင်း အောင်မြင်သွားလျှင်လည်း ဘဝ တစ်ခုမပျက်ဖို့အတွက် နှလုံးသားတစ်ခု အပျက်စီးခံပေးလိုက် ရသည့်သဘောပဲ ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် . . .

အဘွားနေမကောင်းသောကြောင့် မိုးကုတ် သွားရမည် ဟူသော ဇာတ်လမ်းကို လက်တန်းဖန်တီးဖြစ်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မိုးကုတ်က ပြန်လာမှ မင်း ရောင်နီ့ကို ဖွင့်ပြောတော့မယ်ပေါ့"

"အခြေအနေအရ အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

မုန်တိုင်း ရှီးခနဲ လေတစ်ချက် ချွန်လိုက်သည်။

"ဒါဆို မင်းခရီးသွားနေတဲ့ အတောအတွင်းမှာ ငါ ရောင်နီ့ကို ဖွင့်ပြောရလိမ့်မယ် သီဟ၊ အဲဒီလောက်ရက်တွေ ငါအဆုံးအရှုံးမခံနိုင်ဘူး"

"ဒါကတော့ မင်းသဘောပဲလေ"

"ကောင်းပြီလေ တော်ကြာပြန်လာမှ မင်းငါ့ကို မနာလိုမဖြစ်နဲ့"

သူ ပေါ့ပေါ့ပါးပါးရယ်သံမျိုးနှင့်ဟန်လုပ်ရယ်လိုက်သည်။

"မင်းသာ အခြေအနေကောင်းအောင် ကြိုးစားစမ်းပါ မုန်တိုင်းရာ"

သို့သော် မုန်တိုင်း အခြေအနေ ကောင်းလိမ့်မည်ဖြစ်ကြောင်း သူစိတ်ထဲမှ အလိုလိုသိနေသည်။

♥♥♥

(၄)

အိမ်ရှေ့ဆီမှ "မုန်တိုင်းရေ" . . ဟူသော ခေါ်သံကြားကတည်းက သူ၏အကွက်ဆင်မှု အောင်မြင်သွားပြီဖြစ်ကြောင်း မုန်တိုင်း အလိုလိုသိလိုက်သည်။

တကယ်တော့ အကွက်ဆင်မှု ပိပိရိရိနှင့် စနစ်တကျဖြစ်စေရန်ကူညီပေးခဲ့သူမှာ ကံတရားသာလျှင် ဖြစ်သည်။

သူ နေ့တစ်ဝက်နှင့် ကျောင်းဆက်မတက်ဘဲ သီဟထံသို့သွားရင် ဖွင့်ခဲ့သောနေ့၊ တစ်နည်းအားဖြင့် သီဟ မိုးကုတ်သွားရမည့်အကြောင်း သူ့အားပြောလိုက်သောနေ့ ညပိုင်း၌ ဇော်ဝင်းတို့အုပ်စုနှင့် လမ်းထိပ်လက်ဖက်ရည်ဆိုင်၌ ဆုံဖြစ်ခဲ့၏။

၎င်းတို့က လေးယောက်ဖြစ်ပြီး သူက တစ်ယောက်တည်းဖြစ်သော်လည်း သူ မမှုပါ။

၎င်းတို့ ဝိုင်းသို့ ခပ်တည်တည်နှင့်သွားပြီး နောက်နောင်ရောင်နီနှင့် စကားမပြောရန် ဇော်ဝင်းအား သူရာဇသံပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ရန်ပွဲတစ်ခုကို အစအပျိုးလိုက်ခြင်းသာ ဖြစ်ပါသည်။ ၎င်းတို့က လေးယောက်ဖြစ်သော်လည်း ပွဲမတိုးဖူးသူ နှစ်ယောက်လောက်ပါနေသဖြင့် ထိုရန်ပွဲကို သူ လှပအောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပါသည်။

ဇော်ဝင်းက နှုတ်ခမ်းကွဲသွားပြီး သူကတော့ ဇော်ဝင်း၏ သွားတို့ကို တည့်တည့်ထိုးမိသောကြောင့် ညာဘက်လက်ဆစ်များ နည်းနည်းနာသွားပါသည်။ ထိုရန်ပွဲ၌ လက်အနည်းငယ်နာရုံမှလွဲ၍ ဘာမှ မဖြစ်ခဲ့သော်လည်း နောက်တစ်နေ့ မနက်ဝေလီဝေလင်း ရေထထမ်းချိန်မှာတော့ ချော်လဲပြီး အုတ်ခုံနှင့်ဆောင့်ကာခေါင်းပေါက်သွားသဖြင့် ပတ်တီးဖြူဖြူလေး စည်းလိုက်ရပါသည်။

ကျောင်းသွားချိန်နီးတော့ ကျောင်းတက်ချင်စိတ် မရှိသည်နှင့် ခွင့်တိုင်စာရေးပြီး တစ်ရပ်ကွက်တည်းနေ အတန်းတူ သူငယ်ချင်းသန်းရွှေကို သွားပေးလိုက်၏။

(တကယ်တော့ ရောင်နီ့ကို သုံးလေးရက်လောက် ရှောင်နေချင်တာလည်း ပါပါသည်)

"သန်းရွှေ . . ဟောဒီခွင့်စာ ဆရာမကို ပေးပေးစမ်းပါ"

"ရပါတယ်၊ ဒါနဲ့ညက မင်း ဇော်ဝင်းတို့နဲ့ ရန်ဖြစ်လို့ဆို"

"ဒီကောင်တွေ . . လက်သီးကောင်းကောင်း မထိုးတတ်သေးလို့ ထိုးတတ်အောင် သင်ပေးလိုက်တာပါ"



သန်းရွှေက သူ့ခေါင်းမှ ပတ်တီးဖြူဖြူကို တစ်ချက်ကြည့်သည်။

ထို့နောက် နာရီအနည်းငယ်အကြာမှာတော့ ရောင်နီ့ကိစ္စနှင့်ပတ်သက်ပြီး ဇော်ဝင်းတို့ ချောင်းရိုက်လို့ မုန်တိုင်း ခေါင်းကွဲသွားတယ်ဟူသော သတင်းကို သန်းရွှေ ဖြန့်ချိလိုက်သည်မှာ ကျောင်းစောင့်ကြီးပါမကျန်သိကုန်သည်ထိ ပျံ့နှံ့သွားလေသည်။

ဒီကြားထဲ နှုတ်ခမ်းကွဲသော ဒဏ်ရာနှင့် ဇော်ဝင်း ဝင်ရောက်ပန်ယူလိုက်ပုံက "နှစ်ပတ်လည် ပျဉ်းကတိုးနဲ့ရိုက်တာ မကွဲခံနိုင်မလား" . . တဲ့။

(နောက်မှ သူ ပြန်သိရခြင်း ဖြစ်သော်လည်း သိသိချင်းမှာပင် သန်းရွှေကိုရော ဇော်ဝင်းကိုပါ သူ အလွန်ကျေးဇူးတင်သွားပါသည်)

မောင်မင်းကြီးသားများ ကျန်းမာကြပါစေ။

ထိုနှစ်ယောက်၏ ကောင်းမှုကြောင့် နောက်နှစ်ရက်မှာပင် "မုန်တိုင်းရေ" ဟူသော အသံချိုချိုလေးက သူ့အိမ်ရှေ့သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

"ရောင်နီလား တက်ခဲ့လေ၊ ဖြည်းဖြည်းတက်နော် ဝါးလှေကားတွေက ညတ်တော့ ချော်လဲနေဦးမယ်"

သူမ အိမ်ပေါ်ရောက်သည်နှင့် မှုန်မှိုင်းမှိုင်း အိမ်လေးအတွင်း ချက်ချင်းဆိုသလို နေသာသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတောက်တောက်ကလေးများက သူ၏ဦးခေါင်း မှပတ်တီးကို ကြည့်ပြီး နှုတ်ခမ်းရဲရဲလေးများကတော့ စကားသံ ချိုချိုလေးများကို ဖြစ်စေပါသည်။

"ခေါင်းက ဘယ်နှချက် ချုပ်ရသလဲ"

"ခြောက်ချက် ချုပ်ရတယ်"

"ဟယ်. . ခြောက်ချက်တောင်"

အမှန်တော့ ခေါင်းပေါက်သည့် ဒဏ်ရာက တစ်ချက်မှ မချုပ်ရသည့်အပြင် အနာကျက်လုနီးပါးပင် ဖြစ်နေသော်လည်း သူ ခပ်တည်တည်လိမ့်လိုက်သည်။

"တော်တော်နာမှာပဲနော်"

"သိပ်နာတာပေါ့၊ ရင်ဘတ်ထဲက ပိုဆိုးတယ်"

"ရင်ဘတ်ကော ထိသွားသလား"

"အတွင်းဘက်မှာပါ၊ သူကတော့ ချုပ်လို့မရဘူး ခုထိ ကွဲနေတုန်းပဲ"

မျက်စောင်းလှလှလေးတစ်ခု ဒိုင်းခနဲ ရောက်လာတော့ သူ ပျော်သွားပါသည်။

"မုန့်တိုင်းနော် ငါ နင့်ခေါင်းက ဒဏ်ရာကို လာမေးတာ"

"ငါကလဲ အဲဒီ ဒဏ်ရာရတဲ့ အကြောင်းကိုပဲ ပြောပြ နေတာ"

"တော်စမ်းပါ. . စကားအကောင်းပြောစမ်း"



"စိတ်ချ နင့်ကိုပြောဖို့ အကောင်းဆုံးစကား ငါ့မှာရှိပြီး သား၊ တခြားတော့ မဟုတ်ဘူး ငါ နင့်ကိုချစ်တယ်"

သူမ၏မျက်ခုံးတန်းလေးများ အနည်းငယ်ကျုံ့သွား၏။

"နင်တို့အိမ်မှာ ဓားထက်ထက်မရှိဘူးလား"

"ရှိသားပဲ ဘာလုပ်မလို့လဲ"

"ရှိရင် အဲဒီဓားနဲ့ နင့်ကိုယ်နင်ထိုးသတ်ပြီး သေလိုက်"

"နင် မျက်ရည်မကျဘူးဆိုရင် ငါလုပ်ရဲပါတယ်"

သူ ထိုင်ရာမှထပြီး ဝါးထရံ၌ ထိုးထားသော ဓားမြှောင် ကို ဆွဲယူလိုက်သည်။

ထို့နောက် သူမကို ခပ်တည်တည်ကြည့်ပြီး မေးလိုက် သည်။

"ကဲ. . ပြော. . ဘယ်နေရာကို ထိုးရမလဲ"

"ဘယ်နေရာလဲဆိုတော့. . . ဟာ. . မုန့်တိုင်း"

သူမ အလန့်တကြားထအော်၍ သူ့နားသို့ ရောက်လာ ကာ လက်ထဲမှ ဓားကိုယူပြီး လွှင့်ပစ်လိုက်သည်။

"နင်အရူးပဲ သိလားမုန့်တိုင်း၊ နင် တကယ်ရူးနေပြီ"

"ငါရူးနေတာ နင်ခုမှသိလား ရောင်နီ နင်နဲ့ စတွေ့ပြီးက တည်းက ငါရူးနေခဲ့တာပါဟာ"

သူမ မျက်ရည်ဝဲစပြုလာရာမှ အရူးဟု တတွတ်တွတ်ရေ ရွတ်ရင်း ငိုပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမအား ဆွဲဆောင်ရန် အသုံးပြုရသည့် နည်းဗျူဟာ ားကဲ၌ ယခုနည်းမှာ. . သူ့အတွက် အနာကျင်ဆုံးဖြစ်သော် ည်း အလွန်ထိရောက်လှပါသည်။ အကြောင်းကတော့ သူမ၏ ိုယ်လုံးလေး သူ့ရင်ခွင်ထဲသို့ ပြုဆင်းလာပြီး သူ့ရင်ဘတ်အား မျက်နှာအပ်ကာ တရှုံ့ရှုံ့ငိုရှိုက်လျက်. . .

"မုန်တိုင်းရယ် . . ငါလေ. . . ငါ နင့်ကို ချစ်ပါတယ်"

ဟု ဗလုံးဗထွေးနှင့်အဖြေပေးလာခြင်းကြောင့် ဖြစ်သည်။

♥♥♥

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဘယ်လိုလဲ ဆရာဝန်လောင်းကြီး၊ မင်းညီမက မင်းကို ချောဆွဲဖို့ လှမ်းခေါ်လိုက်ပြန်ပြီနဲ့တူတယ် ဟုတ်လား"

ဆက်တီ၌ သူ ဝင်ထိုင်လိုက်ချိန်မှာပင် ရောင်နီ့အမေ ဒေါ်နွယ်ဦးက လှမ်းမေးသည်။

"အစစ်ပေါ့ လှော်ကားဥယျာဉ်သွားချင်တယ် လိုက်ပို့ပေးပါဆိုပြီး ဖုန်းဆက်ဂျီကျနေလို့ အန်တီရေ"

"သူ့ဦးလေးငယ် ပြန်မလာမချင်း သားတော့ ရောင်လေးနဲ့ ဆိုးဆိုးတာခံနေရဦးမှာပဲ၊ သိပ်လဲအလိုမလိုက်နဲ့ဟော့ ဒီကောင်မလေးက အလိုလိုက်မှန်းသိရင် သိပ်ရောင့်တက်ချင်တာ"

ထိုအချိန်မှာပင် အပေါ်ထပ်မှ အပြေးဆင်းလာသော ရောင်နီက လှမ်းပြောပါသည်။

"မာမီနော် ဘာလို့ ရောင်လေး အတင်းတွေ လျှောက်ပြောနေရတာလဲ၊ ကိုမင်းကိုပဲ အပူကပ်ရတာပေါ့ မဟုတ်ဘူးလား . . ကိုမင်း"





သူ ပြုံးလျက် အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌ ပထမနှစ် ကျောင်းသူအဖြစ် စတင်တက်ရောက်နေပြီးဖြစ်သော ရောင်နီ၏အလှတွေက အထက်တန်းကျောင်းသူ ဘဝတုန်းကနှင့် ဘာမှမဆိုင်တော့ပါ။

ထုံးစံအတိုင်း ရယ်ဒီမိတ် ခပ်ပွပွ အဝတ်အစားတို့ကို ဝတ်ဆင်ထားသော်လည်း ထိုအဝတ်အစားတို့က သူမ၏ ခန္ဓာကိုယ်အလှကို ဖုံးကွယ်မထားနိုင်ကြပါ။

သီဟ သက်ပြင်းတစ်ချက်ချရင်း အကြည့်လွှဲလိုက်ချိန်၌ သူမ သူ့အား လှမ်းပြောလိုက်သည်။

"ကဲ, ကိုမင်းထလေ သွားကြမယ်၊ မာမီ ရောင်လေးတို့ အပြန်နောက်ကျရင် စိတ်မပူနဲ့နော်"

"မပူပါဘူးတော်၊ စိတ်ချလက်ချသာ သွားတော်မူပါ"

သူနှင့်သူမ ထွက်လာတော့ ဒေါ်နွယ်နီဦးက သူတို့ နှစ်ယောက်ကို လှမ်းကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေဦးမည်ဖြစ်ကြောင်း သူမ အလိုလို သိနေပါသည်။ တစ်ခါက ဒေါ်နွယ်နီဦး၏ဒရိုင်ဘာက သူ့အားပြောဖူး၏။

"အဘွားကြီးကတော့ မင်းတို့နှစ်ယောက်ကို ကျိတ်ပြီး သဘောတူနေပြီ ကိုယ့်လူ၊ မင်းနဲ့ ရောင်နီက ရှေ့သွားနောက်လိုက်သိပ်ညီတာပဲတဲ့၊ အဲဒီတော့ မင်းဘက်က အစွမ်းအစပဲ ကျန်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက မျက်နှာပူနွေးစွာ "ဟာ. . ဦးလေးကလဲ" ဟု သူရှက်လန့်တကြား ရေရွတ်တော့ အဘိုးကြီးက တဟားဟား ရယ်ရင်း . . .

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းတို့ တစ်ပတ်တစ်ခါ ချိန်းချိန်းပြီး တွေ့နေကြတာ ငါမသိဘူးများ ထင်နေသလား" ဟုပြန်ပြောလေသည်။

သူနှင့်သူမ ချစ်သူများဖြစ်နေကြပြီဟု ( သူ မုန်တိုင်းနှင့် သူမမှလွဲ၍) အားလုံးက ထင်နေကြပါသည်။ မိမိ၏ချစ်သူ မဟုတ်သော မိန်းကလေးနှင့်အတူ. . ချစ်သူသဖွယ် တစ်ပတ်တစ်ခါ အတူတွဲ၍ အပြင်ထွက်လည်ပတ်နေခြင်းကိုက ထိုသို့ ထင်မြင်စေရန် ပို၍မိုတွန်းအားပေးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ၚင်းတို့ထင်သည့်အတိုင်းသာ အမှန်တကယ်ဖြစ်နေမည် ဆိုလျှင်တော့ ဤကမ္ဘာပေါ်၌ သူ့လောက် ပျော်ရွှင်မည့်သူ ရှိလိမ့်မည်မထင်ပါ။

"တဲ. . ဒီနေ့ ဘယ်သွားကြမလဲ"

ကားပေါ်ရောက်သည်နှင့် သူမအား သူ လှမ်းမေးလိုက်သည်။ သူမတို့အတွက် တစ်ပတ်တစ်ခါ သွားတတ်သည့်နေရာ သိပ်များများစားစား မရှိပါ။

ကျိုက္ကလို၊ ကျိုက္ကလှဲ၊ လှော်ကား ဥယျာဉ်၊ သာမုကန်၊ ဒါမှမဟုတ် လှည်းကူးမှ သံပရာခြံ။





"သံပရာခြံ သွားမယ်"

သူထင်ထားသည့်အတိုင်းပါပဲ။ ဘာပဲဖြစ်ဖြစ် သံပရာခြံသွားခြင်းက သူ့အတွက် အခြားနေရာများ သွားခြင်းထက် ပို၍အဆင်ပြေပါသည်။ အကြောင်းက ထိုသံပရာခြံနှင့်မနီးမဝေး၌ ၚင်း၏ဆေးကျောင်းမှ အတန်းတူသူငယ်ချင်း ချိုလင်းရှိသဖြင့် ၚင်းထံသို့သွား၍ အချိန်ဖြုန်းနိုင်သည်။

တစ်နည်းအားဖြင့် ဆိုလျှင်တော့ ထုံးစံအတိုင်း ရောင်နီနှင့်ပတ်သက်သည့် ခံစားချက်တို့ကို ရင်ဖွင့်နိုင်ပါသည်။

"မုန်တိုင်းကို ဘယ်မှာဝင်ခေါ်ရမှာလဲ"

"ဟင့်အင်း. . ခေါ်စရာမလိုဘူး၊ သူ ဟိုကပဲ စောင့်နေလိမ့်မယ်၊ ဟိုတစ်ခါတုန်းက ကိုမင်းကားပေါ်မှာ ရောင်နီနဲ့အတူ မုန်တိုင်းပါလာတာ အိမ်ကသိသွားတယ်၊ ဘယ်က ကောင်လေးလဲ၊ ဘာညာနဲ့ အတင်းမေးနေလို့ ကိုမင်းတို့ ဆေးကျောင်းက သူငယ်ချင်းပါ ကားကြုံလိုက်စီးတာလို့ ညာလိုက်ရသေးတယ်"

သူ သက်ပြင်းတစ်ချက်ချရင်း ဂီယာချိန်းရန် ပြင်လိုက်ပြီးမှ ကားဂီယာကုန်နေပြီဖြစ်ကြောင်း သတိရမိသဖြင့် နင်းလက်စကလပ်ကို အသာ ပြန်လွှတ်လိုက်ရသည်။

"အဲဒါပဲ ချိုလင်း ငါ့အဖြစ်က နာမည်ကြီးပြီး ထမင်းငတ်နေတာ၊ သူ့အိမ်ကရော ငါ့အိမ်ကပါ သူနဲ့ ငါနဲ့ ဖြစ်နေပြီလို့ ထင်နေကြတယ်၊ ဒါပေမယ့် သူရောငါပါ မဟုတ်ပါဘူးလို့ မငြင်း

www.burmeseclassic.com



ရဲဘူး၊ ချော်လဲရောထိုင်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခု လိုမျိုး တစ်ပတ်တစ်ခါ မုန်တိုင်းနဲ့ ချိန်းတွေ့ခွင့်လေး မရတော့ မှာစိုးလို့"

ရောင်နီနှင့် မုန်တိုင်းတို့ ချစ်စကား ကြိုက်စကားများ တီတီတာတာနှင့် ပြောနေမည့် အချိန်လောက်၌ သီဟကတော့ ရောင်နီနှင့်ပတ်သက်သည့် သူ့ခံစားချက်တို့ကိုရင်ဖွင့်နေမိသည်။

"မုန်တိုင်းဆိုတာ ဟိုတစ်ခါ မင်းနဲ့ငါ မြို့ထဲက အအေး ဆိုင်မှာ ဆုံဖူးတဲ့ပုဂ္ဂိုလ် မဟုတ်လား"

ချိုလင်းအမေးကို သူ ခေါင်းညိတ်ပြလိုက်သည်။

"ရောင်နီ့အမေက မုန်တိုင်းနဲ့ သူ့သမီးကို လုံးဝ သဘော မတူနိုင်ဘူးလား"

"မတူနိုင်ဘူး ချိုလင်း. . သဘောတူဖို့မပြောနဲ့ သာမန် သူငယ်ချင်းအနေမျိုးနဲ့ ခင်မင်နေကြပါတယ်လို့ တစ်ယောက် ယောက်က သွားပြောလိုက်ရင်တောင် မိုးမီးလောင်သွားနိုင် တယ်၊ မုန်တိုင်းလို လူတစ်ယောက်နဲ့ သူ့သမီးကို သူငယ်ချင်း အနေမျိုး ခင်မင်ခွင့်တောင် ပေးမှာမဟုတ်ဘူး၊ မုန်တိုင်းက ဆင်းရဲရတဲ့ကြားထဲ ဆယ်တန်းတောင် မအောင်တော့ ပိုဆိုးတာ ပေါ့၊ ဒီကြားထဲ ရန်ကလဲ ခဏခဏဖြစ်သေးတယ်"

"ဒါဆိုရင်တော့ ရှေ့လျှောက် ဖြစ်လာနိုင်စရာ နှစ်ခုပဲရှိ တော့တာပေါ့"





ချိုလင်း၏စကားကို သူ စိတ်ဝင်စားသွားပါသည်။

"ဘာတွေလဲ ချိုလင်း"

"တစ်ခုက လူကြီးတွေ မခွဲခင် ရောင်နီနဲ့ မုန်တိုင်း ခိုး ပြေးတာ၊ နောက်တစ်ခုကတော့ နှစ်ဖက်လူကြီးတွေ အတင်း အကျပ်စီစဉ်လို့ မင်းနဲ့ရောင်နီနဲ့ လက်ထပ်လိုက်တာ"

ချိုလင်း၏ထင်မြင်ချက်အပေါ် သူရယ်မောတုံ့ပြန်လိုက် မိသည်။

"ပထမတစ်ခုကတော့. . သေချာပေါက်ဖြစ်နိုင်တယ် ချိုလင်း၊ ဒါပေမယ့် ဒုတိယအချက်က ဘယ်လိုမှ ဖြစ်လာနိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေ ဘယ်လောက်ပဲ ဖိအားပေးပေး၊ ရောင်နီ ငါ့ကိုယူမှာ မဟုတ်ဘူး၊ ငါကလဲ ရောင်နီ့ ဆန္ဒမပါဘဲ သူ့ကို ဘယ်တော့မှ ယူမှာမဟုတ်ဘူး၊ အဲဒါထက်ပိုပြီး အမိကကျတဲ့အချက်ကတော့ ငါ မုန်တိုင်းအပေါ် သစ္စာမဖောက် နိုင်တဲ့အချက်ပဲ ချိုလင်း၊ သူ ဘယ်လောက်ပဲ ဆင်းရဲနိမ့်ကျပါစေ သူ့အပေါ်မှာ ငါ သူငယ်ချင်းကောင်း ပီသချင်တယ်"

အမှန်တကယ်ပင် သူ မုန်တိုင်းအပေါ် သူငယ်ချင်း ကောင်း ပီသခဲ့ပါသည်။

♥

တစ်လကြာမည်ဟု တမင်ပြောခဲ့သော်လည်း မိုးကုတ်သို့ သွားခဲ့သည်ဟုဆိုရုံမျှသာ သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . တစ်ပတ်လောက်နှင့် ရန်ကုန်သို့ သူပြန်လာခဲ့၏။

ရောက်ရောက်ချင်း အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ သူပြန်ရောက်နေကြောင်း ရောင်နီနှင့် မုန်တိုင်းတို့အား အသိပေးသင့် မပေးသင့် ချီတုံချတုံဖြစ်စွာ သူ အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့ရပါသည်။ နောက်ဆုံးတော့ ရောင်နီနှင့်မတွေ့သေးဘဲ မုန်တိုင်းနှင့်သာ သွားတွေ့ရန် ဆုံးဖြတ်ပြီး မုန်တိုင်းဆီသို့ သူ ထွက်လာခဲ့၏။

မုန်တိုင်းနှင့် တွေ့တော့ သူများစွာ တအံ့တသြဖြစ်ရပါသည်။ ရန်ပွဲတိုင်း ဘယ်တော့မှ ကြီးကြီးကျယ်ကျယ် ဒဏ်ရာအနာတရ မရခဲ့ဖူးသော မုန်တိုင်းအား ပတ်တီးများနှင့် တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

"ဒီဒဏ်ရာတွေ မင်းကို ဘယ်သူ လက်ဆောင်ပေးသွားတာလဲ"

"ခေါင်းက ရေထမ်းရင်းချော်လဲပြီး ခေါင်းပေါက်သွားတာ၊ ခုအနာကျက်သွားပါပြီ၊ လက်ကဒဏ်ရာကတော့ မင်းပြောသလို လက်ဆောင်ပေးခံလိုက်ရတာ"

သူ တအံ့တသြရေရွတ်ရင်း မုန်တိုင်းကိုကြည့်တော့ ၎င်း၏မျက်နှာက တည်တည်ငြိမ်ငြိမ်ပင်။ မုန်တိုင်း မရှုံးလျှင်တော့ ရောင်နီကိုယ်တိုင် ရှုံးနေတာ ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် အ ြခြအနေကို သူခန့်မှန်းမိလိုက်ပြီး မုန်တိုင်းကိုမေးလိုက်သည်။





"ဒါဖြင့် မင်းကိုရောင်နီငြင်းလိုက်ပြီပေါ့၊ ငါစိတ်မကောင်းပါဘူး"

"တကယ် စိတ်မကောင်းဖြစ်ရမယ့်သူက မင်း မဟုတ်ဘူးသီဟ၊ ငါပါ. . ငါ မင်းအတွက် စိတ်မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ"

သူ တအံ့တသြမေးလိုက်တော့ မုန်တိုင်း တစ်လုံးချင်း အဖြေပေးပါသည်။

"ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနေ့ပဲ ရောင်နီ ငါ့အချစ်ကို လက်ခံလိုက်တယ်လေ"

ကမ္ဘာကြီးလည်သွားသလို သူ ခံစားလိုက်ရ၏။ သို့သော် ချက်ချင်းပင် သူက ကမန်းကတန်း ဣန္ဒြေဆည်လိုက်ပြီး ၎င်းထံသို့ သူ၏လက်ကို ကမ်းပေးလိုက်သည်။

"ကွန်ကရက် ကျူလေးရှင်း"

မုန်တိုင်းက အသာအယာပင် သူ့လက်ကို ပြန်လည်ဆွဲယူကာ နှုတ်ဆက်ရင်းမေးသည်။

"မင်း. . ငါ့ကို စိတ်မဆိုးပါဘူးနော် သီဟ"

"ဟာ,ဘာဆိုင်လို့ဆိုးရမှာလဲ၊ ငါမင်းအတွက် ဝမ်းတောင်သာသေးတယ်၊ ပြီးတော့ တစ်ဆက်တည်း ပြောလိုက်ရဦးမယ်၊ ငါရောင်နီ့ကို စိတ်ဝင်စားတယ်ဆိုပေမယ့် ဒီလောက်ကြီးမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရောင်နီ့ထက်ပိုပြီး စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို ငါတို့ကျောင်းမှာတွေ့ထားပြီးသား၊ ဒါပေမယ့် ဒီအကြောင်းတွေ ရောင်နီ့ကိုတော့ပြန်မပြောနဲ့ပေါ့ကွာ”

သူ ညာလိုက်ပါသည်။ သို့သော် လိမ်ညာရာ၌ ဘယ်တုံးကမှ ပိရိလေ့မရှိသော သူ၏လိမ်ညာမှုကို မုန်တိုင်း ရိပ်မိနေမည်ဖြစ်ကြောင်းကိုလည်း စိတ်ထဲမှ အလိုလိုသိနေ၏။

သည့်နောက်ပိုင်းမှာတော့ ရောင်နီ့နှင့်ပတ်သက်သည့် သူ၏ခံစားမှုတို့အား ကျောင်းစာများနှင့် ဖုံးလွှမ်းပစ်လိုက်သည်။

ထိုနှစ်ဆယ်တန်းစာမေးပွဲဖြေပြီးချိန်မှာတော့ ရောင်နီက အောင်မြင်ပြီး မုန်တိုင်းကဒုတိယအကြိမ်မြောက် ထပ်မံကျရှုံးပြီး အပြင်ဖြေဖြစ်သွားရသည်။ အထက်တန်းကျောင်းတုန်းကသာ ရောင်နီနှင့်မုန်တိုင်းတို့ နေ့စဉ်တွေ့ခွင့်ရသော်လည်း ရောင်နီ တက္ကသိုလ်ကျောင်းသူဖြစ်သွားချိန်မှာတော့ နေ့စဉ် တွေ့ခွင့်မရတော့ပါ။

ထို့ပြင် တက္ကသိုလ်ကျောင်းသူဖြစ်နေပြီဖြစ်သော ရောင်နီဦးအား ၎င်း၏အမေက ကားဖြင့်နေ့စဉ် အပို့အကြို လုပ်စေသဖြင့် မုန်တိုင်းအတွက် ရောင်နီနှင့်တွေ့ခွင့် ပိုမိုနည်းပါးသွားခဲ့၏။

ထိုအခါ ၎င်းတို့နှစ်ဦး တွေ့ဆုံခွင့်ရဖို့ ဖန်တီးပေးနိုင်သည့် တစ်ဦးတည်းသောသူမှာ သူသာ ဖြစ်လာတော့သည်။





“အားတော့နာတယ် သီဟရာ. . ဒါပေမယ့် ရောင်နီနဲ့ အရမ်းတွေ့ချင်တယ်၊အေးအေးဆေးဆေးတွေ့ပြီး စကားမပြောရတာလဲကြာပြီ”

“အဲဒီတော့ ငါ ဘာလုပ်ပေးရမှာလဲ”

“မနက်ဖြန်ရောင်နီ ပိုလ်ချုပ်ဈေးသွားလိမ့်မယ်၊ သူဖာသာကားမောင်းသွားမှာဆိုပေမယ့် သူတစ်ယောက်တည်းဆိုရင်တော့ သူ့အိမ်က လွှတ်မှာမဟုတ်ဘူး၊ အဲဒီတော့. . .”

“ငါနားလည်ပြီ မုန်တိုင်း၊ မနက်ဆယ်နာရီလောက် မင်းနဲ့ ငါ ထိုင်နေကျ အအေးဆိုင်က စောင့်၊ ရောင်နီနဲ့ငါ မင်းကို ဝင်ခေါ်မယ်”

ဤသို့ဖြင့် အလွန်ကုသိုလ်ရသော်လည်း အလွန်စိတ်ပင်ပန်းကြေကွဲဖွယ်ကောင်းသောအကူအညီကို သူပေးဖြစ်ခဲ့သည်။

နောက်ပိုင်းမှာတော့ ရောင်နီအား မကြာခဏ အိမ်ထဲမှ ခေါ်ထုတ်ပေးရသော ကိစ္စမှာ အစဉ်အလာလို ဖြစ်လာလေတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဘဝတစ်လျှောက်လုံး ပင်ပန်းကြီးစွာရုန်းကန်ရင်း မှောင်မည်းသော အနာဂတ်ဆီသို့ စမ်းတဝါးဝါးလျှောက်လှမ်းနေခဲ့ရသော မုန့်တိုင်းအတွက် ရောင်နီနှင့်ချစ်သူ ဖြစ်ခဲ့ရခြင်းမှာ ရှားရှားပါးပါး ကံကောင်းမှုတစ်ခုဖြစ်သလို၊ သူ့ဘဝအတွက် နေရောင်ခြည်များ လင်းလက်လာစေခဲ့ခြင်းလည်း ဖြစ်သည်။

ဆယ်တန်းအောင်သော်လည်း အခြား အလုပ်တစ်ခုခု လုပ်ပြီး ဘဝကို တင့်တောင်တင့်တယ် ဖြစ်အောင် ကြိုးစားတည်ဆောက်မည်ဟု သူဆုံးဖြတ်ခဲ့၏။ ရောင်နီကတော့ သူ့ခံယူချက်ကို နောက်ပြောင်တတ်ပါသည်။

"ဘာလဲ နိုင်ငံခြားသင်္ဘောတက်မှာလား၊ ဒါမှမဟုတ် ဂျပန်သွားအလုပ်လုပ်မှာလား"

"မလှောင်ပါနဲ့ ရောင်နီလေးရာ၊ ငါ ယောကျ်ားပါ ကြိုးစားမှာပေါ့"





"ဒါဖြင့်လဲ မြန်မြန်ကြိုးစားပါဦး မုန့်တိုင်းရယ်၊ ကျွန်မရှင်နဲ့ နီးချင်လှပြီသိလား၊ ပြီးတော့ ကျွန်မတို့အကြောင်း အိမ်က မရိပ်မိခင် ကျွန်မတို့အိမ်ကလူကြီးတွေ အထင်ကြီးနိုင်မယ့်ဂုဏ်ပုဒ်တစ်ခုခု ရှင့်ဆီမှာ ခပ်မြန်မြန် ပိုင်ဆိုင်ထားသင့်ပြီ၊ နို့မို့ဆို ကျွန်မတို့ ဝေးကြရလိမ့်မယ်"

"မပူပါနဲ့ဟာ ငါတို့ ဘယ်တော့မှ မဝေးစေရဘူး၊ ပြီးတော့ နင့်အိမ်နဲ့ကလဲ မရိပ်မိစေရဘူး၊ ငါတို့မှာ အားကိုးရတဲ့ သူငယ်ချင်းသီဟကြီးတစ်ယောက်လုံး ရှိနေတာပဲ၊ သိပ်မစိုးရိမ်ပါနဲ့ ရောင်နီလေးရာ"

သို့သော် ရောင်နီကတော့ ရှေ့ရေးအတွက် အလွန်စိုးရိမ်ပူပန်တတ်ပါသည်။ ၎င်း၏အိမ်မှ သိသွားမှာကို စိုးရိမ်သလို၊ သူနှင့်ဝေးရမှာကို ရှာကြံတွေးပူတတ်သည်။ သူမ၏အစိုးရိမ်လွန်တတ်ပုံကို ဥပမာပြရလျှင် တစ်ခါက သူမတို့ကျောင်းသို့ သူလိုက်တော့ သူမသူ့အား လုံးဝစကားပြန်မပြောခဲ့ဘဲ တစ်ခါမှ မသိဖူးသည့် သူစိမ်းတစ်ယောက်ပမာ ဆက်ဆံခဲ့၏။ သည်တုန်းက သူအကြီးအကျယ် စိတ်ဆိုးခဲ့ရသော်လည်း နောက်တော့ သူမ ပြန်လည်ရှင်းပြခဲ့ပါသည်။

"ကျောင်းမှာ မာမီ့ အသိတွေရဲ့ သားသမီးတွေ အများကြီးပဲ မုန့်တိုင်းရဲ့၊ တော်ကြာ မုန့်တိုင်းနဲ့ ရပ်စကားပြောတာ သူတို့တွေ့သွားရင် မာမီ့ကို ပြန်တိုင်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျောင်း၌တွေ့ဆုံခွင့်မရနိုင်သလို၊ သူမ၏ အိမ်သို့ (လမ်းဘေးတစ်ဆယ်ဖုန်းမှ) ဖုန်းဆက်ခွင့်လည်း မရနိုင်သဖြင့် တစ်ပတ်တစ်ခါ ဆယ်ရက်တစ်ခါလောက် သီဟ၏ အကူအညီနှင့် ချိန်းတွေ့ရပါသည်။

"ပန်းခြံနဲ့ ရုပ်ရှင်ရုံတွေကိုတော့ လုံးဝသွားလို့ မဖြစ်ဘူးနော် မုန်တိုင်း၊ မာမီ့ မိတ်ဆွေတွေနဲ့ မာမီ့ကုမ္ပဏီက လူတွေက နေရာတိုင်းမှာ ရှိနေတာ"

ဤသို့ဖြင့် မြို့ပြနှင့်ဝေးလံသော နေရာများကို ရှာချယ်ရပါသည်။ အထူးသဖြင့် သူတို့ ချိန်းတွေ့လေ့ရှိသော နေရာက သူတို့ ရပ်ကွက်လေးထဲမှာ နေသွားခဲ့ဖူးသည့် သူ့မိတ်ဆွေ၏ လှည်းကူးမှ သံပရာခြံမှာဖြစ်သည်။ သံပရာပင်များ တန်းစီစိုက်ထားသော ခြံပန်းလေးထဲ၌ ချိန်းတွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှသော်လည်း ထိုသို့ချိန်းတွေ့တိုင်းရောင်နီ၏ဆုံးမဩဝါဒများကို ခံယူရသည်ကတော့ တစ်ဆိတ် စိတ်ညစ်စရာကောင်းလှပါသည်။

"ဒီနှစ် ဆယ်တန်းအောင်အောင်ဖြေရမယ်နော်မုန်တိုင်း၊ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဘွဲ့ရဆိုတဲ့ ဂုဏ်ပုဒ်လေးရှိရင် မာမီ့ကို ပြောရတာ နည်းနည်းတော့ မျက်နှာပန်းလှတာပေါ့၊ ကိုမင်းလို ဆေးလိုင်းဖြစ်ဖြစ်၊ အင်ဂျင်နီယာလိုင်းဖြစ်ဖြစ်သာ ဝင်သွားရင် ပိုပြီးပြောအားရှိတာပေါ့ မဟုတ်ဘူးလား"





ဘယ်လောက်များ စိတ်ကူးယဉ်လိုက်တဲ့ သူငယ်မလဲ။ ပုပ္ပားတောင်ကို ရန်ကုန်ရောက်အောင် ရွှေ့ပေးပါဆိုလျှင် ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သို့သော် သူလိုလူမျိုးက ဆရာဝန် အင်ဂျင်နီယာဖြစ်ဖို့ဆိုတာကတော့ ဘယ်လိုမှ မလွယ်ကူနိုင်မှန်း သူမ ရိပ်မိဖို့ကောင်းပါသည်။

ထိုသို့ ဆုံးမဩဝါဒပေးတတ်သော သူမသည် သူ ရန်ဖြစ်သည်ကြားတိုင်း ကျောင်းဆရာမတစ်ယောက်ပမာ ရန်ဖြစ်တာ မကောင်းဘူး မုန်တိုင်းရဲ့ဟု အစချီလျှက် ဆူပူကြိမ်းမောင်းဖို့ကိုလည်း ဘယ်တော့မှ မေ့လျော့လေ့မရှိပါ။

ထူးခြားသည်မှာ သူ ရန်ဖြစ်သည်ကို သူမက ကြိုသိနေတတ်ခြင်း ဖြစ်၏။

"မနေ့ညက. . နင် ရန်ဖြစ်တယ် မဟုတ်လား မုန်တိုင်း၊ မှန်မှန်ပြောစမ်း၊ ငါ့ကို လိမ့်ဖို့ စိတ်မကူးနဲ့"

(သူနှင့်သူမ ချစ်သူများဖြစ်သွားသည့်တိုင် နင်နဲ့ငါ ပြောမြဲဖြစ်၏)

"နင့်ကို ဘယ်သူပြောသလဲ"

"ငါမေးတာ ဖြေစမ်းပါ၊ ရန်ဖြစ်တာ ဟုတ်တယ် မဟုတ်လား"

"အလကားပါဟာ၊ ဟို. . အဖေ့ ကားယူစီးပြီး ထောင်မကျိုးတဲ့ ဆောင့်ကြွားကြွားကောင်တွေပါ၊ ငါ့ကို လက်သီးထိုး

www.burmeseclassic.com

သင်ခိုင်းလို့ သင်ပေးလိုက်တာပါ၊ နေပါဦး. . အဲဒီကိစ္စ နင်က ဘယ်လိုလုပ်ပြီး သိနေတာလဲ"

သူမက ညစ်ကျယ်ကျယ် အပြုံးလေးပြုံးပြီးမှ. .

"ငါတို့အိမ်က ကားမောင်းတဲ့ အဘိုးကြီးပြောတာ"

"အား. . မရှိန်းနဲ့၊ နင်တို့ ဒရိုင်ဘာအဘိုးကြီးက ငါ့ကိုမှ မသိတာ"

"သူမသိပေမယ့် ငါသိတယ်လေ၊ သူက ညတုန်းက လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ကောင်လေးတွေ ရန်ဖြစ်ကြတယ်လို့ပြောကတည်းက ငါကသိပြီးသား၊ ငါ့ရည်းစား လူလိမ္မာလေးတော့ အဲဒီရန်ပွဲမှာ သေချာပေါက်ပါမှာပဲလို့"

သူမ၏စဉ်းစားတတ်ပုံကို သူ မချီးကျူးဘဲ မနေနိုင်ပါ။

"နင်သိပ်တော်တာပဲ၊ ဒါကြောင့် ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်တာ"

"နင်လဲ တော်တာပါပဲ၊ ဒါကြောင့် ငါ နင်လိမ်တာကို ယုံခဲ့မိတာ"

"ဘာကိုလဲ"

"ဘာကိုရမှာလဲ ချော်လဲပြီး ခေါင်းပေါက်တာကို ငါ့ကြောင့် ရန်ဖြစ်လို့ ခြောက်ချက် ချုပ်လိုက်ရတယ်လို့ လိမ်ခဲ့တာလေ၊ အဲဒီတုန်းက ငါ့မှာ အဟုတ်မှတ်ပြီး သနားလိုက်ရတာ"

ထိုကိစ္စများကို . . .



BURMESE CLASSIC .com



သူကိုယ်တိုင် ပြန်ပြောပြခဲ့သဖြင့် သူမ သိပြီး ဖြစ်နေပါသည်။

သူ ရယ်ရင်း . . . "တကယ်တော့ ငါလိမ်တာ မဟုတ်ပါဘူးဟာ၊ သန်းရွှေတို့က ဘုမသိဘမသိနဲ့ လျှောက်ပြောလို့ ငါလဲ ချော်လဲရောထိုင်လိုက်ရတာပါ၊ နင်က ငါ့ကို သနားတယ်သာပြောတယ်၊ နင် ငါ့အပေါ် ရက်စက်တာတွေကတော့ကော"

"ငါက ရက်စက်တာမဟုတ်ပါဘူး၊ နင့်စိတ်ကို စမ်းကြည့်တာပါ"

"ဒါဖြင့် ခုလဲ ငါ နင့်စိတ်ကို စမ်းကြည့်မယ်၊ နင့် မျက်လုံးကို မှိတ်လိုက်"

သူမက "ဘာလုပ်မလို့လဲ" ဟုမေးရင်း. . မျက်လုံးကို မေးစင်းလျက် မှိတ်လိုက်သည်။

သူက လျင်မြန်စွာ သူမ၏ပါးမို့မို့ကို ရွှတ်ခနဲ နမ်းပြီး "ရပြီ ဖွင့်လိုက်တော့" ဟုပြောလိုက်တော့ သူမက မျက်စောင်းခဲရင်း ချစ်စနိုးနှင့် ရေရွတ်ပါသည်။

"ခွေးစုတ် . . " . . . တဲ့။

♥

သူငယ်ချင်းကောင်း သီဟကို အကြောင်းပြု၍ သူနှင့် သူမ ထိုသို့ပင် မကြာခဏ ဆုံစည်းခွင့်ရခဲ့သည်။



www.burmeseclassic.com

တကယ်တော့ သူ့၌ သီဟမင်းဒင်လိုသူငယ်ချင်းကောင်း တစ်ယောက်ရှိသလို ရန်သူကောင်းတစ်ယောက် ရှိကြောင်းကိုလည်း သူ မမေ့ပါ။

အခြားလူမဟုတ်။ သူနှင့် ရန်ဖြစ်တိုင်း သူ့အား အမြဲရှုံးလေ့ရှိသော ဇော်ဝင်းဖြစ်သည်။ ဇော်ဝင်းက သူ့အား လက်တုံ့ပြန်နိုင်ရန်အမြဲချောင်းနေကြောင်း သူသိထားသော်လည်း သူကတော့ ၎င်းကို နည်းနည်းလေးမှ ဂရုမစိုက်ခဲ့။

ယင်းမှာ သူ့အမှားဖြစ်၏။

ဇော်ဝင်းက သူ့အား လက်စားချေပနိုင်မည့်နည်းလမ်းကောင်းတစ်ခု ရှာဖွေတွေ့ရှိသွားခဲ့ကြောင်း တစ်နေ့မှာ သိခွင့်ရခဲ့သည်။

ထိုနေ့သည် သူ့အိမ်သို့ သီဟရောက်ရှိလာသော နေ့ဖြစ်သည်။ သီဟရောက်ရှိလာချိန်က ၎င်းလာလေ့လာထမရှိသည့် မနက်စောစောအချိန်ဖြစ်၍ သူ ထင့်ခနဲဖြစ်သည်။

အိမ်ပေါ်ရောက်သည်နှင့် သူ ဘာမျှ မမေးရသေးခင်မှာပင် သီဟ လှမ်းပြောသည်။

"အခြေအနေ သိပ်မကောင်းဘူး မုန်တိုင်း. . မင်းတို့အကြောင်း ရောင်နီ့အမေက သိသွားပြီ"

"ဘာ. . ."

ကမ္ဘာကြီး နိမ့်ဆင်းသွားသလို သူ ခံစားလိုက်ရ၏။





"မနေ့ညနေက ရောင်နီ့အမေဆီ လူတစ်ယောက် ဖုန်းဆက်ပြီး မင်းတို့အကြောင်း ပြောလိုက်တာပဲ၊ ရောင်နီနဲ့ မင်းနဲ့ ဘယ်တုံးက သမီးရည်းစားစဖြစ်ခဲ့တယ်ဆိုတာကစပြီး ရပ်ကွက်ထဲမှာ မင်း ရန်ခဏခဏဖြစ်တဲ့အကြောင်းအထိ အကုန်ပါတယ်၊ တစ်ခါတုန်းက ရန်ဖြစ်မှုနဲ့ အချုပ်ထဲမှာ မင်းတစ်ည အိပ်ခဲ့ရတဲ့အကြောင်းကအစပါတယ်"

သေချာတယ်။ ဒါဟာလူစိမ်းတစ်ယောက်တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သူ့အကြောင်း ကောင်းကောင်းသိနေတဲ့ လူပဲဖြစ်ရမယ်။

"အဲဒီ ဖုန်းဆက်တဲ့ကောင်က သူ့နာမည်တောင် ဖုန်းထဲမှာပြောသွားသေးတယ်"

"ဘယ်သူလဲ သီဟ"

"တခြားလူ မဟုတ်ဘူး မုန်တိုင်း၊ ဇော်ဝင်းပဲ"

သူ တက်တစ်ချက်ခေါက်လိုက်ပြီး ထိုင်နေရာမှ ဒေါသတကြီး ဝုန်းခနဲ ထရပ်လိုက်၏။ ပြီးမှ ဇော်ဝင်း ဤရပ်ကွက်ထဲမှ ပြောင်းသွားတာ တစ်ပတ်လောက်ရှိပြီ ဖြစ်ကြောင်း သတိရလိုက်မိသဖြင့် သူစိတ်လျှော့ကာ ပြန်ထိုင်ချလိုက်သည်။ သူ့အား ချုံခိုတိုက်ခိုက်ရန် ဇော်ဝင်း စနစ်တကျစီမံခဲ့ခြင်းပဲ ဖြစ်သည်။

ခုတော့ ၎င်း၏လက်သီးပုန်းက သူ့အား အရှိက်တည့်တည့်သို့ ထိခိုက်နာကျင်စေခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com



"သိပ်လဲ စိတ်ဓာတ်ကျမနေပါနဲ့ကွာ၊ ဦးလေးငယ်လဲ ပြန်ရောက်နေပြီပဲ၊ သူက မင်းကို သဘောကျတဲ့လူဆိုတော့ မင်းဘက်ကနေ သူ့အစ်မ ရောင်နီ့အမေကို ဝင်ဖျောင်းဖျပေးမှာပါ"

သူ စိတ်ပျက်နာကျင်စွာ ခေါင်းခါယမ်းလိုက်သည်။

"ငါကတော့ မထင်ဘူး သီဟ၊ ခုချိန်မှာ သိကြားမင်းက ဆင်းပြီးနှားချရင်တောင် ငါ့လိုကောင်မျိုးနဲ့ သူ့သမီးကို သဘောတူမှာမဟုတ်ဘူး၊ ငါ ရောင်နီ့ကို ခိုးပြေးမှပဲ ဖြစ်မယ်၊ ဒါပေမယ့် အဲဒီကိစ္စကလဲ သိပ်မလွယ်ပါဘူးကွာ"

သူ မွန်းကျပ်စွာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

♥♥♥

BURMESE CLASSIC .com

(၃)

တကယ်တော့ သူ့လို . . လူပေလူတေတစ်ယောက်နှင့် ရောင်နီ့လို သူဌေးသမီး တက္ကသိုလ်ကျောင်းသူ လှလှလေးကို ၎င်း၏မိခင်ဒေါ်နွယ်နီဦး ဘယ်လိုမှသဘောတူလိမ့်မည် မဟုတ်မှန်း သူနားလည်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ၎င်းက သူနားမလည်မှာ စိုးရိမ်ရှာသည်ထင်ပါရဲ့။

ရပ်ကွက်ဈေးလေးမှ အမေ့ကုန်စိမ်းဆိုင်ရှေ့ ရောက်လာပြီး ဆယ်တန်းမအောင်သေးတဲ့ ကုန်စိမ်းသည်သား လူဆိုးတစ်ယောက်နဲ့ သူ့သမီးကို မပေးစားနိုင်ပါဟု အတိအလင်း ကြေညာသွားပါသတဲ့။ နောက်ပြီး သူ့ဘက်က ရှေ့ဆက်တိုးမယ်ဆိုရင် ၎င်းတို့ကို အဆိုးမဆိုပါနဲ့တဲ့။

"လူတွေကလဲ ဝိုင်းကြည့်နေတော့ အမေဖြင့် ရှက်လဲရှက်၊ ဒေါသလဲထွက်ပြီး မျက်နှာကို ဘယ်နားသွားထားရမယ်မသိဘူး၊ ဒါပေမယ့် သူပြောတာကအကုန်မှန်နေတော့လဲ ဘာမှပြန်မပြောသာဘူးပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



. . . အမေ ကုန်စိမ်းရောင်းတော့ မင်းက ကုန်စိမ်းသည်ရဲ့သားပေါ့၊ နောက်ပြီး သူပြောသလို မင်းက တကယ်လဲ ဆယ်တန်းမအောင်ဘူးလေ၊ ရန်လဲ ခဏခဏဖြစ်တယ်၊ ဒီတော့ အမေကပဲ သူ့ကို တောင်းပန်လိုက်ရတယ်၊ ကျွန်မ သားလေးကို ဆုံးမပါ့မယ်ပေါ့"

"တောက် . . အမေမို့ သွားတောင်းပန်နေရသေးတယ်၊ ကျွန်တော် သူ့သမီးကို ချစ်တာ သူတို့ပစ္စည်းခိုးတာမဟုတ်ဘဲ၊ ဘာတောင်းပန်စရာလိုသလဲ၊ သဘောမတူနိုင်ရင် သူ့ဖာသာ လဲသေလိုက်ပေါ့၊ ဘာလို့ ခုလို ခြိမ်းခြောက်စော်ကားစရာ မလိုဘူး"

သူ့ဒေါသတကြီး ရေရွတ်လိုက်တော့ အမေက သူ့ကို လှမ်းပြောသည်။

"အမေ နောက်တစ်ခါအရှက်မရချင်ဘူးသား၊ အဲဒီတော့ မင်းစိတ်ကိုလျှော့ပါ၊ သူတို့နဲ့လဲ ထိပ်တိုက်တိုးပြီး ပြဿနာ မရှာပါနဲ့၊ အမေ တောင်းပန်ပါတယ်"

သူ အမေ့ကို သနားသွားပြီး ဒေါသများ ချက်ချင်း ပြယ်လွင့်သွား၏။

"စိတ်ချပါ အမေရာ၊ ကျွန်တော် ပြဿနာ မဖြစ်အောင် နေမှာပါ"

အမေ့ကို ကတိပေးလိုက်၏။



BURMESE CLASSIC .com



သို့သော် ၎င်းတို့နှင့် အထူးသဖြင့်ရောင်နီအမေနှင့်တော့ ထိပ်တိုက်တိုးဖြစ်အောင် တိုးခဲ့ပါသည်။ နောက်နေ့ ရောင်နီ မျက်နှာလေးကို တွေ့လိုတွေ့ငြား ၎င်းတို့၏ခြံရှေ့မှ အဖြတ် အပြင်မှပြန်လာဟန်တူသော ရောင်နီအမေနှင့် တည့်တည့်ကြီး ရင်ဆိုင်တိုးပါတော့သည်။ သူ့ဘေးမှ ဖြတ်သွားပြီး ချက်ချင်း ဆိုသလို ကားနောက်ပြန်ဆုတ်လာကတည်းက ပြဿနာစပြီဖြစ် ကြောင်း သူ သိလိုက်၏။

သူ့အား ကားဖြင့် ပွတ်မဆွဲရုံတမယ် အရှိန်ဖြင့် နောက် ဆုတ်လာပြီး သူ့နားရောက်တော့ ကားဘေးမှန် နိမ့်ဆင်းကာ ရောင်နီအမေ၏မျက်နှာပေါ် လာသည်။

"မုန်တိုင်းဆိုတာ မင်း မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်တော့ ၎င်းက သူ့တစ်ကိုယ်လုံးကို အကဲခတ်သလိုကြည့်ရင်း . . .

"မင်း ခြံထဲကို ခိုးကြောင်ခိုးဝှက် ဝင်ဖို့ကြိုးစားမယ်ဆိုရင် တော့ အရိုးအသားတခြားစီ ဖြစ်သွားလိမ့်မယ်၊ ငါတို့ ခြံထဲမှာ ဒိုဘာမင်နှစ်ကောင်မွေးထားတယ်"

"သူခိုးကျင့်သူခိုးကြံအလုပ်မျိုး ကျွန်တော်ဝါသနာမပါဘူး အန်တီ"

"ဒါဖြင့် မင်း ဘာဖြစ်လို့ ငါတို့ ခြံရှေ့က ဖြတ်လျှောက် နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ထောင်းခနဲ ဒေါသထွက်သွားသော်လည်း ချက်ချင်းပင် စိတ်ကိုချုပ်တည်းလိုက်ပါသည်။

"ဒါ အများပိုင်လမ်းပါ အန်တီ၊ လူတိုင်းဖြတ်လျှောက်ခွင့်ရှိပါတယ်"

"မင်းသိအောင်ပြောလိုက်ဦးမယ်၊ ငါ့သမီးမှာ ဖိနပ်အရန်သုံးဆယ်ကျော်ရှိတယ်၊ တစ်လတိတိ ဖိနပ်မထပ်ဘဲ စီးနိုင်တယ်၊ မင်းတို့သားအမိနှစ်ယောက်ရဲ့ တစ်လစာဝင်ငွေက ငါ့သမီးတစ်နေ့စီးတဲ့ ဖိနပ်တစ်ရန်ဖိုးတောင် မရှိဘူး၊ အဲဒီတော့ မင်းအနေနဲ့ တန်ရာတန်ရာမှန်းဖို့ ကောင်းတယ်"

ဒီတစ်ခါတော့ သူသိပ်ပြီး ယဉ်ကျေးမနေနိုင်တော့ပါ။

"အန်တီ့သမီးကို ဘယ်လိုလူမျိုးနဲ့မှ ပေးစားမယ်လို့ စိတ်ကူးထားလဲ"

"ဘာပြောတယ်"

"အန်တီ့သမီးကို ငွေကြေး ဘယ်လောက် ချမ်းသာတဲ့လူနဲ့မှပေးစားမယ်လို့ စိတ်ကူးထားသလဲလို့ မေးတာပါ"

အဘွားကြီး၏ မျက်စောင်းတို့က ရောင်နီ့မျက်စောင်းလို ဘယ်လိုမှ ကြည့်၍မကောင်းပါ။

"အန်တီ့သမီးရဲ့ ကြမ်းခင်းဈေးကို အန်တီ့ဖာသာ တန်ဖိုးဖြတ်ထားလိုက်ပါ၊ နောက် လေးငါးနှစ်ကြာရင် အန်တီ့ သမီးကို ကျွန်တော် လာဝယ်မယ်"





"ဘာကွ၊ မင်း . . . . . မင်း"

"အန်တီတို့ သတ်မှတ်ထားတဲ့ နှုန်းအတိုင်း အတိအကျတင်တောင်းပြီးမှ ဝယ်မှာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

အဘွားကြီး အသားတဆတ်ဆတ်တုန်ပြီး ကျန်ခဲ့ပါလိမ့်မည်။ သူကတော့ မခံချင်စိတ်ကြောင့်နှလုံးသွေးများတဒိတ်ဒိတ်ခုန်နေ၏။

♥

ရောင်နီ့အမေအား လူငယ်ပီပီ မခံချင်စိတ်နှင့် စိန်ခေါ်သလို ကြွေးကြော်ခဲ့သော်လည်း တကယ်တော့ မုန်တိုင်း၏အနေအထားက ရောင်နီ့အား တင်တောင်းရန် မဆိုထားနှင့်၊ ရောင်နီ့အတွက် ဖိနပ်တစ်ရန်ကိုပင် ဝယ်ပေးနိုင်လောက်သော အင်အားမရှိ။ စိတ်ပျက်အားငယ်စွာ မျှော်လင့်ချက် ကင်းမဲ့နေသော သူ့ကို သီဟကတော့ အားပေးပါသည်။

"သိပ်လဲ စိတ်ဓာတ်ကျမနေစမ်းနဲ့ မုန်တိုင်းရာ၊ နောက်ဆုံးအခြေအနေမဟန်ရင် ခိုးပြေးရုံပေါ့၊ မင်းတို့ဘက်မှာ ငါတစ်ယောက်လုံး ရှိပါသေးတယ်"

"မဖြစ်ဘူးသီဟ၊ ရောင်နီက လိုလိုချင်ချင် ခိုးရာလိုက်မယ်ဆိုရင်တောင် ငါ့အနေအထားက သူ့ကို တင့်တောင်းတင့်တယ် မထားနိုင်သေးဘူး၊ ချမ်းချမ်းသာသာကြီးမဟုတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



လူတန်းစေ့အောင် ထားနိုင်မှဖြစ်မယ်၊ ငါ သူ့ကို မျက်နှာမငယ်စေချင်ဘူး”

“ဒါဆိုလဲ လူတန်းစေ့ထားနိုင်အောင် ကြိုးစားပေါ့ကွာ”

“ဟုတ်တယ် ငါကြိုးစားမယ် သီဟ၊ အလုပ်လုပ်ပြီး ငွေရအောင်ရှာမယ်”

သို့သော် ထိုကိစ္စမှာ ထင်သလောက် မလွယ်ကူပါ။

ငွေကြေးရော ပညာအရည်အချင်းပါ ကျောထောက်နောက်ခံနည်းပါးလွန်းသော သူ့အတွက် အလုပ်တို့က ရှားပါးလွန်းလှသည်။ သီဟ၏အဆက်အသွယ်ဖြင့် အလုပ်တချို့ရပြန်တော့လည်း ထိုအလုပ်က ပင်ပန်းပြီး ငွေကြေးကတော့ နည်းပါးလှပါသည်။

ပင်ပန်းသည့်ဒဏ်ကို သူ ခံနိုင်သော်လည်း လစာနည်းလွန်းသဖြင့် ရက်အနည်းငယ်အတွင်းမှာပင် ထိုအလုပ်တို့မှ သူပြန်ထွက်ခဲ့သည်။

“ခု . . ငါငွေရှာနေတာ ငါတစ်ယောက်တည်းရဲ့ စားဝတ်နေရေးအတွက် မဟုတ်ဘူး သီဟ၊ အမေ့အတွက်၊ ရောင်နီ့အတွက်၊ ရောင်နီနဲ့ငါ့ရဲ့ အနာဂတ်အတွက်၊ အဲဒီတော့ ငါ ငွေများများရှာနိုင်မှ ဖြစ်မယ်သူငယ်ချင်း”

အလုပ်မှထွက်လာပြီး သူ ရှင်းပြတော့ သီဟက စာနာနားလည်စွာ သက်ပြင်းငွေ့ငွေ့ချသည်။





ရောင်နီနှင့်နီးဖို့ ငွေများများနှင့် မြန်မြန်ရမှဖြစ်မည် . . ဟူသောအသိက သူ့အား ကြံရာမရ ဖြစ်စေသလို၊ သီဟကိုလည်း နှုတ်ဆိတ်ငြိမ်သက်စေခဲ့သည်။

ရက်အတန်ကြာအောင် ကြံရာမရဖြစ်နေရာမှ တစ်စုံတစ်ယောက်အား သူ ဖျတ်ခနဲ သတိရသွားမိသည်။

တခြားလူမဟုတ်။

တစ်ချိန်က သူ့အား အလုပ်တစ်ခု ကမ်းလှမ်းခဲ့ဖူးသော ကိုစိန်မြဖြစ်သည်။

သူ ကိုစိန်မြဆီရောက်သွားတော့ ကိုစိန်မြက ကွမ်းအရဲသားနှင့် သွားများပေါ်အောင် ပြုံးပြပြီး အာလုပ်သံနှင့်ဆီးနှုတ်ဆက်သည်။

“တစ်ချိန်မဟုတ် တစ်ချိန် မင်း ရောက်လာမယ်ဆိုတာ ငါ သိပြီးသားပါ မုန်တိုင်းရာ”

“လာဗျာ . . ကိုစိန်မြ၊ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်သွားပြီး စကားပြောရအောင်”

လောလောဆယ် နေ့တွက်ပေး၍ နင်းရသော ဆိုက်ကားပေါ်သို့ ကိုစိန်မြအား ခေါ်တင်ကာ လက်ဖက်ရည်ဆိုင်ဘက်သို့ သူ နင်းထွက်လာခဲ့သည်။

♥



www.burmeseclassic.com

www.burmeseclassic.com

မုန့်တိုင်းတစ်ယောက် မခံချင်စိတ်ဖြင့် ဆိုက်ကားကို လမ်းများပေါ်သို့ နင်းနေချိန်၌ ရောင်နီဦးကတော့ လှောင်အိမ်ထဲမှ အလှမွေးခံထားရသည့် ငှက်ကလေးပမာ စိတ်ဒုက္ခကြီးစွာ ခံစားနေရလေသည်။

သူမနှင့် မုန့်တိုင်းအကြောင်းကို သိသွားသည့်နေ့မှစ၍ သူမအား အပြင်ထွက်ခွင့် ပိတ်ပင်လိုက်ပါသည်။ ကျောင်းကိုပင် အလွန်အရေးကြီးသော နေ့များ၌သာ တက်ခွင့်ပြုပြီး ကျောင်းတက်ချိန်တစ်လျှောက်လုံး သူမ၏ ဒရိုင်ဘာကြီးက အတန်းဝမှ ရပ်၍စောင့်ဆိုင်းနေခဲ့၏။

ပြင်ပသို့ ဖုန်းဆက်ခွင့် မပေးသလို ဖုန်းလာလျှင်လည်း ကိုင်ခွင့်မပေးပါ။

မည်သည့် သူငယ်ချင်းမျှ အိမ်သို့အလာမခံသော်လည်း သီဟမင်းဒင် လာလည်လျှင်တော့ လွတ်လပ်စွာ စကားပြောခွင့်ပေးပါသည်။

မုန့်တိုင်းနှင့်သူမ ချိန်းတွေ့ရန် အစက အကူအညီပေးခဲ့သူမှာ သီဟဖြစ်ကြောင်း ဖော်ဝင်း မသိခဲ့ခြင်းက သူမတို့အတွက် ကံကောင်းထောက်မမှု တစ်ခုဖြစ်၏။ သို့သော် သီဟနှင့် အပြင်ထွက်ခွင့်ကိုတော့ ဒေါ်နွယ်နီဦးက ခွင့်မပြုပါ။ သီဟကို ဖတ်ပြီး မုန့်တိုင်းရှိရာသို့ ရောင်နီ ထွက်သွားမှာစိုးသဖြင့် ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။





ထိုအချက်ကြောင့် မုန့်တိုင်းနှင့် သီဟ ငယ်စဉ်က သူငယ်ချင်းများဖြစ်ခဲ့ဖူးမှန်း . . ဒေါ်နွယ်နီဦး မေ့လျော့နေကြောင်းကို သံသယ ဖြစ်စရာမလိုပါ။

"တော်ပါသေးရဲ့၊ မုန့်တိုင်းနဲ့ ကိုမင်း သူငယ်ချင်းဖြစ်ခဲ့ဖူးတာ မာမီ မမှတ်မိလို့"

"အဲဒါကြောင့် ကိုယ်လဲ ပိုပြီးတော့ သတိထားနေရတယ်၊ မုန့်တိုင်းဆီ သိပ်မသွားရဲဘူး၊ တော်ကြာ ကိုယ်နဲ့ မုန့်တိုင်းကိုတွဲလျက်တွေ့သွားရင် အခြေအနေက ဒီထက်ပိုဆိုးသွားနိုင်တယ်"

"ခု . သူဘာတွေ လုပ်နေသလဲ ကိုမင်း"

"ဆိုက်ကားနင်းနေတယ်၊ ဒီထက်ပိုပြီး ကြီးပွားအောင် ကြိုးစားမယ်လို့ ပြောတာပဲ"

သည့်နောက်ပိုင်း စာမေးပွဲနီးနေသဖြင့် သီဟ သူမထံသို့ သိပ်မလာတော့။ ဦးလေးငယ်ကလည်း အိမ်မကပ်ဘဲ ညဥ့်နက်မိုးချုပ်မှ ပြန်လာတတ်သဖြင့် အထီးကျန်ခြင်း ဝေဒနာကို သူမတစ်ယောက်တည်း ကြိတ်မှိတ်ခံစားရပါသည်။

ချစ်သူနှင့် ကွေကွင်းရခြင်းသည် ငရဲကျခြင်းဖြစ်သည်ဆိုပါက ပို၍နက်သော ငရဲတစ်ခုသို့ စာမေးပွဲဖြေစဉ်ရက်များအတွင်း သူမ ထပ်မံကျရောက်ခဲ့ရလေသည်။

ထိုကိစ္စကတော့ သူမ အလွန်ချစ်ပြီး သူမအပေါ်လည်း အလွန်ချစ်သော ဦးလေးငယ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ သူမ ချစ်သော ချစ်သူနှစ်ဦးစလုံးနှင့် သူမ ဝေးကွာခဲ့ရပြီ ဖြစ်သည်။

ပူလောင်ကျွမ်းမြိုက်လှသော ထိုဝေဒနာကို သူမ အလူးအလိမ့်ခံစားရပါသည်။ ဦးလေးငယ်အား အသုဘချပြီး ပြန်လာချိန်၌ သီဟက သူမအား ခပ်တိုးတိုးမေး၏။

"ရောင်နီ ခု နင် ဘာလုပ်ချင်သလဲ၊ ကိုမင်း ဘာကူညီရမလဲ"

"ရောင်နီလဲ ဘာလုပ်ရမှန်းမသိတော့ဘူး ကိုမင်း၊ ရောင်နီ့ဘေးမှာ ဘယ်သူမှမရှိကြတော့ဘူး၊ ဦးလေးငယ်လဲ သေပြီ၊ မုန်တိုင်းကလဲ ဘယ်ရောက်နေမှန်း မသိဘူး"

ပြောရင်း ရောင်နီ ဝမ်းနည်းစွာ ငိုရှိုက်မိသည်။

"မုန်တိုင်း အခု. . ကုန်မောင်းနေတယ်၊ ဘယ်နယ်ကို မောင်းမှန်း မသိပေမယ့် စုံစမ်းရင်ရပါတယ်၊ သိပ်မခက်ပါဘူး၊ ခု. . ရောင်နီအရမ်းစိတ်အားငယ်နေတယ်၊ မုန်တိုင်းနဲ့ တွေ့မှဖြစ်မယ်၊ ကိုယ်ဆိုလိုတာက တွေ့ရုံတင်မဟုတ်ဘူး၊ ရောင်နီ မုန်တိုင်းနဲ့ အပြီးလိုက်သွားပြီး နယ်တစ်နယ်မှာ လက်ထပ်လိုက်ဖို့ပြောတာ၊ အန်တီတို့ စိတ်ဆိုးလဲ ခဏပေါ့"

သူမ အငိုတိတ်သွားပြီး သီဟအား မျှော်လင့်ကြီးစွာဖြင့် မော့ကြည့်သည်။

ထို့နောက် အနည်းငယ်အားလျော့သွားဟန်ဖြင့်. . .





"ရောင်နီ အပြင်ထွက်လို့မှ မရတာ၊ ဘယ်လိုလုပ်ပြီး"

"ကိုယ် ကူညီမှာပေါ့၊ သူရှိမယ့်နေရာကို အရင်ဆုံး စုံစမ်းမယ်၊ ပြီးရင် အဲဒီကို လိုက်သွားကြတာပေါ့"

သူမ မျက်ရည်တို့ဖြင့် သီဟအား ကြည့်ရင်း. . .

"ကိုမင်း တကယ်ကူညီမှာနော်"

. . . ဟုမေးတော့

သီဟ ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်၏။

"စိတ်ချ ကိုယ် . . . အသေအချာကို ကူညီမယ်"

သီဟမင်းဒင် အခိုင်အမာ ကတိပေးလိုက်သည်။

သို့သော် သူ့ကတိအတိုင်း အကော်အထည်ဖော်နိုင်လောက်အောင် ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါ။

နောက်ထပ် လအနည်းငယ်အကြာ၌ မုန်တိုင်းနှင့်ပတ်သက်သော သတင်းတချို့ကို သီဟမင်းဒင်နှင့် တအံ့တသြကြားခဲ့ရသည်။

ကြာခါစက ကိုယ့်နားကိုပင် ကိုယ် မယုံကြည်ခဲ့။

ရောင်နီနှင့်နီးစပ်ဖို့အတွက် ငွေရှာရင်း လူပေါင်းမှားကာ မုန်တိုင်း လမ်းမှားရောက်သွားကြောင်း။

မုန်တိုင်းမောင်းသည့် ကုန်တင်ကားပေါ်၌ တားမြစ်ကုန်များကို သတင်းအရ ရှာဖွေတွေ့ရှိသဖြင့် ကားရော၊ ကားပေါ်မှ လူများပါ ဖမ်းဆီးလိုက်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်မောင်းဖြစ်သူ မုန်တိုင်းကတော့ ထွက်ပြေးလွတ်မြောက်နေကြောင်း။

မဖြစ်နိုင်ဟု . . ငြင်းဆန်ချင်သော်လည်း ပြောလာသူက မုန်တိုင်းနှင့်ကျောင်းနေဖက် ဖြစ်နေသဖြင့် သီဟမင်းဒင်လက်ခံလိုက်ရသည်။

ထိုကိစ္စ ရောင်နီသိသင့်သော်လည်း သူမ စိတ်ဓာတ်ကျသွားမည်စိုးသဖြင့် မပြောဘဲ တမင်မျိုသိပ်ထားလိုက်သည်။

ခုတစ်လော ရောင်နီ့ကျန်းမာရေးက အားရစရာမရှိ။

အမြဲတမ်းတရှောင်ရှောင်နှင့် အိပ်ရာထဲ လှဲနေသလို၊

ငိုလွန်းသဖြင့် မျက်လုံးများကလည်း အစဉ်အမြဲ နီရဲမို့အစ်နေတတ်သည်။

"ရောင်နီ နေကောင်းရဲ့လား"

ထိုသို့မေးတိုင်း . . .

ရောင်နီက ခေါင်းညိတ်တုံ့ပြန်တတ်မြဲ ဖြစ်သည်။

"ရောင်နီ ဘာတွေ ခံစားနေလဲ၊ ကိုမင်းကို ပြောပြပါလား၊ အနည်းဆုံး ရောင်နီ့ရင်ထဲမှာ ပေါ့ပါးသွားအောင်ပဲဖြစ်ဖြစ်ပေါ့"

သူ့စကားကြောင့် ရောင်နီ ငေးငေးရီရီနှင့် ငြိမ်သက်သွားလေသည်။

အတန်ကြာမှ . . .

သက်ပြင်းငွေ့ငွေ့ချကာ တုံ့ပြန်သည်။





"ကိုမင်း သိသင့်တဲ့ကိစ္စဆိုရင် . . ရောင်နီပြောပြမှာပေါ့၊ ခုလောလောဆယ်တော့ ရောင်နီ ဘာကိုမှ ပြောချင်စိတ်မရှိသေးဘူး ကိုမင်း"

စကားဆုံးသည်နှင့် ရစ်ဝဲဝေ့သီနေသော မျက်ရည်တို့က ပါးပြင်ပေါ်သို့ လိမ့်ဆင်းကာကျလာလေသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၄)

တယ်လီဖုန်းမြည်သံကြောင့် ဖတ်လက်စစာအုပ်ကိုချပြီး ဖုန်းရှိရာသို့ သီဟမင်းဒင် လျှောက်လာခဲ့၏။

(တကယ်တော့ မုန့်တိုင်းသူ့အပေါ် နာကြည်းသွားစေမည့် ကိစ္စရပ်များအားလုံးကို ဖုန်းမြည်သံ၏နောက်ပိုင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ထိုအကြောင်းကိုသာ ထိုစဉ်က သူ ကြိုတင်သိရှိခဲ့မည်ဆိုလျှင် ထိုဖုန်းကို သူ ကိုင်ဖြစ်ခဲ့လိမ့်မည် မဟုတ်ပါ။)

သူကဲဆိုးစွာပင် ဖုန်းခွက်ကို ကောက်ယူပြီး "ဟုတ်ကဲ့ အမိန့်ရှိပါ" ဟု ထူးလိုက်တော့ . . မုန့်တိုင်း၏ အသံက ဖုန်းခွက်ထဲမှ ထွက်ပေါ်၍လာသည်။

"ဟော့ကောင် . . ငါပါကွ"

သူ လှုပ်ခနဲ ဝမ်းသာသွားသလို အံ့ဩတုန်လှုပ်မှုကိုလည်း ပူးတွဲခံစားလိုက်ရသည်။

"မုန့်တိုင်း အခု ဘယ်က ဆက်နေတာလဲ"

ကမန်းကတန်း မေးလိုက်တော့ သူ၏အလောသုံးဆယ် နိုင်မှုကြောင့် မုန့်တိုင်းက ခပ်တိုးတိုးရယ်လိုက်သည်။





"လမ်းဘေးက . . ဆက်နေတာပေါ့ကွ၊ ဘာလဲ မင်းက အချုပ်ခန်းထဲက လှမ်းဆက်နေတယ် ထင်လို့လား"

"မဟုတ်ပါဘူး . . . ငါ . . ငါ ရောင်နီနဲ့ မင်းအတွက် အရမ်းစိတ်ပူနေတယ် မုန့်တိုင်း၊ နောက်ပြီး ဦးလေးငယ်လဲ ဆုံးသွားပြီ၊ မင်း သိပြီးပြီလား"

"ဘာ . . ဦးလေးငယ် ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်တယ် မုန့်တိုင်း၊ နှစ်လလောက်တောင်ရှိပြီ၊ ရောင်နီအရမ်း အားငယ်နေတယ်၊ သူ မင်းနဲ့လဲ သိပ်ပြီးတွေ့ချင်နေတယ်"

"ဟုတ်ပြီလေ၊ အဲဒီကိစ္စရှုတွေ နောက်မှ ဆက်ဆွေးနွေးကြတာပေါ့ သီဟ၊ လောလောဆယ် စီးပွားရေးကြေးရေး အကျပ်အတည်းဖြစ်နေတယ်၊အဲဒါ မင်းအကူအညီ ပေးနိုင်မလား၊ကူညီနိုင်မယ်ဆိုရင် မင်းနဲ့ငါ တစ်နေရာရာမှာ ချိန်းပြီးဆုံရအောင်၊ မကူညီနိုင်ဘူးဆိုရင်တော့ ငါ ဖုန်းချလိုက်တော့မယ်"

"နေဦး"

သူ ကမန်းကတန်း တားဆီးလိုက်မိ၏။ ပြီးမှ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီး မုန့်တိုင်းအား မေးလိုက်သည်။

"ကဲ . . ငါ ငွေ ဘယ်လောက်ယူပြီး ဘယ်ကို လာခဲ့ရမလဲ ပြော"

♥



www.burmeseclassic.com

www.burmeseclassic.com



သည်နောက်ပိုင်း အဖြစ်အပျက်များကတော့. . . သီဟအတွက်ကြေကွဲစရာကောင်းလှပါသည်။ ဥပဒေအား ရင်မဆိုင်ဘဲထွက်ပြေးရန်ကြိုးစားနေသော မုန်တိုင်းကို သီဟက ဥပဒေနှင့်မျက်နှာချင်းဆိုင်စေရန် စီစဉ်ခဲ့၏။

သူ စေတနာနှင့် စီစဉ်ခဲ့သောကိစ္စအား အထင်လွဲကာ နာကြည်းသွားသော မုန်တိုင်း၏ နာကြည်းမှုက အနည်းငယ်မျှ ပြေလျော့သွားခြင်း မရှိခဲ့။

ကျွန်ုပ် မုန်တိုင်း၏အမှုအား ရုံးတင်တော့ သူအကောင်းဆုံးရှေ့နေကို ငှါးပေးခဲ့သော်လည်း မုန်တိုင်းက ရှေ့နေကိုယ်စားလှယ်လွှဲစာ၌ လက်မှတ်မထိုးဘဲ သီဟ၏ရှေ့နေကို ငြင်းပယ်ခဲ့သည်။

သူ ဘယ်လိုပင် ဖျောင်းဖျသော်လည်း "အပြစ်ရှိပါတယ်ဆိုတဲ့ စကားလေးငါးခွန်းပြောဖို့ ရှေ့နေ မလိုပါဘူးကွာ"ဟု ခေါင်းမာစွာ တုံ့ပြန်ခဲ့သည်။

သူ့အပေါ် မုန်တိုင်း၏နာကြည်းမှုများပြေလျော့အောင် အစွမ်းကုန်ကြိုးစားနေစဉ်မှာပင် မုန်တိုင်း ပိုမို နာကြည်းစေမည့် ကိစ္စများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့၏။

ပထမကိစ္စက ရောင်နီနှင့်ပတ်သက်ပါသည်။ ရောင်နီက ချမ်းသာချင်ဇောဖြင့် လမ်းမှားပေါ်ရောက်သွားခဲ့သော မုန်တိုင်းအား မျက်နှာချင်းမဆိုင်ချင်လောက်အောင် စိတ်နာနေခဲ့သည်။





"ဘာပဲ ဖြစ်ဖြစ်လေ၊ ရောင်နီ သူ့အပေါ် ဘယ်လောက်ပဲစိတ်နာနာ၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ ဖြစ်ဖြစ်တော့မနက်ဖြန် သူရုံးထုတ်တဲ့အခါ သွားပြီး တွေ့သင့်တယ်"

"ဟင့်အင်း၊ ကိုမင်း၊ ရောင်နီ သူ့ကို ဘယ်တော့မှ မတွေ့နိုင်ဘူး၊ တွေ့လဲ မတွေ့ချင်ဘူး"

သူ၏ တိုက်တွန်းမှုအား သူမ ငြင်းဆန်လိုက်သဖြင့် သူစိတ်ပျက်သွားရသည်။ ထိုအတောအတွင်း သူ့အား ပိုမိုစိတ်ပျက်ဖွယ်ကောင်းမည့် ကိစ္စတစ်ခုပေါ် ပေါက်လာခဲ့သည်။

တခြားမဟုတ်။

ရောင်နီနှင့် သူ့အား နေရာချထား ပေးရန် ရောင်နီ့မိခင်နှင့်သူ၏မိဘများက အတင်းအကျပ် စီစဉ်လာခြင်းဖြစ်သည်။ သူ့အားအထင်လွဲ နာကြည်းနေသည့် မုန်တိုင်း၏နာကြည်းမှုတို့ ပိုမိုပြင်းထန်ပေါက်ကွဲသွားစေနိုင်မည့် ထိုကိစ္စကို သူလက်ခံဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

သူ၏သူငယ်ချင်း ချိုလင်းကတော့ . .

"ငါကြိုတင်နိမိတ်ဖတ်ထားတဲ့အတိုင်း ဖြစ်လာပြီ မဟုတ်လား" . . ဟု ဆို၏။

"မင်း နိမိတ်ဖတ်ထားတဲ့အတိုင်း ဖြစ်လာပေမယ့် အဲဒီကိစ္စကို ငါငြင်းရမယ် ချိုလင်း၊ မုန်တိုင်း ငါ့အပေါ် ဒီထက်ပိုပြီး နာကြည်းမသွားစေချင်ဘူး၊ နောက်ပြီး မုန်တိုင်းအပေါ် ငါ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

မဖောက်ချင်ဘူး၊ ခု ငါ့ခေါင်းထဲမှာ ရှိနေတာ မုန်တိုင်းရဲ့ အမှုကိစ္စပဲ"

လူကြီးများ စီစဉ်သည့်ကိစ္စအား ငြင်းဆန်ရန် အမှန်တကယ်ပင် သူဆုံးဖြတ်ထားခဲ့ပါသည်။ ထိုကိစ္စအား ဆွေးနွေးရန်အတွက် ရောင်နီနှင့် နှစ်ယောက်တည်း တွေ့ဆုံစဉ်မှာတော့ သူ၏ငြင်းဆန်မှုအား မည်သို့စတင်ရမှန်း စဉ်းစားမရအောင်ဖြစ်နေမိ၏။ နောက်ဆုံးတော့ ရောင်နီ့ကိုပင် သူ စတင်မေးမြန်းလိုက်သည်။

"လူကြီးတွေစီစဉ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရောင်နီဘယ်လိုသဘောရသလဲ"

"မပြောတတ်ဘူး"

ရောင်နီ့စကားကြောင့် သူ အားတက်သွားသော်လည်း သူ၏ အားတက်မှုက ဆက်ပြောလာသည့်ရောင်နီ့စကားကြောင့် ချက်ချင်းပင် လွင့်ပြယ်သွားရပါသည်။

"ဒါပေမယ့် ရောင်နီ ခေါင်းညိတ် သဘောတူလိုက်တယ်"

သူ သက်ပြင်းတစ်ချက်ခိုး၍ ချလိုက်ချိန်၌ . . .

ရောင်နီက မေး၏။

"ကိုမင်းကရော ဘယ်လိုဖြစ်ချင်သလဲ"

ထိုမေးခွန်းဖြေဆိုရန် သူ အထူးသတိထားရမည့်အပြင် ပါးနပ်လိမ္မာရန်လည်း အလွန်အရေးကြီးပါသည်။





"ကိုယ်ကတော့ . . ရောင်နီ မုန်တိုင်းကို စောင့်သင့်တယ်လို့ထင်တာပဲ"

"ရောင်နီ့ဘဝမှာ မုန်တိုင်းဆိုတာ မရှိတော့ဘူး ကိုမင်း၊ နောက်လဲ ဘယ်တော့မှရှိလာမှာ မဟုတ်တော့ဘူး"

ထို့နောက် သူမ အကြာကြီး ငြိမ်သက်သွားပြီး အဝေးတစ်နေရာသို့မျှော်ငေး၍ သူ့အား ရည်ရွယ်ပြောသည်လား၊ သူမဖာသာ တစ်ယောက်တည်း ရေရွတ်နေတာလား မသေချာသည့်စကားသံတို့ သူမထံမှ တစ်လုံးချင်း ထွက်ပေါ်၍လာသည်။

"တကယ်လို့ ကိုမင်းနဲ့ ရောင်နီ လက်ထပ်ဖြစ်ခဲ့ရင် သိပ်မကြာခင်ကတို့မှာ ကလေးတစ်ယောက်ရှိလာလိမ့်မယ်၊ သားဆိုရင် အဲဒါဟာ ကိုမင်းရဲ့သားပဲ၊ သမီးဆိုရင်လဲ အဲဒါ ကိုမင်းရဲ့ သမီးပဲ၊ ဒါပေမယ့် အဲဒီကလေးရဲ့အဖေကတော့ ကိုမင်း ဘယ်တော့မှ မဖြစ်နိုင်ဘူး"

ပထမဦးဆုံး သူအံ့အားသင့်သွား၏။ ထို့နောက် တုန်လှုပ်သွား၏။ နောက်ဆုံးမှာတော့အခြေအနေအရပ်ရပ်ကို နားလည်သွားပြီး ငြင်းဆန်ရန် စိတ်ကူးထားသည့် သူ၏ဆုံးဖြတ်ချက်တို့ကို ချက်ချင်းပင် သူ့ဖာသာ ပြန်လည်ခြေမွပစ်လိုက်ပါသည်။

"ဒါဖြင့် ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်"

သူ ပြောလိုက်တော့ သူမ သူ့အားမော့ကြည့်ရင်း . .

"ကိုမင်း ရောင်နီ့ကို ကတိတစ်ခုပေးရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ရောင်နီ"

"ခုကိစ္စတွေကို ရောင်နီနဲ့ ကိုမင်းကလွဲပြီး ဒီကမ္ဘာပေါ်မှာ တခြားဘယ်သူမှ မသိစေရဘူးလို့ ကိုမင်း ကတိပေးပါ"

သူ အတန်ကြာတွေဆိုင်းနေပြီးမှ သူမ တောင်းဆိုသော ကတိကို ပေးလိုက်ပါသည်။

♥♥♥

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

(၁)

လမ်းမများပေါ်၌ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့သော မုန်တိုင်း၏ဘေးနားသို့ ကားတစ်စီး ကျွီခနဲ ထိုးရပ်လာပြီး ဘေးမှန်တစ်ချပ် နိမ့်ဆင်းလာ၏။

"ကားပေါ်တက် မုန်တိုင်း"

အသံဩဩနှင့် သူ့အား လှမ်းပြောလာသည့် ကားပေါ်မှ အဘိုးကြီးကို မြင်ဖူးသလိုလိုရှိသော်လည်း မည်သူမှန်း သူ ချက်ချင်းစဉ်းစား၍မရ၊ နောက်မှ တဖြည်းဖြည်းမှတ်မိလာ၏။

အလုပ်ကိစ္စတစ်ခု၌ ကိုစိန်မြ မိတ်ဆက်ပေးသဖြင့် ဆုံခဲ့ဖူးသော ဦးပန်းထိုက်ဟူသည့် လူကြီးဖြစ်သည်။

အဓိပ္ပာယ်မဲ့စွာ လမ်းလျှောက်နေရခြင်းကို စိတ်ပျက်နေပြီဖြစ်သဖြင့် ကားတံခါးဖွင့်ကာ ချက်ချင်းပင်ကားပေါ်သို့ သူ တက်ထိုင်လိုက်ပါသည်။

"မင်း ဘယ်နေ့က လွတ်လာတာလဲ"





"ဒီနေ့ပဲ၊ နေစမ်းပါဦး ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကို ကားပေါ်ခေါ်တင်တာလဲ"

"ငါမင်းကို ကျေးဇူးဆပ်ချင်လို့၊ စိန်မြကြီးကတော့ အထဲမှာတော်တော်ကြာကြာ နေရဦးမယ်နဲ့ တူတယ်"

"ဟုတ်တယ် ကျွန်တော်က လျှော့ရက်နဲ့ စောစောလွတ်လာတာ၊ နေပါဦး စောစောက ကျေးဇူးဆပ်ချင်လို့ဆိုတာ ဘာကိုပြောတာလဲ"

သူ နားမလည်စွာ မေးလိုက်တော့. . . ဦးပန်းထိုက်က တစ်ချက်ရယ်လိုက်ပြီး "မင်းတို့ ကျေးဇူးတွေ ငါ့မှာရှိလို့ပေါ့"ဟု ပြောသည်။

"မင်းတို့ အမှုဖြစ်တုန်းက ကားပေါ်က ပစ္စည်းတွေဟာ ငါခိုင်းလို့ သယ်လာရတဲ့ ပစ္စည်းတွေပါလို့ ပြောလိုက်ရင် ငါ ခုချိန်ဆို အထဲမှာရောက်နေပြီပေါ့၊ ဒါပေမယ့် မင်းတို့မပြောခဲ့လို့ ကျေးဇူးတင်တယ်လို့ ပြောတာ"

"ဘာ. . ကျေးဇူးတင်စရာရှိလို့လဲ ဦးပန်းထိုက်ရဲ့၊ ပစ္စည်းတွေက ခင်ဗျားနဲ့မှ မပတ်သက်တာ ကိုစိန်မြဟာတွေပဲ"

သူ့စကားအဆုံး ဦးပန်းထိုက် ဟက်ဟက်ပက်ပက် ရယ်မောပြီး. . . "မင်း တော်တော်ထုံသေးတာပဲ မုန်တိုင်း၊ စိန်မြနောက်မှာ. . ငွေထုတ်ပေးတဲ့ လူတစ်ယောက်ရှိတာ မင်းမေ့နေပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူ နားလည်သွားပါသည်။

"ဒါဆို ကိုစိန်မြရဲ့ ဆရာကြီးက ခင်ဗျားပေါ့"

"အဲဒါကြောင့် မင်းကို ကျေးဇူးဆပ်ချင်တယ်လို့ ပြောတာပေါ့ မုန်တိုင်းရဲ့ ကဲ ငါတို့ ဆိုင်ကောင်းကောင်း တစ်ဆိုင်မှာ ညစာသွားစားကြမယ်"

အစားကောင်း အသောက်ကောင်းများနှင့် ဝေးကွာနေခဲ့တာကြာပြီဖြစ်သော သူ့အတွက် အလွန် အရသာရှိလှသည့် စကားပဲဖြစ်သည်။ ဆိုင်ရောက်တော့ လာချပေးသမျှ ဟင်းပွဲတို့ကို တစ်ပွဲမှ အလွတ်မခံဘဲ သူ အကုန်စားပစ်လိုက်သည်။

"ဒီညအဖို့တော့ ဟိုတယ်တစ်ခုခုမှာမင်းကောင်းကောင်း အနားယူလိုက်၊ ငါ့အသိ ဟိုတယ်တစ်ခုရှိတယ်၊ ငါ လိုက်ပို့ပေးမယ်၊ ဟောဒီမှာ မင်းသုံးဖို့ ငွေနည်းနည်းယူထားဦး"

ပိုက်ဆံအိတ်ကြီးဖွင့်၍ ငွေစက္ကူတစ်ထုပ်လှမ်းပေးသည်။

ငွေနည်းနည်းယူထားဦး ဟုဆိုသော်လည်း ၎င်းလှမ်းပေးသည်က ငါးရာတန် တစ်ထုပ်ဖြစ်နေသဖြင့် သူ ဦးပန်းထိုက်ကို မေးလိုက်သည်။

"ဘာလဲ ဦးပန်းထိုက် ကျွန်တော် အလုပ်ပြန်လုပ်ချင်လာအောင် မြူဆွယ်နေတာလား"

မျက်လုံးများ မှေးစင်းသွားအောင် ရယ်ရင်း ဦးပန်းထိုက် ခေါင်းညိတ်၏။





"အဲဒါလဲ ပါတာပေါ့ကွာ၊ ဒါပေမယ့် မင်း ပြန်လုပ်လုပ် မလုပ်လုပ် ပြဿနာမရှိပါဘူး၊ ကျေးဇူးဆပ်တယ်လို့ပဲ သဘောထားလိုက်ပါ"

ဦးပန်းထိုက်၏ ဆက်ဆံရေးပါးနပ်လိမ္မာမှုကို သူ အသိအမှတ်မပြုဘဲ မနေနိုင်တော့ပါ။

"ခင်ဗျား အခေါ်အပြောတော်တော်ညက်တယ် ဦးပန်းထိုက်၊ ဒါပေမယ့် လောလောဆယ် ကျွန်တော့်မှာ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ အခြားလုပ်စရာကိစ္စလေးတစ်ခုရှိနေသေးတယ်၊ အဲဒါကို အရင်လက်စသတ်ချင်တယ်"

"ငါ သိပါတယ်၊ မင်း တစ်ယောက်ယောက်ကို နှိပ်မလို့မဟုတ်လား"

"တစ်ယောက်မဟုတ်ဘူး နှစ်ယောက်၊ ကျွန်တော့်အပေါ် သစ္စာဖောက်သွားခဲ့တဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို နည်းနည်းလောက် ပညာပြန်ပေးမလို့"

"အကူအညီလိုရင်လဲ ပြောပေါ့"

ဦးပန်းထိုက်က ဖော်ရွေသံအပြည့်နှင့်ပြော၏။

▼

ထိုနေ့ညက ဦးပန်းထိုက်၏ကျေးဇူးကြောင့် လေအေးစက်တပ် ဟိုတယ်ခန်းတစ်ခုအတွင်းရှိ အိစက်ညက်ညောသည့်



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာပေါ်၌ အိပ်ခွင့်ရသော်လည်း သူ တော်တော်နှင့် အိပ်မပျော်ပါ။

သူ့အပေါ် ပိုရိုသေသပ်စွာ သစ္စာဖောက်သွားကြသော သီဟနှင့် ရောင်နီတို့၏ မျက်နှာကို တစ်လှည့်စီ မြင်ယောင်ကာ ခံပြင်းနာကြည်းနေမိသည်။

သူနှင့် မခွဲနိုင်ပါဘူးဟူသော သူမသည် သူထောင်ကျပြီး နောက်နေ့မှာပင် သီဟနှင့်လက်ထပ်သွားခဲ့၏။

ထို့ထက်ပို၍ ကြေကွဲစရာကောင်းသည့် ကိစ္စကတော့ သူ့အားစီရင်ချက်ချသည့်နေ့က သူ့မျက်စိရှေ့မှာပင် သူအလွန်ချစ်သော အမေသေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

သူ စိုးရိမ်တကြီးဖြင့် အမေဟု လှမ်းအော်လိုက်သော်လည်း သူ့ အော်သံကို အမေကြားနိုင်စွမ်း မရှိတော့ပါ။

တရားခွင်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်လျက် သီဟအပါအဝင် လူအတော်များများ အမေ့နားသို့ ရောက်ရှိသွားကြသော်လည်း သူကတော့ အဝေးမှ လှမ်းကြည့်နေရုံမှတစ်ပါး အမေ့နားသို့ သွားခွင့်မရခဲ့။

နောက်ရက်၌ . . .

သီဟ သူ့အား ထောင်ဝင်စာလာတွေ့၏။

"မင်းအမေ ဆုံးသွားတဲ့အတွက် ငါ စိတ်မကောင်းပါဘူး မုန်တိုင်း"





သူ သီဟအား ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ အံကိုသာ ကြိတ်ထားမိသည်။

"မင်း. . ငါ့ကို တစ်ခုခု မပြောတော့ဘူးလား မုန်တိုင်း၊ အပြစ်တင်တဲ့စကားပဲဖြစ်ဖြစ် နောက်ဆုံး ဆဲလိုက်တာပဲ ဖြစ်ဖြစ်ပေါ့ကွာ"

"ငါ. . မဆဲပါဘူး သီဟ၊ မင်းသိပ်ကြားချင်ရင်တော့ ငါ တစ်ခုမက ပြောလိုက်ပါ့မယ်၊ သူ့ရည်းစားလိုချင်လို့ သူ့ချစ်သူကို ထောင်ထဲပို့တတ်တဲ့ လူတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်ခဲ့ဖူးတဲ့ အတွက် ခုထိ ငါ့ကိုယ်ငါ ယူကျုံးမရ ဖြစ်လို့ မဆုံးဘူး၊ မင်းကြောင့် ငါထောင်ထဲ ရောက်ခဲ့ရတယ်၊ မင်းကြောင့် ငါ ရောင်နီ့ကိုဆုံးရှုံးခဲ့ရတယ်၊ ပြီးတော့ မင်းကြောင့် ငါ့အမေ သေခဲ့ရတယ်၊ အဲဒါတွေကို မင်းဘယ်တော့မှ မမေ့ပါနဲ့၊ ငါလဲ တစ်သက်လုံး မမေ့အောင် ကြိုးစားနေမှာပါ၊ မင်းပြန်နိုင်ပြီ သီဟ၊ နောက်နောင် . . မင်း ဘယ်တော့မှ ငါ့ကို လာမတွေ့နဲ့"

သူ ခပ်ပြတ်ပြတ်ပြောလိုက်တော့ သီဟ ခေါင်းငိုက်စိုက်ချကာ တိတ်ဆိတ်သွားပြီးမှ ရုတ်တရက်ပြောသည်။

"ကောင်းပြီလေ မင်းမလာနဲ့ဆိုလဲ ငါ မလာတော့ပါဘူး၊ ဒါပေမယ့် မင်းအထင်လွဲနေတဲ့ ကိစ္စအားလုံးဟာ ငါစေတနာနဲ့ အကောင်းဆုံး လုပ်ခဲ့တာကိုတော့ မင်း မှတ်ထားပါ၊ မင်းကို ငါ ဖြေရှင်းပြချင်ပေမယ့် ငါ မဖြေရှင်းတော့ဘူး မုန်တိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဖြေရှင်းပြလဲ ငါက နားထောင်မှာမှ မဟုတ်ဘဲ သီဟ"... သူ့စိတ်ထဲမှ ပြန်ပြောလိုက်သည်။

♥

ထို့နောက်ပိုင်းမှာတော့ သီဟ သူ့ဆီ လုံးဝမလာတော့ပါ။ သူကတော့ သီဟနှင့် ရောင်နီတို့ သတင်းကို တစ်ပတ်တစ်ခါ ထောင်ဝင်စာ လာတွေ့သော ကိုစိန်မြ၏မိန်းမနှင့် တစ်ခါတစ်ရံ သူ့ထံရောက်ရှိလာတတ်သော သန်းရွှေတို့ထံမှ တစ်ဆင့် အမြဲမပြတ် စုံစမ်းနေခဲ့သည်။

ရောင်နီ ကိုယ်ဝန်ရှိနေပြီ၊

ရောင်နီ ကလေးမွေးတယ်၊ ယောကျ်ားလေးတဲ့။

သီဟနဲ့ လုံးဝမတူဘူး၊

ဒါပေမယ့် ရောင်နီနဲ့တော့ ချွတ်စွပ်ပဲ။

ရောင်နီ့အမေ ဆုံးသွားပြီ။

သီဟကတော့ ဆရာဝန်ဖြစ်တော့မယ်။

သူတို့ရွှေတောင်ကြားထဲမှာ အိမ်ခွဲနေကြတယ်။

ဒေါ်နွယ်နီဦးရဲ့ လုပ်ငန်းတွေကို ရောင်နီပဲ ဦးဆောင်ပြီး ဆက်လုပ်နေတယ်။ သီဟကတော့ ဆေးခန်းထိုင်လိုက် ဂေါက်ရိုက်လိုက်ပဲ။ သူတို့ အိမ်ထောင်ရေး အဆင်ပြေပုံရတယ်။

၎င်းတို့၏ သတင်းကို သူ မပြတ် နားစွင့်နေခဲ့ရပါသည်။

သူတို့ အိမ်ထောင်ရေး အဆင်ပြေသတဲ့လား။





သိပ်ပျော်စရာ ကောင်းတဲ့ မိသားစုလေးတစ်စု မကြာခင် မုန်တိုင်း အတိုက်ခံရသလို ဖရိုဖရဲဖြစ်သွားအောင် ငါ လုပ်ပြမယ်။

သူ့စိတ်ထဲမှ မပြတ်ကြွေးကြော်ရင်း ထောင်မှ လွတ်မည့်ရက်ကို မျှော်လင့်ကြီးစွာ စောင့်စားနေခဲ့သည်။

ယခင်က ထစ်ခနဲရှိသည်နှင့်လက်ပါတတ်သော မုန်တိုင်း တစ်ယောက် ထောင်ထဲ၌ ရန်လုံးဝမဖြစ်အောင် သတိကြီးစွာ နှင့်နေခဲ့ပါသည်။သူ လျှော့ရက်များများရပြီး မြန်မြန်လွတ်လာအောင် ပြဿနာ အဖြစ်မခံနိုင်ပါ။ တတ်နိုင်သမျှ အေးဆေးစွာ နေခဲ့၏။

ဤသို့ဖြင့် ခန့်မှန်းရက်ထက် ပိုမိုစောစီးစွာ သူ ထောင်ထဲမှ ထွက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သူ အလွန်တောင့်တနေခဲ့သော လွတ်လပ်ခြင်းကို သူပိုင်ဆိုင်နိုင်ခဲ့ပြီ ဖြစ်၏။ ယနေ့မှစ၍ သူလုပ်ချင်တာတွေကို လွတ်လပ်စွာ လုပ်ကိုင်နိုင်တော့မည် ဖြစ်သည်။

"ငါလာပြီ သီဟ၊ မင်းတို့မိသားစု စိတ်ဆင်းရဲဖို့အတွက် မုန်တိုင်းလာပြီ"

သူ ပါးစပ်မှအသံထွက်ပြီး ရေရွတ်လိုက်၏။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၂)

သီဟတို့မိသားစုအား လက်တုံ့ပြန်ရန် မည်သည့်နည်းက အထိရောက်ဆုံးဖြစ်မလဲဟုသိရှိနိုင်ရန် ၎င်းတို့မိသားစု၏နေ့စဉ် လှုပ်ရှားမှုများကို ပထမဦးစွာ သူ လေ့လာရပါသည်။

ထိုသို့ လေ့လာနိုင်ရန်အတွက် ဦးပန်းထိုက်၏အကူအညီ ဖြင့် သူပိုင်မဟုတ်သော်လည်း သူပိုင်သဖွယ် အသုံးပြုနိုင်မည့် ဆလွန်းကားတစ်စီးကို သူ အသုံးပြုခဲ့၏။

ထိုကားဖြင့် ၎င်းတို့၏ နေ့စဉ်လှုပ်ရှားမှုများကို သူလေ့ လာခဲ့ခြင်း ဖြစ်သည်။ မနက် ရှစ်နာရီခွဲသည်နှင့် ရောင်နီက ကားကို ကိုယ်တိုင်မောင်း၍ သူမ၏ ကုမ္ပဏီသို့ သွား၏။ ရောင်နီ ထွက်သွားပြီး သိပ်မကြာခင်မှာပင် ဒရိုင်ဘာမောင်းသည့်အခြား ကားတစ်စီးနှင့် သီဟတို့သားအဖ အိမ်မှထွက်သည်။

သားဖြစ်သူကောင်းမြတ်သူအား ၎င်းတို့အိမ်နှင့် အနည်း ငယ်လှမ်းသည့်ကျောင်း၌ ဝင်ချပြီးမှ သီဟဆေးရုံသို့သွားသည်။





ညနေပိုင်း ရောင်နီ အိမ်သို့ပြန်လာချိန်၌ သီဟက အိမ် မပြန်ဘဲ မြို့လယ်ကောင်မှ ဆေးခန်းသို့ တန်းသွားပြီး အတော် ညဉ့်နက်မှ အိမ်သို့ ပြန်တတ်သည်။

သီဟ၏ဆေးရုံမှ ဆေးခန်းသို့ ကူးခြင်း၊ ဆေးခန်းမှ အိမ် ပြန်ခြင်း၊ ကောင်းမြတ်သူဟူသော ချာတိတ်လေးအား ကျောင်း ကြိုခြင်းစသော ကိစ္စအားလုံးကို ယာဉ်မောင်းဖြစ်သူက တာဝန် ယူရသည်။

စနေ၊ တနင်္ဂနွေနေ့ နံနက်ပိုင်း ဂေါက်ကွင်းသွားသော အချိန်များ၌သာ သီဟတစ်ယောက်တည်း ကားကို ကိုယ်တိုင် မောင်း၍သွားတတ်သည်။ ရောင်နီကတော့ စနေ၊ တနင်္ဂနွေ အပြင်ထွက်ခဲလှ၏။ တစ်ခါတစ်ရံမှသာ သားဖြစ်သူနှင့်အတူ စတိုးဆိုင်များသို့ ဈေးဝယ်ထွက်တတ်သည်။

၎င်းတို့၏ လှုပ်ရှားမှုများသာမက ၎င်းတို့နှင့်ဆက်သွယ် နိုင်မည့် ဖုန်းနံပါတ်များ အားလုံးကိုလည်း သူ စုံစမ်းထားရပါ သည်။ ရောင်နီကိုင်သော ဆယ်လူလာဖုန်းနံပါတ်မှ သီဟ၏ ဆေးရုံဖုန်းနံပါတ်၊ ဂေါက်ကလပ်မှ ဖုန်းနံပါတ်အထိ သူ အလွတ် မပေးခဲ့ပါ။

သုံးလေးရက်ခန့် လေ့လာပြီးချိန်မှာတော့ ၎င်းတို့စိတ် ဆင်းရဲစေရန် ဘာမဆို လုပ်နိုင်ကြောင်း သူကိုယ်သူ သေချာ သွားတော့၏။

www.burmeseclassic.com



ထိုသို့လုပ်နိုင်ကြောင်း သူကိုယ်သူသိသည်ထက် သီဟတို့သိရန် ပိုအရေးကြီးပါသည်။

ထို့ကြောင့် ၎င်းတို့သိစေရန် ပထမဦးဆုံးခြေလှမ်းကို သူ စတင်လိုက်သည်။

♥

စနေနေ့မနက်၌ သူ ဂေါက်ကွင်းသို့ အစောကြီးသွားပြီး ကားပေါ်မှမဆင်းဘဲ သီဟအလာကို စောင့်ဆိုင်းနေလိုက်သည်။

သီဟ၏ ထူးခြားမှုက ၎င်းတစ်ယောက်တည်း ကားမောင်းလျှင် လေအေးစက်ကို မဖွင့်ဘဲ မှန်အကုန်ချ၍ မောင်းတတ်ပြီး ဂေါက်ကွင်းရောက်၍ ကားမှန်များ တင်လျှင် ၎င်း၏ အလောတကြီးနိုင်မှုကြောင့် ကားမှန်တစ်ချပ်မဟုတ် တစ်ချပ်က အပေါ်ထိမရောက်ဘဲ လက်နှစ်လုံးသုံးလုံးခန့် အမြဲလိုလို ဟ,နေတတ်၏။

နောက်ထပ် ဆယ်မိနစ်ခန့်အကြာတော့ သီဟ ကားရောက်ရှိလာပြီး ထုံးစံအတိုင်း ကားမှန်များကို ကမန်းကတန်းတင်ကာ နောက်ဖုံးထဲမှ ဂေါက်အိတ်ကိုယူပြီး ကွင်းထဲသို့ဝင်သွားတော့သည်။ နောက်ထပ် မိနစ်အနည်းငယ်အကြာ သီဟကားနားသို့ သူ ကပ်သွားတော့ သူ မျှော်လင့်ထားသည့်အတိုင်းပင် နောက်မှန်တစ်ချပ်က လက်နှစ်လုံးခန့် ဟ,နေပါသည်။





ထိုအတိုင်းအတာက သူလိုချင်သော အနေအထားထက် အများကြီးပိုနေပါသေးသည်။ သူ အကျႌအိတ်ကပ်ထဲမှ အဖြူရောင်အမှုန့်များ ထည့်ထားသည့် ပလတ်စတစ်အထုပ်တစ်ထုပ်ပစ်ထည့်လိုက်ပြီး ကားရှိရာသို့ အေးအေးဆေးဆေး ပြန်လာကာ ကားကို မောင်းထွက်လာခဲ့သည်။

ထို့နောက်တော့ သူ့အတွက် လုပ်စရာ အနည်းငယ်သာ ကျန်ပါတော့သည်။ လမ်းဘေးလူရှင်းသည့် စတိုးဆိုင်တစ်ခုသို့ ဝင်ပြီး သီဟ၏ ကားနံပါတ်၊ ၎င်းဂေါက်ကွင်းမှ ပြန်လာမည့် အချိန်နှင့် ၎င်းမောင်းနှင်မည့် ကားလမ်းကြောင်းတို့ပါမကျန် အနီးဆုံးရဲစခန်းသို့ သတင်းပေးလိုက်၏။

ပြီးသည်နှင့် ထိုရဲစခန်းနှင့် မလှမ်းမကမ်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ သွားထိုင်စောင့်နေလိုက်သည်။

သီဟ ဂေါက်ကွင်းမှ ပြန်ထွက်လာမည့် အချိန်လောက်မှာတော့ ထိုလက်ဖက်ရည်ဆိုင်ရှိ ဖုန်းမှတစ်ဆင့် အခြားတစ်နေရာသို့ ဆက်လိုက်၏။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

မကြားရတာ အတော်ကြာပြီဖြစ်သည့် ချိုအေးသော အသံလေးကြောင့် သူ စကားဆက်ရန် မေ့လျော့ကာ ငြိမ်သက်နေမိ၏။ "ဟုတ်ကဲ့ အမိန့်ရှိပါ" ဟု တစ်ဖက်မှ ထပ်ပြောတော့မှ သူ သတိရပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအမျိုးသား . . ပြဿနာတစ်ခု ဖြစ်ပြီး ရဲစခန်း ရောက်နေတဲ့အကြောင်း ပြောချင်လို့ပါ"

သူ့အသံကို ဖျက်၍ ပြောလိုက်ခြင်းကြောင့် သူမ သူ့အသံကို မမှတ်မိနိုင်ပါ။

"သူ့ . . ဘာ . . ဘာများ ဖြစ်လို့လဲ"

"အဲဒါတော့ သေသေချာချာ မသိဘူး၊ ခင်ဗျားရဲစခန်းကို အမြန်ဆုံးလိုက်သွားလိုက်ပါ"

သူ ရဲစခန်းရှိရာ မြို့နယ်အမည်ကိုပြောပြီး ဖုန်းချလိုက်၏။ ထို့နောက်တော့ သူကားထဲသို့ ပြန်သွားထိုင်နေလိုက်သည်။

ဆယ်မိနစ်ခန့်အကြာမှာတော့ တရကြမ်းမောင်းချလာသော ရောင်နီ့ကား ရဲစခန်းတွင်းသို့ ကွေ့ဝင်သွားလေသည်။

အင်း . . သူ့ချစ်လှစွာသော အမျိုးသားအတွက် အတော့်ကို စိတ်ပူနေရှာတယ်ထင်ပါရဲ့။ သူ လေတစ်ချက်ချွန်လိုက်ပြီး ကျေနပ်စွာဖြင့် ကားကို မောင်းထွက်ခဲ့ပါသည်။

▼

ထိုနေ့ည ရှစ်နာရီခန့်အချိန်လောက်မှာတော့ သီဟတို့အိမ်သို့ သူ ဖုန်းဆက်လိုက်၏။

တစ်ဖက်မှ ဖုန်းလာကိုင်သူမှာ သီဟဖြစ်နေသဖြင့် သူ့အတွက် ပိုအဆင်ပြေသွားသည်။





"သီဟ . . မနက်က မင်း ပြဿနာတက်တယ်ကြားလို့ သူငယ်ချင်းကောင်းပီသစွာ သတင်းမေးမလို့ ငါ ဖုန်းလှမ်းဆက်လိုက်တာ"

သူ့အသံ ကြားသည်နှင့် တစ်ဖက်မှ သီဟ၏ မျက်နှာနီရဲသွားလိမ့်မည်ဖြစ်ကြောင်း သူ အလိုလိုသိနေ၏။ သီဟ သူ့အား သွားကြားထဲမှ လေသံဖြင့် ခပ်တိုးတိုးဆဲလိုက်သည်။

"မုန်တိုင်း . . မင်းဟာ ××××ပဲ"

"ဘယ့်နှယ်ကြောင့်း . ဒီလောက် ဒေါသကြီးနေရတာလဲ သီဟရဲ့၊ မင်းနှယ်ကွာ မကြီးမငယ်နဲ့ မြေဖြူမှုန့်တွေကို ပလတ်စတစ်နဲ့ထုပ်ပြီး ကားထဲထည့်ထားရတယ်လို့ ရဲတွေတော့ တော်တော်အလုပ်ရှုပ်သွားမှာပဲ၊ တော်သေးတာပေါ့ကွာ၊ ရဲတွေ မြေဖြူနဲ့ဘိန်းဖြူကို ခွဲခြားတတ်ပေလို့၊ နောက် အဲဒီလို မဆော့နဲ့ကွာ၊ တော်ကြာ တကယ့် ဘိန်းဖြူအစစ်တွေဖြစ်နေရင် ငါ့လိုမျိုး အထဲဝင်နေရဦးမယ်"

"ခွေးသား"

သူ ဖုန်းပြန်ချလိုက်၏။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဤနောက်ပြောင်မှုကလေးကြောင့် သီဟနှင့် ရောင်နီ တစ်ပတ်လောက် အိပ်မပျော်နိုင်လောက်အောင် ဖြစ်နေမှာ အလွန်သေချာပါသည်။

▼



www.burmeseclassic.com

www.burmeseclassic.com



ထို နောက်ပြောင်မှုအပြီး သုံးလေးရက်ခန့် သူ ခြေငြိမ်လိုက်ပြီးမှ သူ၏စစ်ဆင်ရေးကို ပြန်လည်စတင်လိုက်၏။

ဒီတစ်ခါ သူ၏ပစ်မှတ်က ကောင်းမြတ်သူ. . ဟူသော ချာတိတ်ကလေး ဖြစ်သည်။ သီဟက ဆေးရုံသို့ ခပ်စောစော သွားရသဖြင့် ချာတိတ်လေးအား ကျောင်းရှေ့သို့ ချပေးခဲ့ချိန်သည် ကျောင်းတက်ခေါင်းလောင်းထိုးချိန်ထက် အမြဲလိုလို မိနစ်နှစ်ဆယ်, နာရီဝက်ခန့် စောနေတတ်၏။

ထိုမျှသော အချိန်အတိုင်းအတာသည် ချာတိတ်လေးအားစည်းရုံးရန် ကောင်းကောင်းလုံလောက်သော်လည်း သူ အလောတကြီး မလုပ်ဘဲ အဝေးမှ လေ့လာအကဲခတ်ရုံမျှသာ လုပ်နေခဲ့ပြီး အချိန်ကောင်းကို စောင့်နေခဲ့သည်။

တစ်ရက်တော့ သူ မျှော်လင့်ထားသော အချိန်အခါသို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့က ကျောင်းခန်းတံခါးနှင့်မနီးမဝေး သစ်ပင်ရိပ်၌ထိုင်ကာ ချာတိတ်က အိမ်မှ ထည့်ပေးလိုက်ဟန်တူသော ဟန်ဘာကာကို စားနေ၏။ ထိုအချိန်မှာပင် ၎င်းနှင့် ရွယ်တူကျောင်းသားလေးနှစ်ယောက် ရောက်လာပြီး ၎င်းလက်ထဲမှ ဟန်ဘာကာကို ပုတ်ချလိုက်သည်။

ကြည့်ကောင်းမယ့်ပွဲဟု သူတွေးကာ ဆက်ကြည့်နေလိုက်၏။ ချာတိတ်က ဒေါသတကြီးဟန်နှင့် တစ်ခုခုပြန်ပြောတော့ ကျောင်းသားလေးနှစ်ယောက်အနက် တစ်ယောက်က ၎င်း၏





ပခုံးကိုတွန်းလိုက်သဖြင့် ချာတိတ် နောက်ပြန်လဲကျသွားသည်။ သို့သော် ချက်ချင်းပင် လူးလဲထလာပြီး. . လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

ဟုတ်ပြီ ထိုးပစ်လိုက်စမ်း။ သို့သော် ချာတိတ်မထိုးပါ။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလျက် ၎င်းအား တွန်းလိုက်သည့် ကျောင်းသားကို ခပ်စူးစူးကြည့်ပြီး လှည့်ထွက်လာသဖြင့် သူ စိတ်ပျက်သွားရသည်။ ဘာပဲဖြစ်ဖြစ် ဤအချိန်သည် သူ ခြေလှမ်းစရန် အကောင်းဆုံးအချိန် ဖြစ်သဖြင့် ကားပေါ်မှဆင်းပြီး ချာတိတ်ထံသို့ လျှောက်လာခဲ့သည်။

၎င်းက သူ့ကိုမြင်သည်နှင့် ချက်ချင်းမှတ်မိပါသည်။

"မင်းကို စော်ကားတာ မင်းဘာဖြစ်လို့ ပြန်မထိုးတာလဲကွ၊ ဘာလဲ ကြောက်လို့လား"

သူမေးလိုက်တော့ ချာတိတ်၏မျက်နှာ တင်းခနဲ ဖြစ်သွား၏။

"သားမကြောက်ပါဘူး"

"ကြောက်ပါတယ်ကွာ၊ ကြောက်လို့ မင်းလှည့်ထွက်လာခဲ့တာ မဟုတ်လား"

"မဟုတ်ဘူး ရန်မဖြစ်ချင်လို့၊ရန်ဖြစ်တာမကောင်းဘူးလို့ ဒယ်ဒီကရော မာမီကပါ မှာထားလို့ သားလှည့်ထွက်လာတာ။ သား. . သူတို့ကို မကြောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ရင် ပြန်ချပေါ့ကွာ၊ မင်းကို တွန်းလှဲလိုက်တဲ့ ကောင်ကို မင်းလက်သီးနဲ့ မထိုးချင်ဘူးလား"

"ထိုးချင်တာပေါ့၊ ဒါပေမယ့် မာမီသိရင် ဆူလိမ့်မယ်"

"မဆူစေရပါဘူးကွာ၊ ဦး. . တာဝန်ယူတယ်"

ချာတိတ်က သူ့အား ဇဝေဇဝါမော့ကြည့်သည်။ သူက ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေသော ကောင်လေးနှစ်ကောင်ကို လက်ယပ်လှမ်းခေါ်လိုက်တော့ ထိုနှစ်ယောက်က မလာချင် လာချင်ဖြင့် ပေကပ်ကပ်လုပ်နေပြီးခါမှ အနားသို့ ရောက်လာသည်။ သူက ကောင်းမြတ်သူအား တွန်းလှဲလိုက်သော ချာတိတ်ကို ရည်ရွယ်၍ပြောလိုက်သည်။

"ဟောဒီမှာ ကောင်းမြတ်သူက မင်းနဲ့ နှစ်ယောက်တည်း ချချင်လို့တဲ့"

"သူလား ချရဲမှာ၊ အလကား စကြောက်"

ထိုစကားက ကောင်းမြတ်သူ၏ မခံချင်စိတ်ကို ကောင်းကောင်းနှိုးဆွလိုက်ဟန်တူပါသည်။

ထို့အပြင် သူကလည်းအနားမှာရှိနေသဖြင့် သူ့အားကိုးနှင့်လက်သီးဆုပ်ပြီး ရှေ့သို့ တိုးထွက်သွားတော့. . တစ်ဖက်မှ ကောင်လေးကလည်း လက်သီးနှစ်ဖက်ကို ဆုပ်ပြီး အသင့်ပြင်ထားပါသည်။

"နေကြဦး. . ."





သူ ခပ်မြန်မြန်တားလိုက်ရသည်။

ပြီးမှ ချာတိတ်တွေကို ပြောလိုက်၏။

"မင်းတို့ ဒီနားမှာချရင်. . ဆရာ ဆရာမတွေ တွေ့ပြီး နှစ်ယောက်စလုံး အရိုက်ခံရမှာပေါ့၊ အဲဒီတော့ တခြားနေရာမှာ သွားချကြမယ်၊ ဦးက ဒိုင်လူကြီးလုပ်ပေးမယ် ဘယ့်နှယ်လဲ"

ချာတိတ်များက ခေါင်းညိတ်သဖြင့် သူကဦးဆောင်၍ ကျောင်းနှင့်ဝေးရာသို့ ခေါ်လာခဲ့ပြီး ကြက်တိုက်သလို ချာတိတ်နှစ်ကောင်ကို ရန်တိုက်ပေးလိုက်ပါသည်။ ကလေးနှစ်ယောက်စလုံး လက်သီးကောင်းကောင်းမထိုးတတ်ဘဲ မြေပြင်ပေါ်၌ လူးလိမ့်ကာ နပန်းလုံးနေကြသဖြင့် အင်္ကျီများသာ ညစ်ပတ်ကုန်ပါသည်။

"ကဲ. . တော်လောက်ပြီ"

ချာတိတ်နှစ်ယောက်ကို လူချင်းခွဲလိုက်၏။ ထို့နောက် အိတ်ထဲမှ ကိုးဆယ်တန်များကို ထုတ်ပြီး ချာတိတ်သုံးယောက်အား တစ်ယောက်တစ်ရွက်စီ မုန့်ဖိုးပေးလိုက်သည်။

"ဒါ. . မင်းတို့ ယောကျ်ားပီပီသသ ရန်ဖြစ်ရဲလို့ ဦးက ဆုချတာ၊ မင်းတို့ ခုလိုရန်ဖြစ်တာကို အိမ်က လူကြီးတွေ ဆရာ ဆရာမတွေကို ပြန်မတိုင်ရဘူးနော်"

"ဟုတ်ကဲ့"

"ကဲ. . ဒါဖြင့် သွားကြတော့"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်နှစ်ကောင် ထွက်သွားတော့မှ သူ ကောင်းမြတ် သူလေးအား ပြောလိုက်သည်။

"ငါက လက်သီးထိုးခိုင်းတာ မင်းက ဘာဖြစ်လို့ နပန်းလုံးနေရတာလဲ၊ ခုတော့ မင်း အင်္ကျီတွေပေကုန်ပြီ ကြည့်စမ်း၊ မင်းမာမီတော့ မင်းကို ဆူတော့မှာပဲ"

"ဦးပြောတော့ မာမီမဆူရအောင် တာဝန်ယူတယ်ဆို"

ချာတိတ်က သူ့အား အနည်းငယ်မကျေနပ်သံဖြင့် ပြောတော့၊ သူက . . .

"ဟ. . တာဝန်ယူတယ်ဆိုပေမယ့် မင်းက အင်္ကျီတွေ အကုန်လုံးပေကျံအောင်လုပ်ပစ်လိုက်တော့ ငါ ဘယ်လိုလုပ်တာဝန်ယူလို့ ဖြစ်တော့မလဲ၊ မင်းအင်္ကျီတွေ ဒီလောက်မည်းသည်း မနေရင်တော့ တာဝန်ယူရဲတာပေါ့"

သူ တမင်ဖိကြိမ်းလိုက်တော့ . . .

ချာတိတ်က ငိုမဲ့မဲ့ဖြစ်သွား၏။

"ဘာလဲကွ မင်းက ငိုချတော့မလို့လား၊ မင်း ယောကျ်ား မဟုတ်ဘူးလား"

"ယောကျ်ားဗျ"

မခံချင်သံဖြင့် တုံ့ပြန်တော့ သူ ပြုံးလိုက်မိ၏။

"ကောင်းပြီ ဒါဖြင့် ဒီလိုလုပ်ကြမယ်၊ ခု မနက်ပိုင်း မင်းကျောင်းမတက်နဲ့တော့၊ မင်း အင်္ကျီတွေ သန့်ရှင်းသွားအောင်





ငါတို့သွားလုပ်ကြမယ်၊ ဒါမှ မင်းမာမီ မရိပ်မိတော့ဘဲ မင်းအဆူမခံရမှာ၊ နေ့လယ်မုန့်စားဆင်းချိန်ကျရင် မင်းကျောင်းပြန်တက်၊ မင်းတို့ ဆရာမကို ငါကိုယ်တိုင် မနက်ပိုင်း ကျောင်းပျက်တာ နေမကောင်းလို့ပါဆိုပြီး လိုက်ပြောပေးမယ်၊ ဒါဆို မင်းမာမီရော၊ မင်းဆရာမရော၊ မင်းကို ဆူမှာ မဟုတ်တော့ဘူး"

ချာတိတ်က ဇဝေဇဝါဖြစ်နေပြီးမှ . . .

"ဦးက ဆရာမကို တကယ်လိုက်ပြောပေးမှာနော်" ဟု မေးတော့ . . .

"တကယ်ပေါ့ကွ" ဟု သူ ကတိပေးလိုက်သည်။

ဤသို့ဖြင့်၊ သူ တည်းခိုရာအခန်းလေးသို့ သွားပြီး ချာတိတ်၏အင်္ကျီကို လျှော်ကာ မီးပူတိုက်၍အမြန်ခြောက်အောင် လုပ်လိုက်ခြင်းဖြင့် အားလုံးအဆင်ပြေသွားပါသည်။

"ကဲခုဆို မင်းအဆူမခံရမှာ မဟုတ်တော့ဘူး၊ မင်း အဆူမခံရအောင် လုပ်ပေးတဲ့အတွက် မင်းနဲ့ငါ အပေးအယူ တစ်ခု လုပ်ကြမယ်၊ ဘာလဲဆိုတော့ မင်းနဲ့ငါ တွေ့တဲ့အကြောင်း မင်းအိမ်ကို လုံးဝပြန်မပြောရဘူး၊ အဲလိုမှ မဟုတ်ရင်တော့ မင်းရန်ဖြစ်တဲ့အကြောင်းကော ခုမနက်ပိုင်း ကျောင်းမတက်ဘဲ ငါနဲ့ လိုက်လာတဲ့ အကြောင်းကော မင်းမာမီကို တိုင်ပြောရလိမ့်မယ်၊ အဲ. . ဘယ်လိုလဲ"

သူ့ခြိမ်းခြောက်စကားကြောင့် ချာတိတ် တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ၊ မင်းနဲ့ငါ တွေ့တဲ့အကြောင်း မင်းအိမ်ကို ပြန်ပြောမှာလား၊ ပြောမယ်ဆိုရင်တော့ . ."

"ဟင့်အင်း သား. . မပြောပါဘူး"

"အိုကေ ဒါဆို ဒီနေ့ကစပြီး မင်းနဲ့ငါ အပေါင်းအသင်း ဖြစ်သွားပြီ"

ထို့နောက် သူကတိအတိုင်း ချာတိတ်အား အတန်းထဲ အထိလိုက်ပို့ပေးပြီး ၎င်း၏ဆရာမကိုလည်း ခွင့်တိုင်ပေးလိုက်သည်။

ဤသို့ဖြင့် ချာတိတ်၏ရင်းနှီးမှုကို ရယူနိုင်ခဲ့၏။

♥♥♥

(၃)

နောက်နှစ်ပတ်ခန့်အကြာမှာတော့ ကောင်းမြတ်သူက မုန်တိုင်းအား ကောင်းစွာခင်မင်နေပြီ ဖြစ်သလို တစ်ခါတစ်ရံ မုန်တိုင်း၏အပြောကောင်းမှုကြောင့် ကျောင်းပင်မတက်ဘဲ မုန်တိုင်းခေါ်ရာနောက်သို့ ကောင်းစွာလိုက်ရဲပြီဖြစ်သည်။

ထို့ပြင် ယခင်ကလို ရွံ့ကြောက်ကြောက် ပုံစံမျိုးလေး လည်း မဟုတ်တော့။ တစ်ခါက မုန်တိုင်းနှင့်အတူ ကားပေါ်မှာ ထိုင်နေရင်း ရှေ့၌ရပ်ထားသော ကားတစ်စီးကို လက်ညှိုးညွှန် လျက်ပြော၏။

"အဲဒါ သားနဲ့ တစ်ခါတုန်းက ရန်ဖြစ်တဲ့ကောင်ကို လာပို့ တဲ့ကားပေါ့"

မုန်တိုင်းလှမ်းကြည့်လိုက်တော့ ကားက အတော်သား နားသော တန်ဖိုးကြီးကား ဖြစ်သည်။

"ကားပေါ်မှာ ဘယ်သူမှ မရှိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကားမောင်းတဲ့ အဘိုးကြီးက ကျောင်းလာပို့ပြီး ချက်ချင်းမပြန်ဘူး၊ ဟိုနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ပြီးမှ ပြန်တာ. . .

ဒါဆို မင်းအတွက် အခွင့်အရေးပဲပေါ့၊ ရော့. . ဟောဒီကားသော့ကို ယူသွား၊ အဲဒီကားဘေးနားက ဖြတ်လျှောက်ရင်းသော့နဲ့ ကားဘော်ဒီကို ဆွဲခြစ်ပစ်ခဲ့၊ အစင်းကြောင်းကြီး ထင်အောင်ခြစ်နော်၊ ကဲ, မြန်မြန်သွား၊ ဘယ်သူမှ မရှိဘူး၊ ရဲရဲတင်းတင်းသာလုပ်ခဲ့"

ချာတိတ်က သူခိုင်းသည့်အတိုင်း လုပ်ခဲ့ပါသည်။

ကားမောင်းသည့် အဘိုးကြီးပြန်လာချိန်၌ ကားဘေးမှ အစင်းကြောင်းကြီးကို တွေ့သွားပြီး စိတ်ပျက်လက်ပျက် ခေါင်းကုတ်နေပုံကိုတွေ့တော့ . . .

ချာတိတ်အား သူပြောလိုက်သည်။

"ကဲဘယ်လောက်ပျော်စရာကောင်းလဲ၊ ဟိုမှာ အဘိုးကြီးတော့ ပျားတုပ်နေပြီ၊ တွေ့တယ် မဟုတ်လား"

"ဟုတ်တယ်နော်၊ ဟား. . . ဟား"

ချာတိတ် သဘောကျစွာ ရယ်မောသည်။

ချာတိတ်၏ အပြစ်ကင်းစင်မှုက တစ်ခါတစ်ရံသူ့အား နှုးညံ့ပျော့ပျောင်းသွားစေလျက် ချာတိတ်လေးအပေါ် ခင်မင်မှုကိုပင်ဖြစ်လာစေတတ်၏။





သို့သော် ချာတိတ်လေးအပေါ် ခင်မင်စိတ်ဝင်လာတိုင်း သူဘဝပျက်ခဲ့ရသော အကြောင်းများကို တစ်ခုချင်း ပြန်လည်စဉ်းစားလိုက်ခြင်းဖြင့် သူ့စိတ်ကို ယခင်ကထက် ပိုမိုကြမ်းတမ်းမာကျောစေခဲ့သည်။

*"ငါ ဒီကောင်လေးဆီ လာအချိန်ဖြုန်းနေတာဟာ ဒီကောင်လေးကို ခင်လို့မဟုတ်ဘူး၊*

*သီဟတို့ကို မုန်းလို့"* စိတ်ထဲမှ ထိုသို့ တီးတိုးရေရွတ်လိုက်သည်နှင့် ချာတိတ်လေးအပေါ် ခင်မင်ချင်သလိုလို ဖြစ်နေသောစိတ်များ ချက်ချင်း ပြယ်လွင့်သွားရုံမျှမက ၎င်းအပေါ် သီဟပေါက်စလေး ဟူသောအမြင်ဖြင့် မုန်းတီးစိတ်ပင် ဝင်လာတတ်သည်။

သို့သော် ချာတိတ်ကတော့ သူ၏ချဉ်းကပ်မှုကို မသိဘဲ သူ့အပေါ် အထူးခင်မင်နေလေသည်။

"ဦးနာမည်က ဘာဖြစ်လို့ မုန်တိုင်းဖြစ်နေရတာလဲဟင်"

တစ်ခါတစ်ရံ ထိုသို့ စပ်စုသောအခါများ၌ သူ စိတ်လိုလက်ရ ပြန်လည်ဖြေနေမိတတ်၏။

"မုန်တိုင်းလို ကြမ်းတမ်းလို့ပေါ့ကွ၊ မင်းကရော ဘာဖြစ်လို့ ကောင်းမြတ်သူ ဖြစ်နေရတာလဲ"

"မာမီက သားကို လောကကြီးမှာ ကောင်းမြတ်တဲ့ လူတစ်ယောက်ဖြစ်စေချင်လို့ အဲဒီနာမည်ကို ပေးတာတဲ့၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက မာမီ့မှာ သိပ်ဆိုးတဲ့သူငယ်ချင်းတစ်ယောက် ရှိဖူးတယ် တဲ့၊ အဲဒီ သူငယ်ချင်းလိုမျိုး သားလူဆိုးဖြစ်သွားမှာကို မာမီက သိပ်စိုးရိမ်တယ်တဲ့"

လက်စသတ်တော့ ငါ့ကို လူဆိုးလို့ သတ်မှတ်ထားခဲ့ကြ တာကိုး။ ကောင်းပြီလေ. . သူတို့ရဲ့သားလေးတော့ လူဆိုးတစ် ယောက် မဖြစ်နိုင်ဘူးတဲ့လား။

ကြည့်ကြသေးတာပေါ့။

"ဟေ့ကောင် ကောင်းမြတ်သူ၊ မင်း ဒီနေ့ အိမ်မပြန်ရင် ဘယ်လိုနေမလဲ"

"ဟာ. . . ဘယ်ဖြစ်မလဲ ဦးရဲ့၊ သား မာမီ ငိုနေမှာပေါ့၊ မာမီက သားကို သိပ်ချစ်တာ"

"မင်းအဖေကရော"

"ဒယ်ဒီလဲ အရမ်းစိတ်ပူနေမှာပေါ့"

ဒါဆိုရင်တော့. . သူ၏ပစ်မှတ်က ဒီချာတိတ်လေးဖြစ် ကြောင်း သေချာသွားပါတော့သည်။

"မင်းတို့ အတန်းတင်စာမေးပွဲ ဘယ်တော့ပြီးမှာလဲ"

ချာတိတ်ကလေး စာမေးပွဲဖြေဆိုရန်အလွန်နီးကပ်နေပြီ ဖြစ်ကြောင်း သိထားသဖြင့် သူ မေးလိုက်ခြင်းဖြစ်သည်။

ချာတိတ်က "ဒီလကုန်ရင် ဖြေရမှာ. . ရှေ့လဆန်းမှာ ပြီးမယ်" ဟုအဖြေပေးလိုက်တော့ ချာတိတ်ကို ပြန်ပြောလိုက်၏။





"မင်းရဲ့ စာမေးပွဲနောက်ဆုံးနေ့ကျရင် ငါတို့ ထူးထူးဆန်း ဆန်းကိစ္စတစ်ခုလုပ်ကြရအောင်"

"ဘာလုပ်မှာလဲဟင် . . ဦး"

"အဲဒီနေ့ကျတော့ မင်း သိရမှာပေါ့ကွာ"

သူ အေးဆေးစွာ ပြန်ဖြေလိုက်၏။

♥

ကောင်းမြတ်သူ၏ စာမေးပွဲနောက်ဆုံးနေ့မှာတော့ . . ဦးပန်းထိုက်ထံမှ ငှားထားသောဆိုင်ကယ်ဖြင့် သူကျောင်းရှေ့သို့ ရောက်ရှိလာခဲ့သည်။

ကျောင်းရှေ့၌ ကျောင်းသားမိဘများ၏ ကားများက ထူထပ်များပြားလွန်းလှသဖြင့် သူသာ ဆိုင်ကယ်နှင့်မဟုတ်ဘဲ ကားနှင့် လာမည်ဆိုပါက ကောင်းမြတ်သူအား ရှာဖွေတွေ့ရှိဖို့ မဆိုထားနှင့် သူ့ကားရပ်ရန် နေရာကိုပင် အတော်ရှာယူရပါလိမ့် မည်။

ယခုတော့ ဆိုင်ကယ်နှင့် လာရန် ဆုံးဖြတ်ခဲ့ခြင်းက သူ့ အတွက် မှန်ကန်သွားခဲ့ပါသည်။ ကျောင်းဝင်းတံခါးဝဆီသို့ ရောက်ရန် ကားကြိုကားကြားအတွင်းမှ ဖြည်းညင်းစွာ မောင်း လာရင်း ချာတိတ်အား လာကြိုမည့် သီဟတို့အိမ်မှကားကို လိုက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက် ကားသုံးလေးစီးအကြား ချောင်ပိတ်မိနေသော သီဟတို့အိမ်မှကားနှင့်အတူ ယာဉ်မောင်းသူကို ပါတွေ့ရသဖြင့် ၎င်းနားသို့ သူမောင်းသွား၏။

အနားရောက်တော့ အနက်ရောင်လေကာ မှန်တပ်ဆင်ထားသည့် ဆိုင်ကယ်စီးဦးထုပ်ကို မချွတ်ဘဲ ရှေ့မှန်ကိုသာ အနည်းငယ်ပင့်၍ ယာဉ်မောင်းကို သူ မေးလိုက်သည်။

"ဒါ. . ဒေါက်တာသီဟမင်းဒင်တို့အိမ်က ကားလား"

"ဟုတ်ပါတယ်"

"ဒါဆို ဟောဒီစာလေး ဒေါက်တာ့ကို ပေးလိုက်ပါ"

စာအိတ်တစ်အိတ်ကို သူထုတ်ပေးခဲ့ပြီး ရှေ့သို့ ဆက်မောင်းခဲ့သည်။ ကျောင်းပေါက်ဝ ရှေ့တည့်တည့်သို့ ရောက်တော့ ကျောင်းလွှတ်ချိန်နှင့် ကွက်တိဖြစ်နေသဖြင့် ကောင်းမြတ်သူအား သူ သိပ်မစောင့်လိုက်ရပါ။

"ဟော့ကောင် ကောင်းမြတ်သူ"

ကျောင်းထဲမှ ထွက်လာသည့် ချာတိတ်ကို သူ လှမ်းခေါ်လိုက်ရင်း ဦးထုပ်ရှေ့မှလေကာမှန်ကို ပင့်တင်လိုက်တော့သူမှန်းသိသွားပြီး ချာတိတ်၏မျက်နှာဝင်းလက်သွား၏။

"ကဲ. . ဆိုင်ကယ်ပေါ်တက်"

ချာတိတ် ဇဝေဇဝါဖြင့် သူ့အား "သားတို့အိမ်က ကားလာကြိုလိမ့်မယ်" ဟု ပြောတော့. . .





"ငါသိပါတယ်၊ မင်းအိမ်ကကား နောက်က လိုက်လာလိမ့်မယ်၊ ငါ ပြောခဲ့ပြီးပြီ ခု မင်းအိမ်ကို သွားမှာ" ဟုပြောလိုက်တော့၊ ချာတိတ် ယုံကြည်စွာဖြင့် ဆိုင်ကယ်ပေါ်သို့ ရောက်ရှိလာပါသည်။

သူ တစ်ယောက်တည်း ကျိတ်ပြုံးရင်း ဆိုင်ကယ်ကို ဖြည်းဖြည်း မောင်းထွက်လာခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## (၄)

သံပရာပင်များ တန်းစီစိုက်ကပျိုးထားသည့် ခြံကျယ်ကြီးထဲရှိ တဲအိမ်လေးတစ်လုံးထဲ၌ ကောင်းမြတ်သူက သူ့အား "ဦး. . သားကိုအိမ်ပြန်ပို့ပေးမယ်ဆိုပြီး ဘာဖြစ်လို့ ဒီကိုခေါ်လာတာလဲ" ဟု. . . မေးလာချိန်၌ သီဟတို့လင်မယား ခုချိန်လောက်ဆို ငါ့စာကို ဖတ်ပြီးတော့ ပျာယာခတ်နေတော့မှာပဲဟု တွေးကာ သူ ပြုံးလိုက်မိသည်။

မလှမပ လက်ရေးနှင့် ရေးပေးလိုက်သော သူ၏စာကို ပြန်လည်စဉ်းစားလိုက်၏။

**သီဟနဲ့ရောင်နီ . . .**
**မင်းတို့ရဲ့ ချစ်လှစွာသော သားလေးကို**
**နွေရာသီ ကျောင်းပိတ်ရက်မှာ အပျင်းပြေဖဟု**
**သုတလည်း ရအောင်ဆိုပြီး ငါခေါ်သွားတယ်၊**
**ကျောင်းဖွင့်ခါနီး ငါပြန်ပို့ပေးမယ်။**



**ဒီအတောအတွင်း အရပ်ဝတ်ရဲနှစ်ယောက်**
**လောက်ခေါ်ပြီး မြန်မာပြည်အနှံ့ ငါ့ကို လိုက်ရှာ**
**ချင်လည်းလိုက် ရှာနိုင်တယ်၊ အဲဒါဆိုရင်တော့**
**မင်းတို့သားလေးရဲ့အနာဂတ် တစ်မျိုးတစ်ဖုံ**
**ပြောင်းသွားလိမ့်မယ်။**

**မင်းတို့ရဲ့သူငယ်ချင်း**
**မုန်တိုင်း**

**(P.S) ယောက်ျားတစ်ယောက်တတ်အပ်တဲ့ အတတ်ပညာတွေအားလုံး သူ့ကို ငါ သင်ပေးလိုက်ပါ့မယ်။**

စာမှာ တိုတောင်းလှသော်လည်း သီဟတို့ စိတ်ဆင်းရဲဖို့အတွက်တော့ ကောင်းကောင်းလုံလောက်ပါလိမ့်မည်။

"ဦး. . သားမေးနေတယ်လေ၊ ဘာလို့ ဒီကိုခေါ်လာတာလဲလို့၊ သား အိမ်ပြန်ချင်တယ် ပြန်လိုက်ပို့ပေးပါ"

ကောင်းမြတ်သူ၏အသံကြောင့် သူ အတွေးပြတ်သွားပြီး ချာတိတ်လေးကို မော့ကြည့်လိုက်၏။

"မင်း အိမ်မှာဆိုရင် မင်းဘယ်ကိုမှ ထွက်ခွင့်ရမှာမဟုတ်ဘူး၊ နောက်နှစ်တက်ရမယ့် အတန်းအတွက် ကျူရှင်ဆရာတွေခေါ်ပြီး မင်းမာမီက မင်းကို တစ်နေ့လုံး စာသင်ခိုင်းလိမ့်မယ်၊ တစ်ခါတလေ သိပ်ကောင်းမှသာ မင်းမာမီ ဈေးဝယ်ထွက်တဲ့နောက်ကို မင်းလိုက်ခွင့်ရမယ်. . .



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် မင်း စားချင်တာတွေ၊ ဝယ်ချင်တာတွေ မင်းစိတ်ကြိုက် စားခွင့်ဝယ်ခွင့် ရမှာမဟုတ်ဘူး၊ သူ ခွင့်ပြုတာပဲ မင်းဝယ်ရမယ်၊ ငါနဲ့နေရင် မင်းလုပ်ချင်တာလုပ်လို့ရမယ်၊ သွားချင်တဲ့ဆီသွားပြီး စားချင်တာစား၊ ကျောင်းပြန်ဖွင့်ခါနီးရင်တော့ မင်းကို ငါပြန်လိုက်ပို့မယ်၊ ကဲ, မင်းကြိုက်တာရွေး"

"သား. . အိမ်ပဲ ပြန်ချင်တယ်"

ချာတိတ်က စူပုပ်ပုပ်မျက်နှာလေးနှင့်ပြောတော့ သူ ခေါင်းညိတ်ခွင့်ပြုလိုက်သည်။

"ကောင်းပြီ၊ ဒါဆို ဒီခြံရှေ့က မြေနီလမ်းလေးအတိုင်း တည့်တည့်ထွက်သွား၊ အဝေးပြေးလမ်းမကြီးပေါ် ရောက်သွားလိမ့်မယ်၊ အဲဒီကနေ ကားတစ်စီးစီးကို တားစီးပြီး မင်းအိမ်ပြန်တော့"

ချာတိတ်က ငိုမဲ့မဲ့မျက်နှာနှင့် ပြန်မေး၏။

"ဦးက လိုက်မပို့ဘူးလား"

"ပို့မယ်. . ဒါပေမယ့် ခုမဟုတ်ဘူး၊ ကျောင်းဖွင့်ခါနီးမှ၊ လောလောဆယ် ပြန်ချင်ရင်တော့ ငါပြောတဲ့နည်းအတိုင်းပြန်"

ချာတိတ်က အောက်နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ပြီး ချာခနဲလှည့်ထွက်သွားပါသည်။ သူ စီးကရက်တစ်လိပ်ကို မီးညှိကာ ပက်လက်ကုလားထိုင်ပေါ် သို့ စိတ်အေးလက်အေး ထိုင်ချလိုက်ပြီး စီးကရက်ကို ဖွာရှိုက်နေလိုက်သည်။





စီးကရက်တစ်လိပ် ကုန်သွားပြီး. . တအောင့်လောက် အကြာမှာတော့ အိမ်တံခါးဝ ဆီမှ အသံတိုးတိုးလေး ထွက်ပေါ် လာသည်။ "ကျောင်းဖွင့်ခါနီးရင်တော့ ဦး တကယ်လိုက်ပို့ပေးမှာနော်" . . . တဲ့။

သူ ဟက်ခနဲ ရယ်မောလိုက်ပြီး "ဒါပေါ့ကွ၊ အသေအချာကို လိုက်ပို့ပေးမှာပေါ့". . . ဟု ပြန်ဖြေလိုက်သည်။

♥

"တောက်. . ."

ဘဝမှာ အလွန်ဒေါသဖြစ်ခဲ့သော သီဟ ဒေါသဖြစ်စွာ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ အကယ်၍ ယခုအချိန်၌သာ မုန်တိုင်း သူ့ရှေ့၌ဘွားခနဲပေါ်လာမည်ဆိုလျှင် ၎င်းအား အသေသတ်ပစ်မိမလား မပြောတတ်။

ဒီကောင် ဘာဖြစ်လို့များသားလေးကိုခေါ် သွားရတာလဲ။ တကယ်ဆို လူကြီးချင်းဖြစ်ခဲ့သော အာဃာတကို လူကြီးချင်းသာဖြေရှင်းဖို့ကောင်းပါသည်။

ယခုလို အပြစ်မဲ့သောကလေးကို ခေါ်ဆောင်သွားသော နည်းမျိုးဖြင့် ယုတ်မာပက်စက်ဖို့ မကောင်း။ ရောင်နီကတော့ မုန်တိုင်း၏စာကို အခေါက်ပေါင်း မရေမတွက်နိုင်အောင် ဖတ်ရင်း ငို၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ သိဟအား လှမ်းမေး၏။

"ရောင်နီတို့ ဘယ်လိုလုပ်ကြမလဲ ကိုမင်း"

သူကိုယ်တိုင်လည်း ထိုမေးခွန်း၏အဖြေကို အလွန်ပင် သိချင်နေပါသည်။ သို့သော် ရောင်နီ့ကိုတော့ သူ မျှောင်းဖျနှစ် သိမ့်လိုက်၏။

"ကိုယ်တို့ ခဏတစ်ဖြုတ် အခြေအနေစောင့်ကြည့်ကြ တာပေ့ါ"

"ရောင်နီတော့ ရဲကို တိုင်ချင်တယ်"

သူ ချက်ချင်းပင် ကန့်ကွက်ငြင်းဆန်လိုက်၏။

"မဖြစ်နိုင်ဘူး. . . ဗီကောင့်အကြောင်း ကိုယ်သိတယ် ရောင်နီ၊ ရဲတိုင်ရင် သားလေးကို သူ တစ်ခုခုလုပ်ပစ်လိုက်လိမ့် မယ်"

"ခုကော ဘာထူးသေးလဲ ကိုမင်း၊ သူ သားကို ဖျက်ဆီး ပစ်မှာပဲ မဟုတ်လား"

နာကြည်းသံအပြည့်နှင့် ရောင်နီပြောတော့ သူ တစ်စုံ တစ်ရာပြန် မငြင်းနိုင်ပါ။ သားလေးအား မုန်တိုင်း ခေါ်သွား ခြင်းမှာ သားလေး၏စိတ်ဓာတ်နှင့် ဘဝကို ဖျက်ဆီးပစ်ဖို့ ဟုတ်၊ မဟုတ်ဟူသည်ကို ဘုရားသခင်မှသာ သိနိုင်ပါလိမ့်မည်။

"သားလေး. . ဘာမှ မဖြစ်အောင် ရောင်နီတို့ တစ်ခုခု မလုပ်နိုင်ကြတော့ဘူးလား ကိုမင်း"





ရောင်နီ အားကိုးတကြီးမေးတော့ သူ ချီတုံချတုံဖြင့် အတန်ကြာငြိမ်သက်နေပြီးမှ ပြန်အဖြေပေးလိုက်သည်။

"လုပ်မယ်ဆိုရင်တော့ လုပ်နိုင်တဲ့ နည်းတစ်နည်းရှိတယ်"

"ဘာလဲ. . ကိုမင်း"

ရောင်နီ မျှော်လင့်တကြီးမေး၏။

"သူ ကိုယ်တို့ကို တစ်ချိန်မဟုတ်တစ်ချိန် ဆက်သွယ်လာ မှာပဲ၊ အဲဒီအခါကျရင် သူ့ကိုဖုံးကွယ်ထားခဲ့တဲ့ ကိစ္စတစ်ခုရဲ့ အကြောင်း ရောင်နီ ဖွင့်ပြောလိုက်ဖို့ပဲ"

သူ့အကြံပေးမှုကို သူမ ချက်ချင်းတုံ့ပြန်ပါသည်။

"မပြောဘူး ကိုမင်း၊ အဲဒီကိစ္စကို ရောင်နီ ဘယ်တော့မှ မလုပ်နိုင်ဘူး၊ ကိုမင်းလဲ မလုပ်ရဘူး"

ယင်းသို့ဆိုလျှင်တော့ မုန်တိုင်းလုပ်သမျှ ဒီတိုင်း ထိုင် ကြည့်နေဖို့ပဲ ရှိပါလိမ့်မည်။ သို့သော် သူကတော့ ဒီတိုင်း ထိုင် မနေနိုင်ပါ။ တစ်ခုခုတော့ လုပ်ရပါလိမ့်မည်။

♥

ကောင်းမြတ်သူနှင့် ပတ်သက်၍ မုန်တိုင်း၏ ပထမဦး ဆုံးလုပ်ဆောင်မှုကတော့. . စကားပြောလျှင် ၎င်းကိုယ်၎င်း "သား"ဟူသော နာမ်စားထည့်ပြောတတ်သည့်အကျင့်ကိုဖျောက် ခိုင်းခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါနဲ့ စကားပြောရင် မင်းကိုယ်မင်း သားလို့ထည့်မပြောစမ်းနဲ့"

"ဒါပေမယ့်. . မာမီက ကိုယ့်မိဘအရွယ် လူကြီးတွေနဲ့ စကားပြောရင် ကိုယ့်ကိုယ်ကို 'သား'လို့ ပြောရမယ်တဲ့၊ ဒါမှ ယဉ်ကျေးရာရောက်တယ်တဲ့"

"ထားပါတော့ မင်းက ငါ့ကို မင်းမိဘလိုသဘောထားပြီး မင်းကိုယ်မင်း 'သား'လို့ ပြောပြီး ယဉ်ကျေးပြနေပေမယ့် ငါက မင်းကို သားသမီးလို သဘောမထားနိုင်ဘူး၊ မယဉ်ကျေးနိုင်ဘူးဆိုရင် မင်းရဲ့ 'သား' လို့ပြောတာကြီးက ဘာအဓိပ္ပာယ် ရှိတော့မှာလဲ၊ ဒီမှာ ဟောကောင် တစ်ခါတုန်းက ကိုယ့်သားသမီးအရွယ် လူငယ်တစ်ယောက်ကို သားသမီးလို သဘောထားပြီး မယဉ်ကျေးတတ်တဲ့ မိန်းမကြီးတစ်ယောက်ကြောင့် အဲဒီလူငယ်လေးရဲ့ဘဝ ပျက်သွားခဲ့ရဖူးတယ်၊ အဲဒီတော့ ကိုယ့်မိဘအရွယ်ဖြစ်တာနဲ့ လူတိုင်းကို လိုက်ယဉ်ကျေးပြနေစရာမလိုဘူး"

"ဘဝပျက်တယ်ဆိုတာ ဘာလဲဟင် ဦး"

"သိချင်ရင် အိမ်ပြန်ရောက်တဲ့အခါ မင်းဒယ်ဒီနဲ့မာမီကို ပြန်မေးကြည့်ပေါ့"

"သား. . ဒယ်ဒီနဲ့ မာမီကို သိလို့လား ဦး"

"ဟောကောင် သားလို့ မပြောနဲ့လို့. . ငါပြောနေတယ်မဟုတ်လား"





"ဟုတ်"

ထိုနည်းဖြင့် သားမှ ကျွန်တော်ဟု ပြောတတ်လာအောင် သူ လေ့ကျင့်ပေးခဲ့သည်။ ထို့ပြင် ပုတ်သင်ညိုတွေ့ရုံနှင့် လန့်အော်တတ်သော ချာတိတ်အား လေသေနတ်ပစ်နည်းသင်ပေးပြီး ခြံထဲမှ အကောင်ဗလောင်များကို လျှောက်ပစ်ခိုင်းခဲ့သည်။

ပထမတော့ ချာတိတ်က. .

"ကျွန်တော် ငရဲကြီးလိမ့်မယ်၊မာမီက သူများအသက်သတ်ရင် ငရဲကြီးတတ်တယ်တဲ့" ဟုဆိုကာ သူတော်ကောင်းလေးပမာ ငြင်းဆန်နေသေးသည်။

"ဟောကောင် တစ်ခါတလေကျရင် လောကကြီးမှာ ကိုယ်ရှင်သန်ဖို့အတွက် သူများကို သတ်သင့်ရင် သတ်ရတယ်ကွ၊ တစ်ခါတုန်းက ပညာတတ်တစ်ယောက် သူကြိုက်နေတဲ့ ကောင်မလေးကိုရဖို့ အဲဒီကောင်မလေးရည်းစားရဲ့ စိတ်ဓာတ်နဲ့ဘဝကို ဆယ့်နှစ်နှစ်ကျော် ဆယ့်သုံးနှစ်လောက် သေသွားအောင် သတ်ပစ်ခဲ့ဖူးတယ်"

"တော်တော် ရက်စက်တာပဲနော်"

ချာတိတ်က စိတ်မကောင်းသံဖြင့် ရေရွတ်တော့ သူ ပြုံးလိုက်မိသည်။

"ဟုတ်တယ် သိပ်ရက်စက်တဲ့ လုပ်ရပ်ပေါ့၊ အဲဒီတော့ လောကကြီးမှာ လူလူချင်းတောင် အဲဒီလို ရက်စက်သတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ၊ မင်းက ဒီအကောင်ဗလောင်လေးတွေကို ပစ်ဖို့ ဘာလို့လန့်နေတာလဲ"

"ကောင်းပြီ၊ ဒါဆို ကျွန်တော် ပုတ်သင်ညိုနဲ့ ဖားတွေကို ပစ်မယ်၊ အဲဒီကောင်တွေကို ကြည့်မရဘူး၊ ကျန်တဲ့အကောင်တွေကိုတော့ မပစ်ချင်ဘူး"

ဤသို့ဖြင့် တစ်ရက်နှစ်ရက်အတွင်း ခြံထဲမှပုတ်သင်ညိုနှင့်ဖားများ ကုန်သွားပါတော့သည်။

"မင်း. . မဆိုးဘူး၊ ယောက်ျားပီသလာပြီ"

သူ ချီးကျူးတော့ ချာတိတ်က ကျေနပ်သဘောကျသွားပြီး. . "ကျွန်တော်က သိပ်ပြီး ယောက်ျားပီသချင်တာ ဦးရ"

"မင်း. . ဒယ်ဒီလိုပေါ့"

"ဟင့်အင်း. . ဒယ်ဒီက ယောက်ျားတော့ ပီသပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဒယ်ဒီနဲ့ တူချင်တာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူနဲ့ တူချင်တာလဲ"

"ဦးနဲ့"

ချာတိတ်၏အဖြေက သူ့ရင်ကို လှုပ်ခနဲဖြစ်သွားစေပါသည်။ ဒီကောင်လေးက သူနဲ့ တူချင်သတဲ့လား။ ဒါဆိုလည်း သူ့ဆန္ဒကို ဖြည့်ဆည်းပေးရတော့မှာပေါ့။

"မင်း ငါနဲ့ တူချင်ရင် သတ္တိတော့ရှိရလိမ့်မယ်"

"ကျွန်တော် သတ္တိရှိမှာပေါ့"





"ကောင်းပြီ ဒါဆို ငါတို့ ညစာထွက်စားပြီး ပြန်လာတဲ့အခါကျရင် လမ်းထိပ်အိမ်က ပြတင်းပေါက်မှန်ကို မင်းခဲနဲ့ထု"

"ဘာဆိုင်လို့လဲ ဦးရဲ့"

"ဆိုင်တာပေါ့ကွ၊ တစ်ချိန်ကျရင် ကိုယ့်ကိုစော်ကားလာတဲ့လူတစ်ယောက်ရဲ့ ခေါင်းကို မင်းရိုက်ခွဲသင့်ရင် ရိုက်ခွဲရလိမ့်မယ်၊ အဲဒီတော့ ခုကတည်းက လေ့ကျင့်တဲ့အနေနဲ့ ပြတင်းပေါက်မှန်လောက်ကို ခွဲထားသင့်တာပေါ့"

ထိုနေ့ည ထမင်းထွက်စားပြီး ပြန်လာချိန်၌ ကျောက်ခဲတစ်လုံးကို အသုံးပြုလျက် ခွမ်းခနဲအသံတစ်ခု ထွက်ပေါ်လာအောင် ကောင်းမြတ်သူ လုပ်နိုင်ခဲ့ပါသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၅)

မောင်ကောင်းမြတ်သူ၊ အသက် ၁၂နှစ် ၆လ၊
အိမ်မှပျောက်နေသဖြင့်ဒယ်ဒီရောမာမီပါအထူး
စိတ်ပူနေသည်။
ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

ကောင်းမြတ်သူ၏ဓာတ်ပုံနှင့်တကွ အောက်၌ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်များ ထည့်ထားသော ကြော်ငြာအား တစ်ရက်ခြားဆိုသလို သတင်းစာတိုင်း၌ သီဟ မှန်မှန် ထည့်နေခဲ့သည်။ အတော့်ကို ပိရိသေသပ်လှတဲ့ လုပ်ရပ်ပီပါပဲ။

ဖြားယောင်းသွေးဆောင်ထားသူများအား အရေးယူမည်ဟူသည့် ခြိမ်းခြောက်စာသားမျိုး မပါသလို၊ တွေ့ရှိသူများ အကြောင်းကြားပါဟူသည့် အကူအညီတောင်းသည့်စာသားမျိုးလည်း မပါပါ။ သို့သော် ဒေါက်တာသီဟမင်းဒင် ဟူသော အမည်နှင့်ဂုဏ်ပုဒ်က ဖတ်မိသူတိုင်း အကူအညီပေးချင်စိတ် ပေါ်လာအောင် ဆွဲဆောင်နေပါလိမ့်မည်။





သူ အချိန်မဆိုင်းဘဲ သီဟထံသို့ ဖုန်းဆက်လိုက်သည်။

"မင်းမဆိုးဘူး သီဟ၊ ငါက ရဲမတိုင်နဲ့ဆိုတဲ့အတိုင်း ရဲ မတိုင်ဘူး၊ ဒါပေမယ့် ရဲတွေကော တခြားလူတွေပါ စိတ်ဝင်စားမယ့်ကြော်ငြာကို မင်းတစ်ရက်ခြား တစ်ခါလောက် ထည့်နေတယ်၊ မင်းအတော့်ကို ပါးရည်နပ်ရည်ရှိလာပြီပဲ၊ ပညာတတ်ပီသပါပေတယ်"

"ငါ့ သားလေးအတွက် အရမ်းစိတ်ပူနေတယ် မုန်တိုင်း၊ သူ နေကောင်းရဲ့လား"

သီဟ စိုးရိမ်ပူပန်စိတ်ပူသံအပြည့်နှင့် မေး၏။

"မင်းတို့ဆီမှာတုန်းကထက်တောင် ပိုပြီး နေကောင်းနေသေးတယ်၊ ခုဆို ဆယ်ပေလောက်အကွာက ပုတ်သင်ညိုတစ်ကောင်ကို လေသေနတ်နဲ့မှန်အောင် သူပစ်တတ်နေပြီ၊ ပေသုံးဆယ်အကွာက ပြတင်းပေါက်မှန်ကို အုတ်ခဲနဲ့ထုတတ်နေပြီ၊ နောက်ပြီး ငါဆေးလိပ်သောက်ချင်တဲ့အခါ စီးကရက် မီးစွဲအောင် သူကောင်းကောင်း မီးညှိပေးတတ်နေပြီ"

"မင်း . . မင်း လူမှဟုတ်ရဲ့လား မုန်တိုင်း၊ ဟင်"

ဒေါသဖြင့် သီဟအသံက တုန်ခါနေတော့ သူ လေတစ်ချက်ချွန်ရင်း ပြုံးလိုက်၏။

"ငါ့ကို တိရစ္ဆာန်နဲ့တူတယ်လို့ မင်းတို့ပဲ ခဏခဏပြောခဲ့ဖူးတာ မေ့နေပြီလား သီဟ၊ တိရစ္ဆာန်တစ်ကောင်မှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ် လူစိတ်ရှိနိုင်မှာလဲ၊ မင်း ကြော်ငြာတွေ ဆက်ထည့်နေမယ် ဆိုရင် ပိုပြီးလူစိတ်ကင်းမဲ့လာမှာ သေချာတယ်"

သီဟ တိတ်ဆိတ်သွား၏။ ပြီးမှ . . .

"ကောင်းပြီ၊ ငါ ကြော်ငြာတွေကို ရပ်ပေးမယ်၊ ဒါပေမယ့် သားလေးနဲ့ စကားပြောချင်တယ်၊ သားနဲ့စကားပြောခွင့်ပေး"

"သိပ်ရတာပေါ့၊ ခဏကိုင်ထားဦး"

ခပ်လှမ်းလှမ်းရှိ ကစားစရာများအားငေးကြည့်နေသော ကောင်းမြတ်သူကို လေချွန်၍ သူလှမ်းခေါ်လိုက်သည်။

"မင်းဒယ်ဒီနဲ့ မင်း ဖုန်းပြောမလား"

"ဒယ်ဒီ ဟုတ်လား၊ ဟာ. . ပြောမယ် ဦး"

ချာတိတ် ဝမ်းသာအားရဖြစ်သွားသည်။

"ကောင်းပြီ၊ ဒါပေမယ့် မင်းကို အကြာကြီးတော့ ပြောခွင့်မပေးဘူး၊ သုံးလေးခွန်းပဲ ပြောရမယ်၊ ကဲ ခပ်မြန်မြန် ပြောပေတော့"

သူ့ဘေးနားမှာရပ်ရင်း ကောင်းမြတ်သူ၏ စကားသံတို့ကို ဂရုတစိုက်နားထောင်ကာ တစ်ဖက်မှမေးသည့် မေးခွန်းများ ဘာဖြစ်နိုင်မလဲဆိုသည်ကိုပါ စိတ်မှန်းနှင့် တွက်ချက်နေလိုက်သည်။

"ဟဲလို. . ဒယ်ဒီလား"

". . . . . . . . . . ."





"နေကောင်းတယ် ဒယ်ဒီ၊ စားပြီးပြီ၊ ကြက်သားဟင်းနဲ့"

". . . . . . . . . . ."

"ကျောင်းဖွင့်ခါနီးရင် ပြန်ပို့ပေးမယ်လို့ပြောတယ်"

". . . . . . . . . . ."

"ဟင့်အင်း . . မရိုက်ပါဘူး၊ ဦးနဲ့နေရတာ ပျော်တယ်"

". . . . . . . . . . ."

"အဲဒါကတော့ သား မသိဘူး၊ ရန်ကုန်မှာတော့ မဟုတ်ဘူး၊ သံပရာ . . ."

သူ ဖုန်းခွက်ကို ကမန်းကတန်း လှမ်းယူလိုက်သည်။

ပြီးမှ သီဟကြားအောင် ကောင်းမြတ်သူကို တမင်အသံမြှင့်၍လှမ်းပြောလိုက်၏။

"ကောင်းမြတ်သူ မင်းမှာထားတဲ့ သံပရာရည်တွေရပြီ၊ သွားသောက်လိုက်ဦး"

ကောင်းမြတ်သူ ကြောင်သွား၏။

အအေး မရောင်းသည့် စတိုးဆိုင်အတွင်းမှာ ဘယ်က သံပုရာရည်ကို သွားသောက်ခိုင်းနေတာလဲဟု ချာတိတ် စဉ်းစားနေပါလိမ့်မည်။

သူ သီဟအား လှမ်းပြောလိုက်၏။

"ကဲ. . ဒီလောက်ဆို မင်း ကျေနပ်ရောပေါ့ သီဟ၊ အဲ့ဒါဆို တော့ မင်းကတိအတိုင်း ကြော်ငြာတွေကို ရပ်ပစ်လိုက်ပါ. . .



www.burmeseclassic.com

www.burmeseclassic.com



. . နောက်နေ့ထပ်ပါလာဦးမယ်ဆိုရင်တော့ ငါ တစ်ခုခုလုပ်ရ လိမ့်မယ်၊ ငါ့ကို အဆိုးမဆိုနဲ့"

သူ ဖုန်းခွက်ကို ပြန်ချလိုက်၏။ ပေဒင်မေးစရာ မလိုပါ။ သီဟ ကြော်ငြာတွေကို အမြန်ဆုံးရပ်ပစ်ပါလိမ့်မည်။

♥

"ကိုယ်. . ဒီနေ့ သားလေးနဲ့ ဖုန်းပြောလိုက်ရတယ်"

သီဟ ဆေးခန်းမှ ပြန်ရောက်ရောက်ချင်း ရောင်နီအား ပြောလိုက်တော့ ရောင်နီ အံ့ဩမှု ဝမ်းသာမှုနှင့်အတူ တုန်လှုပ်စွာမေးသည်။

"သားလေးနဲ့ ဟုတ်လား ကိုမင်း၊ သား လှမ်းဆက်တာလား၊ သူ . . သူ . . နေကောင်းရဲ့လား"

"သား. . ဆက်တာမဟုတ်ဘူး ရောင်နီ၊ မုန်တိုင်း ကိုယ့်ဆေးရုံကို လှမ်းဆက်တာ၊ ကိုယ့်ရဲ့ သတင်းစာကြော်ငြာတွေကို ရပ်ပေးဖို့ပြောတာ. . ကိုယ်က သားလေးနဲ့ ဖုန်းပြောခွင့်ရရင် ရပ်ပေးမယ်ဆိုတော့ သားလေးနဲ့ ကိုယ့်ကို စကားပြောခွင့်ပေးတယ်၊ သားကျန်းကျန်းမာမာပဲ၊ နောက်ပြီး သူပျော်နေပုံရတယ်"

ရောင်နီ စိုးရိမ်တကြီးဟန်ဖြင့် တုန်လှုပ်သွား၏။

"ဘာ. . သားက ပျော်နေတယ် ဟုတ်လား ကိုမင်း၊ အဲဒီ တိရစ္ဆာန်နဲ့နေရတာကို သားလေးက ပျော်နေသတဲ့လား"





"အဲဒီလိုတော့ ဟုတ်ပုံမရဘူး၊ သားလေးက ကိုယ်တို့နဲ့ နေတုန်းက ဘယ်တုံးကမှ ဝေးဝေးလံလံ သွားခွင့်ရတာ မဟုတ်တာ၊ ခု မုန်တိုင်းနဲ့ သူ မရောက်ဖူးတဲ့နေရာတွေ သွားခွင့်ရလို့ ပျော်တာ ဖြစ်မှာပါ"

ရောင်နီ အောက်နှုတ်ခမ်းကိုသွားဖြင့် ဖိကိုက်ထားလျက် အကြာကြီး ငြိမ်သက်နေပြီးမှ . . .

"မုန်တိုင်း သားလေးကို ဖျက်ဆီးနေသလားဟင် ကိုမင်း"

သူမ၏ မေးခွန်းက သူတစ်ကိုယ်လုံးကို တုန်သွားစေပါသည်။ (သူ ခုဆို. . ဆယ်ပေလောက်အကွာက ပုတ်သင်ညို တစ်ကောင်ကို လေသေနတ်နဲ့ မှန်အောင်ပစ်တတ်နေပြီ၊ ပေ သုံးဆယ်အကွာလောက်က ပြတင်းပေါက်မှန်ကိုလည်း အုတ်ခဲနဲ့ ထုတတ်နေပြီ၊ နောက်ပြီး ငါ ဆေးလိပ်သောက်တိုင်း. . )

ဟင့်အင်း ထိုကိစ္စများကိုတော့ ရောင်နီ့အား သူ အမှန်အတိုင်းပြော၍မဖြစ်ပါ။ ညအိပ်ရာဝင်တိုင်းဘုရားရှိခိုးပြီး မေတ္တာသုတ်ရွတ်တတ်သော၊ ပုရွက်ဆိတ်လေးတစ်ကောင်ကိုပင် သတ်ဖြတ်ရန် ဝန်လေးတတ်သော သူတို့၏သားလေး ပျက်စီးနေပြီဖြစ်ကြောင်း သူမအား အသိပေး၍ ဘယ်လိုမှမဖြစ်နိုင်ပါ။

"အမှန်အတိုင်းပြောရရင်တော့ ကိုယ် သေသေချာချာ မသိဘူး ရောင်နီ၊ ဒါပေမယ့် . သားလေးနဲ့ စကားပြောကြည့်ရသလောက်တော့ သူ သားကို ဖျက်ဆီးနေပုံ မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ရောင်နီ့အား သူလိမ်လိုက်မိသည်။

"ဒါဖြင့် သူ သားကို ဘာရည်ရွယ်ချက်နဲ့ ခေါ်သွားရတာလဲ" . . သူမက စဉ်းစားမရဟန်ဖြင့် ရေရွတ်တော့. . .

"ကိုယ့်စိတ်ထင်ပြောရရင် ကိုယ်တို့သားလေးကို သိပ်ချစ်မှန်းသိလို့ သားလေးနဲ့ ခွဲရရင် ကိုယ်တို့ စိတ်ဆင်းရဲမှာပဲဆိုပြီး စိတ်ဆင်းရဲအောင် တမင်လုပ်တာလို့ ထင်တာပဲ"

သူ့စကားကြောင့် ရောင်နီ၏ ပူပန်မှုတို့ အနည်းငယ်ပြေလျော့သွားဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်၏။ သူလည်း ရောင်နီ့လို စိတ်လက်ပေါ့ပါးစွာ သက်ပြင်းချလိုက်ချင်ပါသည်။ သို့သော် သူ့စကားကို သူကိုယ်တိုင်ပင် ယုံကြည်ကြည့်၍မရ။

သားလေးအား မုန်တိုင်း အလှကြည့်ရုံသက်သက်ခေါ်သွားခြင်း မဟုတ်သည်ကတော့ အလွန်သေချာနေပြီဖြစ်သည်။ အကယ်၍ မုန်တိုင်းနှင့်သားလေးရှိသော နေရာကိုသာ သိမည်ဆိုပါက ဘယ်လောက်များ ကောင်းလိုက်မလဲ။ မနက်က သားလေးအား မေးခဲ့သော မေးခွန်းကို သူ ပြန်စဉ်းစားကြည့်မိ၏။

"သား. . အခု ဘယ်ရောက်နေသလဲ၊ ဘယ်က ဆက်နေသလဲ"

"အဲဒါတော့ သား မသိဘူး၊ ရန်ကုန်မှာတော့ မဟုတ်ဘူး၊ သံပရာ. . ."





ထိုနေရာအရောက် ဖုန်းခွက်ကို မုန်တိုင်းက ဆွဲယူလိုက်သဖြင့် တစ်ပိုင်းတစ်စနှင့် စကားပြတ်သွားရ၏။

ထို့နောက် "ကောင်းမြတ်သူ မင်းမှာထားတဲ့ သံပရာရည်တွေ သွားသောက်လိုက်ဦး" ဟူသော မုန်တိုင်း၏ အသံကို ကြားရ၏။ သား၏ နောက်ဆုံးစကား သံပရာနှင့် သံပရာရည်သွားသောက်လိုက်ဦး ဟူသောစကားနှစ်ခုကဆက်စပ်မှုရှိသော်လည်း သူ ဘဝင်မကျနိုင်အောင် ဖြစ်နေမိသည်။

"သံပရာ. ."

ထိုစကားက သူ့အား ရည်ရွယ်၍ ပြောတာဟု စဉ်းစားမည်ဆိုလျှင် ဖြစ်နိုင်ချေရှိသည်က **သံပရာရည်မှာထားလို့ သွားသောက်လိုက်ဦးမယ် ဖေဖေ** . . ဟူ၍ဖြစ်ပါလိမ့်မည်။

ယင်းသို့ဆိုလျှင် . . မုန်တိုင်း၏ သံပရာရည်တွေ သွားသောက်လိုက်ဦး ဟူသောစကားနှင့် ဆက်စပ်ပါကများစွာ ယုတ္တိရှိနေသော်လည်း သူ ဘဝင်မကျပါ။

အချိန်လု၍ စကားပြောနေရသည့် အခါမျိုး၌ သားက **သံပရာရည်တွေ သွားသောက်ဦးမယ် ဖေဖေ**ဟု ပြောလိမ့်မည်မဟုတ်ပါ။ ယင်းသို့ဆိုလျှင် မုန်တိုင်းအား လှမ်းပြောခြင်းလား၊

ဒါလည်း သိပ်တော့ယုတ္တိမရှိလှ။ ထိုပုစ္ဆာအား တစ်ညလုံး စဉ်းစားသော်လည်း သူ အဖြေမရခဲ့။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



(၆)

နောက်နေ့ ဆေးခန်းရောက်ချိန်မှာတော့ သူနာပြုဆရာမလေးနော်အဲလာ၏အကူအညီကို သူ ယူရတော့သည်။

"ဆရာမနဲ့ ကျွန်တော် ဉာဏ်စမ်းပဟေဠိတစ်ခုလောက် ဖြေကြည့်ကြရအောင် ဆရာမ"

"အို . . ဒေါက်တာကလဲ နောက်နေပြန်ပြီ"

နော်အဲလာက သူနောက်ပြောင်နေသည်အမှတ်နှင့် ရယ်မောတုံ့ပြန်တော့ . . .

"ကျွန်တော် တကယ်ပြောနေတာ ဆရာမ၊ ကျွန်တော် စဉ်းစားလို့မရတဲ့ ပဟေဠိလေးတစ်ခုရှိနေလို့ အဲဒါ ဆရာမပါ ကူညီမှဖြစ်မှာ"

သည်တော့မှ နော်အဲလာ မျက်နှာတည်သွားပြီး . .

"ဘာများလဲဆရာ၊ အဲလာက ဉာဏ်တော့သိပ်မကောင်းဘူးနော်"



"ဉာဏ်ကောင်းစရာ မလိုပါဘူးဆရာမ၊ ပဟေဠိက လွယ်လွယ်လေးပါ၊ လူနှစ်ယောက် တယ်လီဖုန်းပြောကြတယ်ဆိုပါတော့၊ တစ်ယောက်က ခုဘယ်က ဆက်နေတာလဲ၊ ဘယ်ရောက်နေလဲလို့ မေးတယ်၊ ကျန်တစ်ယောက်က သူ မသိဘူး၊ ရန်ကုန်မှာတော့ မဟုတ်ဘူး၊ သံပရာဆိုပြီး တစ်ပိုင်းတစ်စနဲ့ ရပ်သွားတယ်၊ ပဟေဠိက အဲဒါပဲ၊ ကျွန်တော်က မေးတဲ့လူနေရာကနေမယ်၊ ဆရာမက သံပရာဆိုတဲ့ စကားနဲ့ ဆက်စပ်ပြီး ခေါင်းထဲ ပေါ်လာတာတွေကို ခပ်မြန်မြန်ဖြေဖို့ပဲ၊ သံပရာနဲ့တွဲပြီး ဖြေရမယ့် သဘောပေါ့"

"ကောင်းပြီလေ ဒေါက်တာ၊ အဲလာတို့ စမ်းကြည့်ကြတာပေါ့"

"ဒါဖြင့် ကျွန်တော် စမေးမယ်၊ ဆရာမက ခု . . ဘယ်ရောက်နေလဲ"

"မသိဘူး ရန်ကုန်မှာတော့ မဟုတ်ဘူး၊ သံပရာဆိုင်"

"ဆရာမ ဘယ်ရောက်နေလဲ"

"မသိဘူး၊ သံပရာရည်ရောင်းတဲ့ဆိုင်"

"ဘယ်ရောက်နေလဲ"

"သံပရာထွက်တဲ့မြို့"

"ဘယ်ရောက်နေလဲ"

"သံပရာပင်နားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်နေလဲ"

"သံပရာသီး အရောင်းဆိုင်"

"ဘယ်ရောက်နေလဲ"

"သံပရာခြံ"

"ဘယ်ရောက်. ."

သူ တစ်ပိုင်းတစ်စနဲ့ ရပ်တန့်သွား၏။

"ဘယ်လို ဆရာမ၊ စောစောက ဖြေလိုက်တာ ဘယ်လို"

"သံပုရာခြံလေ ဒေါက်တာ"

"သံပရာခြံ"

သူရေရွတ်ရင်း ထိုင်ရာမှ ဖျတ်ခနဲထလိုက်မိသည်။

"ကျေးဇူးပဲ ဆရာမ၊ ကျွန်တော် အဖြေရသွားပြီ၊ ဒီနေ့ ဆေးခန်းပိတ်လိုက်ပါ"

"မဖြစ်ဘူးနဲ့ တူတယ် ဒေါက်တာ၊ အပြင်မှာ လူနာတွေ အများကြီး စောင့်နေကြတယ်"

"ဆရာမ ကြည့်ကောင်းအောင်သာ. . . ပြောလိုက်ဗျာ၊ ကျွန်တော် သိပ်အရေးကြီးနေလို့"

သူ ဆေးခန်းထဲမှ အမြန်ထွက်လာခဲ့ပါသည်။

အပြင်ရောက်သည်နှင့် ကားပေါ် တက်ထိုင်ပြီး ကိုလုံးကို ပြောလိုက်၏။

"လှည်းကူးဘက်ကို အမြန်မောင်းစမ်းဗျာ"



သူဘာဖြစ်လို့များ ငစာစောက သံပရာခြံဟူသောစကား တွေကို မစဉ်းစားမိပါလိမ့်။ ဘာပဲဖြစ်ဖြစ် ယခုတော့ အဖြေရ သွားပြီဖြစ်သဖြင့် သူ စိတ်လက်ပေါ့ပါးစွာ ခေါင်းကို နောက်သို့ မှီလိုက်ရင်း သက်ပြင်းချလိုက်မိသည်။

♥

နေဝင်ခါနီးအချိန်မှာတော့ သံပရာခြံရှေ့သို့ သူရောက်ရှိ နေပြီဖြစ်သည်။ ယာဉ်မောင်းဖြစ်သူ ကိုလုံးအားလမ်းထိပ်မှာပင် ကားရပ်ကာ စောင့်ဆိုင်းထားရစ်ခဲ့၏။ ယခုအချိန်၌ မုန့်တိုင်း စိတ်အနှောင့်အယှက်ဖြစ်ရွေမည့် မည်သည့်ကိစ္စကိုမျှ သူ မလုပ် ရဲပါ။

ကိုလုံးပါလာပါက မုန့်တိုင်းက ၎င်းအားဖမ်းရန် ရဲခေါ် လာသည်ဟု ယူဆသွားလျှင် မခက်ပါလား။ တော်ကြာ ဗီဒီယို တွေထဲကလို သားလေး၏ လည်ပင်းကို ဓားဖြင့်ထောက်လျက် ကိုယ်လွတ်ရုန်းပြေးရန် ကြိုးစားရင်း မတော်တဆ သားအား တကယ်ထိုးမိသွားပါက သူ ရင်ကျိုးရပါလိမ့်မည်။

ခြံလယ်ရှိ တဲအိမ်လေးဆီသို့ လျှောက်လာရင်း တစ်ချိန် တုန်းက ဤသံပရာခြံထဲ၌ မုန့်တိုင်းနှင့်ရောင်နီ ချိန်းတွေ့ခဲ့ကြ ဖူးပါလားဟုတွေးရင်း သူ အနည်းငယ်ကြေကွဲလာမိ၏။သို့သော် ချက်ချင်းပင် ထိုအတွေးတို့ကို မောင်းထုတ်ပစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ သူ့အတွက် အရေးအကြီးဆုံးမှာ သားလေး သာဖြစ်၏။

တဲအိမ်ရှေ့သို့ ရောက်တော့ သူဇဝေဇဝါဖြစ်သွား၏။ အကြောင်းကတော့ တဲအိမ်တံခါးအား သော့ခလောက်လေး ခတ်ထားခြင်းကြောင့် ဖြစ်သည်။

ပို၍ ဇဝေဇဝါဖြစ်စေသည်က ထိုသော့ခလောက်လေး ကြား၌ ညှပ်ထားသည့် စာတစ်စောင် ဖြစ်သည်။

ထိုစာခေါက်လေးကိုယူပြီး သူ ဖြန့်ကြည့်လိုက်၏။

*သီဟ . . .*

*ကောင်းမြတ်သူရဲ့ 'သံပရာ' ဆိုတဲ့ စကားလေးကို*

*ဆက်စပ်စဉ်းစားပြီး ဒီအထိ လိုက်လာနိုင်တယ်*

*ဆိုရင်တော့ မင်းကို ငါချီးကျူးရမှာပဲ၊*

*ဒါပေမယ့် ငါ့ထက် အမြဲတမ်း ခြေတစ်လှမ်း*

*နောက်ကျနေတဲ့ အတွက်တော့*

*မင်း ပိုကြိုးစားဖို့လိုလိမ့်ဦးမယ် သီဟ။*

*မင်းရဲ့မုန်တိုင်း*

သီဟမင်းဒင် လက်ထဲမှစာကို လုံးခြေလိုက်ရင်း တက် တစ်ချက်ခေါက်လိုက်မိသည်။

♥





"ဒီချာတိတ်နဲ့ ပတ်သက်ပြီး မင်း ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ မုန်တိုင်း"

ဦးပန်းထိုက်က သူ့အား လှမ်းမေးသည်။

ယခုဆိုလျှင် . . .

ဦးပန်းထိုက်အိမ်၌ မုန်တိုင်းနှင့် ကောင်းမြတ်သူ သောင တင်နေခဲ့သည်မှာ တစ်ပတ်ခန့်ရှိခဲ့ပြီ ဖြစ်သည်။

"ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားနေတာပဲ ဦးပန်းထိုက်"

"မင်းပြောတော့ ဒီကောင်လေးရဲ့ မိဘတွေကို လက်စား ချေချင်လို့ ကောင်လေးကို ဆွဲလာခဲ့တာဆို"

သူ ဘာမျှ ပြန်မဖြေဘဲ ခေါင်းကိုသာညိတ်ပြလိုက်၏။

"ဒါဖြင့် . . အနိုင်ဖဲက မင်းလက်ထဲရောက်နေပြီပဲ၊ မင်း ဘာတွေ တွေဝေနေတာလဲ၊ မင်းရဲ့ စီမံကိန်းကို မြန်မြန် အပြီး သတ်ပြီး ငါတို့စီးပွားရေးလုပ်ငန်း ပြန်စသင့်ပြီမုန်တိုင်း၊ ချာတိတ် နဲ့ပတ်သက်ပြီး တစ်ခုခုလုပ်တော့ . . ."

"ကျွန်တော် စဉ်းစားမိနေပါတယ်"

"ဒါပေမယ့် ငါ မြင်တာကတော့ ကောင်လေးကို မင်း အလှထိုင်ကြည့်နေတာပဲ၊ သူ့မိဘကြောင့် မင်းထောင်ကျခဲ့တယ်၊ မင်းအမေသေခဲ့ရတယ်၊ မင်းအနာဂတ်ပျက်ခဲ့ရတယ်၊ အဲဒါတွေ အတွက် လက်စားချေချင်တယ်ဆိုရင်း ကောင်လေးကို ပြောင် မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲလောက် မရက်စက်ချင်ဘူး ဦးပန်းထိုက်၊ သူတို့က ကျွန်တော့်ကို သတ်ခဲ့တာ မဟုတ်ဘူး၊ ကျွန်တော်ရဲ့ စိတ်ဓာတ်တွေကိုပဲ သတ်ခဲ့တာ၊ အဲဒီတော့ ကျွန်တော်ကလဲ သူတို့ရဲ့ စိတ်ဓာတ်တွေကိုပဲ ပြန်သတ်ချင်တယ်"

"ဒါဖြင့် ကောင်လေးကို ပြန်မပို့ဘဲ ခုလိုမျိုး တစ်သက်လုံးပြန်ပေးဆွဲထားမယ်ဆိုပါတော့"

ထိုနည်းကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သူ ချာတိတ်အား ပြန်ပို့ပေးမည်ဟု ကတိပေးထားခဲ့သည့်အပြင် ထိုကတိကိုလည်း အပျက်မခံနိုင်ပါ။

"ကျွန်တော် သူ့ကို ပြန်ပို့ပေးမယ်လို့ သူ့မိဘတွေကို ပြောထားပြီးသား ဦးပန်းထိုက်"

သူ ပြတ်သားစွာ ပြောလိုက်တော့ . . .

သူ့အား ဦးပန်းထိုက်က တအံ့တဩကြည့်လေသည်။

"ဒါဆို . . ရန်ဖြစ်နည်း ... သေနတ်ပစ်နည်းလေးတွေ လောက်ပဲသင်ပေးပြီး ပြန်ပို့မယ်ဆိုပါတော့"

အမှန်အတိုင်း ... ခံရလျှင် ထိုမျှမက သူ မျှော်လင့်ထားပါသည်။ သို့သော် တစ်ခုခုက ... ချာတိတ်အား ရက်စက်ရန်အတွက် သူ အနည်း ... ဝန်လေးနေခြင်းဖြစ်၏။

"ကျွန်တော် ပြ ... ပို့မယ်၊ ဒါပေမယ့် သူ့မိဘတွေ စိတ်ဆင်းရဲရမယ့်ကိစ္စမျိုး တစ်ခုခု ... နတီးပြီးမှ ပြန်ပို့မယ်၊ ဖြစ်နိုင်ရင်





အဲဒီကိစ္စကြောင့် သူ့မိဘတွေ တစ်သက်လုံး တနုံ့နုံ့ခံစားရမယ့် နည်းလမ်းကို ကျွန်တော် စဉ်းစားလို့မရသေးတာဘဲ"

"အေးလေ . . ဒါဆိုလဲ စဉ်းစားပေါ့၊ မင်းစဉ်းစားလို့ရတဲ့အခါ ငါ့ကို အသိပေး၊ အကူညီတွေ ဘာတွေလိုရင်လဲပြော၊ ငါ့သဘောကတော့ ဒီချာတိတ်ကိစ္စကို မြန်မြန်ပြတ်စေချင်ပြီ မုန်တိုင်း၊ အဲဒီကိစ္စပြတ်မှ မင်းကို ငါ့ရဲ့စီးပွားရေးလုပ်ငန်းတွေမှာဦးဆောင်ခိုင်းရမှာ"

အခေါ်အပြော ညက်ညောလှသော ဦးပန်းထိုက်၏ စကားကြောင့် သူ ပြုံးလိုက်မိသည်။

ဦးပန်းထိုက် သူ့အား အိမ်ပေါ်သို့ ခေါ်တင်ထားပြီး အသုံးစရိတ်ထောက်ပံ့နေခြင်းမှာ သူ့ထံမှလုပ်အားကို မျှော်ကိုးသောကြောင့်ဖြစ်ကြောင်း သူ ကောင်းစွာသဘောပေါက်၏။

ဦးပန်းထိုက်သည် လုပ်ငန်းပေါင်းများစွာကို လုပ်ကိုင်နေသူဖြစ်ပြီး ငွေရမည်ဆိုလျှင် ဥပဒေကို လက်တစ်လုံးခြားလုပ်ရန်လည်း ဝန်လေးသူမဟုတ်။ သူ့အား ဦးဆောင်ခိုင်းချင်သည်ဆိုသော လုပ်ငန်းမှာ ထိုသို့သော လုပ်ငန်းမျိုးပင် ဖြစ်ပါလိမ့်မည်။

ဦးပန်းထိုက်အား အလိုက်အထိုက်ဆက်ဆံနေရသော်လည်း ဥပဒေနှင့်ငြိစွန်းသော လုပ်ငန်းမျိုးကို ထပ်မံလုပ်ကိုင်ရန် အတွက်တော့ စိတ်ပျက်ငြီးငွေ့နေခဲ့ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခိုက်အတန့်အားဖြင့်တော့ ဦးပန်းထိုက် စိတ်မငြိုငြင်အောင် ရေလိုက်ငါးလိုက်ဆက်ဆံရမည်ဖြစ်၏။

"ကျွန်တော် နားလည်ပါတယ် ဦးပန်းထိုက်၊ ကျွန်တော့် ပုဂ္ဂိုလ်ရေးကိစ္စတွေကို အမြန်ဆုံးအဆုံးသတ်မှာပါ၊ ကျွန်တော့်ကို အချိန်နည်းနည်းပဲပေး"

"ရပါတယ် မုန်တိုင်း၊ အလောတကြီး လုပ်စရာမလိုပါဘူး၊ သိပ်အချိန်မဆွဲရင် ပြီးတာပါပဲ"

ဦးပန်းထိုက်၏စကားက လိမ္မာပါးနပ်စွာ တွန်းအားပေးလိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

♥♥♥

(၇)

ကောင်းမြတ်သူ၏ ဘဝ၌ အမည်းစက်စွန်းထင်းအောင် ပြုလုပ်လိုက်ခြင်းဖြင့် သီဟနှင့်ရောင်နီတို့၏ဘဝကိုပါ တစ်သက်လုံးဖျက်မရသည့် အမည်းစက် စွန်းထင်းသွားစေနိုင်ကြောင်း အနည်းငယ်မျှ သိသယဖြစ်စရာမလိုပါ။

သို့သော် ထိုသို့ သူနှင့်အလွန်တူချင်လှပါသည်ဟူသော ချာတိတ်လေး၏ဘဝကို ဖျက်ဆီးဖို့ သူ ဇဝေဇဝါဖြစ်နေမိ၏။

ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုမှ ဟုတ်ရဲ့လား။ သီဟတို့အပေါ် လက်တုံ့ပြန်ချင်တာနဲ့ ဒီချာတိတ်လေးရဲ့ဘဝကို ဖျက်ဆီးသင့်ရဲ့လား။ သူ ချီတုံချတုံ ဖြစ်နေခဲ့၏။

တကယ်တော့ သူ ချာတိတ်လေးအပေါ် အနည်းငယ် ခင်မင်စပြုနေပြီဖြစ်သလို၊ ချာတိတ်လေးကလည်း သူ့အပေါ် အထင်တကြီးနှင့် ချစ်ခင်လေးစားနေမှန်း သိသာလှပါသည်။

ဦးပန်းထိုက်တို့အိမ်သို့ ရောက်ပြီးချိန်မှစ၍ ချာတိတ်က သူ့အား မျက်စိရှေ့မှ အပျောက်မခံဘဲ အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သူနှင့် ဦးပန်းထိုက် အပြင်သွားသည့်အခါမျိုး၌ ကောင်းမြတ်သူက “ကျွန်တော်လဲ လိုက်ချင်တယ်”ဟု တောင်းဆိုတတ်ပါသည်။ ထိုအခါ သူက ခပ်ပြတ်ပြတ်ပင် ငြင်းဆန်ပစ်လိုက်သည်။

“မင်း လိုက်လို့မရဘူး၊ ငါတို့ ကိစ္စရှိလို့သွားတာ၊ အိမ်မှာ အလုပ်သမားတွေ အများကြီးရှိတယ်၊ မင်း သူတို့နဲ့နေခဲ့”

သူ အပြင်မှပြန်ရောက်၍. . ဝယ်လာသော စားစရာတစ်ခုခုကို ပေးလိုက်ပြီဆိုလျှင်တော့ ချာတိတ်၏မျက်နှာလေးက ချက်ချင်းပင် ပြန်လည်ဝင်းပသွားတတ်လေသည်။

အပြစ်ကင်းစင်လွန်းသော ကောင်းမြတ်သူ၏ ဖြူစင်မှုကိုကြည့်ကာ တစ်ခါတစ်ရံ သူ၏စိတ်ဓာတ်တို့ နူးညံ့မယောင်ဖြစ်သွားတတ်ပါသေးသည်။

ထိုအခါမျိုးမှာတော့ စိတ်ဓာတ်တို့ကို ချက်ချင်းပြန်တင်းလျက် နူးညံ့ပျော့ပျောင်းမှုမှန်သမျှကို မောင်းထုတ်ပစ်လိုက်၏။

မကြောင်စမ်းနဲ့ မုန်တိုင်း။ ဒါဟာ. . မင်းရန်သူရဲ့သား၊ မင်းကို ဘဝပျက်စေခဲ့သူတွေရဲ့သွေး။ သနားတာတို့ သံယောဇဉ်တို့ဆိုတာတွေကို မေ့ပစ်လိုက်။ ကောင်းမြတ်သူ၏ မျက်နှာနုနုလေးအစား သီဟနှင့်ရောင်နီတို့မျက်နှာကိုပြောင်းလဲမြင်ယောင်လိုက်ခြင်းဖြင့် သူ၏ဒေါသသွေးတို့ ချက်ချင်းပင် ပြန်လည်ပူနွေးဆူပွက်လာတတ်သည်။





ထိုအခါမျိုး၌ သူ၏စိတ်ဓာတ်တို့က ရက်စက်ရဲလောက်အောင် ခက်ထန်ကြမ်းတမ်းသွားတတ်သော်လည်း တစ်ခုခက်သည်မှာ ထိုကြမ်းတမ်းမှုက ကြာကြာမခံခြင်းဖြစ်သည်။

ကောင်းမြတ်သူနှင့် ပတ်သက်၍ တစ်ခုခုကို အနွေးနှင့်အမြန်ဆိုသလို အကောင်အထည်ဖော်ရပါလိမ့်မည်။ ဘယ်လိုအကောင်အထည် ဖော်သင့်သလဲဆိုသည်ကိုတော့ သူ အဖြေရှာ၍မရသေး။

ဘာပဲဖြစ်ဖြစ် ကောင်းမြတ်သူမှာ သူနှင့်သီဟတို့အကြားတစ်ခုတည်းသော ကြားခံသက်ရှိတစ်ခု ဖြစ်တာကတော့ အလွန်သေချာပါသည်။

ကောင်းမြတ်သူ၏နစ်နာမှုသည် သီဟတို့၏ထိခိုက်နစ်နာမှုပင် ဖြစ်ပါလိမ့်မည်။

အကြောင်းကတော့ ထိုချာတိတ်ကလေးသည် သီဟနှင့်ရောင်နီတို့၏ဘဝပဲ မဟုတ်လား။

“နင်ဟာ တိရစ္ဆာန်ပဲမုန်တိုင်း၊ အဲဒါကို နင်သိရဲ့လား၊ ရန်ဖြစ်တယ်၊ သတ်ပုတ်တယ်၊ လက်စားချေတယ် ဆိုတာဟာ တိရစ္ဆာန်တွေသာ လုပ်ကြတာ၊ အသိဉာဏ်ရှိတဲ့ လူဆိုတာ အဲလိုမလုပ်ဘူး”

တစ်ချိန်တုန်းက ရောင်နီ ပြောခဲ့ဖူးသော စကားကို ပြန်ပြောင်းကြားယောင်ရင်း သူ နာကျင်စွာ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငါ့ရဲ့ဘဝပေးအခြေအနေကြောင့် ခက်ထန်ရိုင်းစိုင်းခဲ့ရပေမယ့် လူသားပါပဲရောင်နီ။ တခြားလူတွေထက် ပိုပြီးနာကြည်းတတ်တာ တစ်ခုကလွဲလို့ ငါဟာ သာမန်လူသားတစ်ယောက်ပါပဲ။

အဲဒါကို တစ်ချိန်ကျရင် နင် နားလည်လာမှာပါ။

♥♥♥

(၈)

"ငါမင်းကို အကူအညီတစ်ခုတောင်းချင်လို့ မုန်တိုင်း"

ကြားနေကျမဟုတ်သော စကားဆန်းကြောင့် ဦးပန်းထိုက်ကို သူ ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်သည်။

အကူအညီဟူသော အသုံးအနှုန်းက ဦးပန်းထိုက်၏ သုံးနေကျ ဝေါဟာရတစ်ခုမဟုတ်။ ဝီစကီကို တစိမ့်စိမ့်သောက်နေသော ဦးပန်းထိုက်က သူ့အား အကဲခတ်သလို စိုက်ကြည့်ရင်း စကားဆက်လိုက်သည်။

"မင်း. . . စိန်ဟုတ်တို့အုပ်စုကို သိတယ် မဟုတ်လား မုန်တိုင်း"

"လူချင်းမသိဘူး ဦးပန်းထိုက်၊ ဒါပေမယ့် စိန်ဟုတ်ဆိုတဲ့ နာမည်ကိုတော့ ဦးပန်းထိုက် ပြောပြလို့ ကြားဖူးတယ်"

သူ သိသလောက် စိန်ဟုတ်ဆိုသူမှာ ဦးပန်းထိုက်ကဲ့သို့ပင် ဘနဖူးသိုက်တူးရန် ဝန်မလေးသော စီးပွားရေးသမားတစ်ယောက်ဖြစ်၏။ ဖားကန့်နှင့်ရန်ကုန်ကြား ကူးချည်သန်းချည်နှင့် ကျောက်စိမ်းအရောင်းအဝယ် လုပ်နေသူဖြစ်သလို၊ တရားမဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ခြင်းကိုလည်း လုပ်ကိုင်သည်ဟု သိုးသိုးသန့်သန့် ကြားဖူး၏။

"ငါ သူနဲ့အလုပ်တစ်ခု လုပ်ထားတယ်"

ဒါဆိုလျှင်တော့ ထိုအလုပ်မှာ ဥပဒေနှင့် ငြိစွန်းသော အလုပ်ပဲဖြစ်မည်ဟု သူ သဘောပေါက်လိုက်သည်။

ဦးပန်းထိုက်က ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်း ဖြန့်ချိသော လုပ်ငန်းမျိုးအပြင် ကျောက်စိမ်းအရောင်းအဝယ် ကဲ့သို့လုပ်ငန်းမျိုးကိုလည်း စိတ်ဝင်စားသူဖြစ်၏။

"ငါ. . . စိန်ဟုတ်တို့ဆီက ငွေနည်းနည်းရစရာရှိတယ် မုန့်တိုင်း"

"ဘာလဲ သူတို့က အဲဒီငွေကို မပေးချင်ဘူးတဲ့လား"

"မဟုတ်ဘူး ပေးလိမ့်မယ်၊ ဒါပေမယ့် သူတို့နဲ့ဆက်သွယ် ဖို့ခက်နေတယ်"

"ကျွန်တော် သိပ်သဘောမပေါက်ဘူး ဦးပန်းထိုက်"

"ဒီလိုကွာ. . ."

ဦးပန်းထိုက်က စကားကို တစ်ဝက်တစ်ပျက်ရပ်ရင်း ခွက်ထဲသို့ ဝီစကီတစ်ခွက်ငှဲ့ကာ အမြည်းတစ်ဖတ်ကို ဝါးလိုက် သည်။

အရက်ပြင်းမသောက်သော သူက အချိုရည်ကိုမော့ရင်း ဦးပန်းထိုက်စကားကို စောင့်ဆိုင်းနေလိုက်၏။





"ဒီလိုကွ. . မုန့်တိုင်းရ၊ ခုတစ်လော စိန်ဟုတ်တို့အုပ်စု သိပ်အခြေအနေမကောင်းဘူး၊ သူတို့ကိုဆိုင်ရာက စောင့်ကြည့် နေတော့ အဆက်အသွယ်လုပ်ဖို့ခက်နေတယ်၊ ဖုန်းဆက်ဖို့ကလဲ စိတ်မချရဘူး"

"ကျွန်တော်နားလည်ပြီ၊ အဲဒီအတွက် သူတို့နဲ့ကျွန်တော် အဆက်အသွယ် သွားလုပ်ပေးရမယ်ဆိုပါတော့"

"မင်း. . မဆိုးဘူးမုန့်တိုင်း၊ ဒါပေမယ့် မင်းကိုယ်တိုင်လုပ် ပေးစရာမလိုဘူး၊ နောက်ကွယ်ကနေ ခိုင်းပေးရုံပဲ"

"ကျွန်တော်က ဘယ်သူ့ကို ခိုင်းပေးရမှာလဲ"

သူ နားမလည်စွာ ပြန်မေးလိုက်တော့ ဦးပန်းထိုက်က ပြုံး၍ တစ်လုံးချင်းအဖြေပေးသည်။

"မင်းရဲ့ ချာတိတ်ကို"

"ဗျာ. . ကောင်းမြတ်သူကို"

"ဟုတ်တယ် မုန့်တိုင်း၊ သူတို့နေရာကို မင်းဝင်သွားရင် စောင့်ကြည့်နေတဲ့လူတွေက မသင်္ကာဖြစ်ချင်ဖြစ်နေဦးမယ်၊ မင်း ချာတိတ်လေးဆိုရင် ဘယ်သူမှ မသင်္ကာဖြစ်မှာမဟုတ်ဘူး"

"ချာတိတ်က ဘာလုပ်ရမှာလဲ"

"စိန်ဟုတ်တို့ကို ဘယ်နေ့နာရီ၊ ဘယ်မှာဆုံမယ်ဆိုတဲ့စာ ငါရေးပေးလိုက်မယ်၊ ချာတိတ်က အဲဒီစာကို ဝင်ပေးရုံပဲ၊ ဘာမှ မခက်ဘူး၊ အမှားအယွင်းဖြစ်စရာလဲ ဘာအကြောင်းမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးပန်းထိုက်၏စကားကို သူ အတန်ကြာငြိမ်သက်တွေဝေသွားပြီးမှ ရုတ်တရက်မေးခွန်းထုတ်လိုက်၏။

“စောင့်ကြည့်တဲ့ လူတွေ ရှိတယ်ဆိုတော့. . ချာတိတ်အတွက် အန္တရာယ်မရှိနိုင်ဘူးလား ဦးပန်းထိုက်”

သူ့စကားအဆုံး၌ ဦးပန်းထိုက်က သဘောကျဟန်ဖြင့် တဟားဟားရယ်မောလေသည်။

“စာရွက်ပေါ်မှာ ငါတို့ဆုံမယ့် အချိန်နဲ့နေရာ နှစ်မျိုးပဲ ကွန်ပျူတာနဲ့ ရိုက်ပေးလိုက်မှာ၊ ဥပဒေနဲ့ငြိစွန်းတာမျိုး ဘာမှ မဟုတ်ဘူး၊ ဘာအန္တရာယ်ဖြစ်စရာရှိလို့လဲ မုန်တိုင်းရ. ထားပါတော့ကွာ. . တကယ်လို့ ရဲက မသင်္ကာလို့ ချာတိတ်ကို ဆွဲထားပါပြီတဲ့၊ မင်းအတွက် ပိုတောင်ကောင်းသေးတယ်”

ဦးပန်းထိုက်က အခိုင်အမာပြောလာသော်လည်း သူကတော့ နားမလည်နိုင်စွာ ဇဝေဇဝါဖြစ်နေမိ၏။

“ဘယ်လို ပိုကောင်းတာလဲ ဦးပန်းထိုက်”

“မင်းပဲ ချာတိတ်ရဲ့မိဘတွေကို ပညာပေးချင်တယ်ဆို၊ သူတို့ရဲ့ချစ်လှစွာသော သားလေးဟာ မသင်္ကာမှုနဲ့ ရဲစခန်းကို ရောက်နေပါတယ်ဆိုရင် သူတို့ ဘယ်လိုခံစားရမလဲ၊ မင်းပဲ စဉ်းစားကြည့်လေ. . .”

“အင်း. . တော်တော်တော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြမှာပဲ”



“သိပ်သေချာတာပေါ့၊ ဒါပေမယ့် ငါက စကားအဖြစ် ပြောတာပါ၊ ချာတိတ်ကို ဘယ်သူမှ မသင်္ကာဖြစ်ကြမှာ မဟုတ်ပါဘူး”

ဦးပန်းထိုက် စကားကို လျှော့ချသွားသော်လည်း သူကတော့ ချာတိတ်သာ ရဲစခန်းရောက်သွားပါက ခေါင်းမီးတောက်နေကြမည့် သီဟနှင့် ရောင်နီတို့၏မျက်နှာကိုသာ တစ်ရစ်ဝဲဝဲ မြင်ယောင်နေမိလေသည်။

“ဘယ်လိုလဲ မုန်တိုင်း၊ မင်းရဲ့ချာတိတ်ကို စည်းရုံးပြီး ငါ့ကို အဲဒီကိစ္စ ကူညီပေးနိုင်မလား”

ဦးပန်းထိုက်၏အမေးကို ချက်ချင်းအဖြေမပေးဘဲ စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

“ဒီလိုလုပ်ကွာ မုန်တိုင်း၊ ငါ မနက်ဖြန်ည မန္တလေးကို သွားစရာရှိတယ်၊ မန္တလေးမသွားခင် နေ့လယ်ပိုင်းလောက် စိန်ဟုတ်တို့အုပ်စုနဲ့ဆုံပြီး ငါ့ကိစ္စကို အပြတ်ဖြတ်သွားချင်တယ်၊ အဲဒီတော့ ချာတိတ်ကို မနက်ပိုင်း စိန်ဟုတ်တို့ဆီလွှတ်ပြီး စာပေးခိုင်းမှဖြစ်မယ်၊ မင်း ဒီည ချာတိတ်ကို စည်းရုံးထားလိုက်ကွာ၊ ဘယ့်နှယ်လဲ”

ဦးပန်းထိုက်က အားတက်သရော ပြောလာသော်လည်း သူကတော့ စီးကရက်ကိုသာ ခပ်ပြင်းပြင်းရှိုက်ဖွာနေမိသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၉)

စတုတ္ထမြောက် စီးကရက်တိုကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေလိုက်ချိန်ထိ တစ်ဖက်ခုတင်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေသော ကောင်းမြတ်သူထံမှ ဟောက်သံတိုးတိုးလေးက စည်းချက်မှန်မှန် ထွက်ပေါ်နေဆဲဖြစ်သည်။

အင့်ခနဲ လူးလွန့်ပြီးတွားသံနှင့်အတူ ပက်လက်လှန်အိပ်နေရာမှ ကောင်းမြတ်သူ တစ်ဖက်သို့စောင်းလှည့်သွား၏။

ခပ်ဝေးဝေး ကင်းတဲဘက်ဆီမှ လွင့်ပျံ့လာသော နာရီသံချောင်းခေါက်သံအရ အတော်ညဥ့်နက်နေပြီ ဖြစ်သော်လည်း သူကတော့ တော်တော်နှင့် အိပ်မပျော်နိုင်သေးဘဲ အတွေးတွေနှင့် လူးလွန့်နေဆဲဖြစ်သည်။

"မင်းပဲ ချာတိတ်ရဲ့မိဘတွေကို ပညာပေးချင်တယ်ဆို"

"မင်းရဲ့စီမံကိန်းကို မြန်မြန်အဆုံးသတ်တော့မုန်တိုင်း"

"ရန်ဖြစ်နည်း၊ လေသေနတ်ပစ်နည်းလေးတွေ သင်ပေးပြီး ပြန်ပို့မယ်ဆိုပါတော့"





"ငါ သားလေးနဲ့ စကားပြောချင်တယ် မုန်တိုင်း၊ ငါ့ကို သားလေးနဲ့ စကားပြောခွင့်ပေးပါ"

"ကောင်းမြတ်သူ. . မင်းဒီနေ့ အိမ်မပြန်ရင် ဘယ်လိုနေမလဲ"

"ဟာ. . ဘယ်ဖြစ်မလဲဦးရဲ့၊ သားမာမီ ငိုနေမှာပေါ့"

"သူတို့ရဲ့ ချစ်လှစွာသောသားလေးဟာ မသက်မှုနဲ့ ရဲစခန်းရောက်နေပါတယ်ဆိုရင်. . ."

"သူတို့ရဲ့ ချစ်လှစွာသောသားလေးဟာ မသက်မှုနဲ့. ."

"သူတို့ရဲ့ ချစ်လှစွာသော သားလေးဟာ. . ."

▮

အတွေးတွေနှင့် လူးလွန့်စီးမျောရင်း သူ မှေးခနဲအိပ်ပျော်သွားချိန်၌ အိပ်မက်တစ်ခုထဲသို့ သူ ရောက်ရှိသွားလေသည်။

အိပ်မက်ဟု ဆိုသော်လည်း သူ အချုပ်ထဲရောက်နေစဉ် အမေလာတွေ့ပြီး ပြောခဲ့သောစကားနှင့် တကယ်တွေ့ကြုံခဲ့သည်များကို စိတ်စွဲကာ အိပ်မက်အဖြစ် ပြန်လည်မက်ခြင်းသာ ဖြစ်သည်။

"ဖြစ်ရလေ သားရယ်. . . အမေ ဘယ်လို ပြောရမလဲ မုန်တိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကုန်စိမ်းတန်းမှ အပြေးထလာဟန်တူသော အမေ့မျက်နှာက သူ့အတွက် ကျမည့်မျက်ရည်နှင့် ချွေးစေးတို့ ရောပြွမ်းစိုရွှဲ၍နေလေသည်။

"လူမိုက်ကြီး၊ ခုတော့. . အမေ အတန်တန်တားလျက်နဲ့ မင်း လူဆိုးလုံးလုံးဖြစ်ပြီပေါ့လေ၊ ဘာကွယ့်. . တရားမဝင် ကုန်ကူးတယ် ဟုတ်လား၊ မင်း ငွေရှာချင်ရင် အမေ့ကို ပြောပါတော့လား လူလေးရယ်. . ."

"မင်း ဆယ်တန်းအောင်ရင် ကျောင်းစရိတ်အတွက် အမေ စုထားတဲ့ငွေရှိပါသေးတယ် မုန်တိုင်းရဲ့၊ အမေ့ဘဝဟာ မင်းပဲ မုန်တိုင်းရဲ့၊ မင်းမရှိဘဲ အမေ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်တော့မှာလဲ၊ ပြောပါဦး လူမိုက်ကြီးရဲ့၊ အမေ့ကို ပြောစမ်းပါဦး"

"ကျွန်တော် ထောင်မကျပါဘူး. . အမေရာ စိတ်ချပါ၊ ထောင်ကျလဲ သုံးလေးနှစ်လောက်ပါပဲ၊ ကျွန်တော် ပြန်လွတ်လာရင်. . အမေနဲ့ ကျွန်တော် ပျော်ပျော်ပါးပါး ကုန်စိမ်းပြန်ရောင်းကြရအောင်လေ၊ မငိုပါနဲ့အမေရယ်"

အမေ စိတ်ချမ်းသာအောင် လျှော့ပြောလိုက်ရသော်လည်း နှစ်ပေါင်းများစွာ မည်းမှောင်ရတော့မည့် သူ့အနာဂတ်ကို သူ သိနေပါသည်။

"သုံးလေးနှစ်နဲ့ လွတ်မှာတဲ့လား မုန်တိုင်းရယ်"





"လွတ်မှာပါ အမေရ၊ ကျွန်တော် မေးစမ်းကြည့်ပြီးပါပြီ၊ နောက်သုံးလေးနှစ်ကြာလို့ ကျွန်တော် လွတ်လာရင် အမေ ဖြစ်စေချင်တဲ့ လူလိမ္မာဖြစ်အောင် ကျွန်တော် ကြိုးစားမယ်လေ၊ ဆယ်တန်းလဲ အောင်အောင်ပြန်ဖြေမယ်၊ ရန်လဲမဖြစ်တော့ဘူးနော် အမေ၊ တိတ်ပါ အမေရဲ့ မငိုနဲ့တော့နော်"

"လူလေး မင်း တကယ်ပြောတာပါနော်"

"တကယ်ပါ အမေရဲ့၊ ကျွန်တော် တကယ်ပြောနေတာပါ၊ အမေ မငိုနဲ့တော့နော်"

မျက်ရည်ကြားမှ အမေ ပြုံးလာပါသည်။

■

". . . . . . . အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ့်ငါးနှစ်ကျခံစေ"

"သား. . . ."

အမေ၏ ဆို့နင့်ကြေကွဲစွာ အော်ဟစ်သံကြောင့် သူ လှည့်ကြည့်လိုက်တော့ အရုပ်တစ်ရုပ်အား ကြိုးဖြတ်ချလိုက်သလို အမေ ပုံလျက်သား လဲကျသွားလေသည်။

သူ အမေ့နားသို့ သွားခွင့်မရ။

အမေ့အား ထွေးပွေ့ခွင့်မရ။

■



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပဲ ရောင်နီနဲ့ငါ လက်ထပ်လိုက်တယ် မုန်တိုင်း၊ အဲဒါ မင်းသိသင့်တယ်ထင်လို့. . ."

". . . . . . . . . . . ."

"မင်းအမေ ဆုံးသွားတဲ့အတွက် ငါ စိတ်မကောင်းပါဘူး"

". . . . . . . . . . . ."

"ဥပဒေကို ရင်ဆိုင်စေချင်လို့ ငါ စေတနာနဲ့ အကောင်းဆုံးလုပ်ပေးခဲ့တာကိုတော့ မင်းမှတ်ထားပါ မုန်တိုင်း. . .'

---

". . . ရောင်နီ ကလေးမွေးတယ်၊ ယောကျာ်းလေးတဲ့"

". . . . . . . . . . . ."

". . . . သူတို့ အိမ်ထောင်ရေး အဆင်ပြေပုံရပါတယ်၊ သီဟကတော့ ဆေးခန်းထိုင်လိုက်၊ ဂေါက်ရိုက်လိုက်ပဲ"

". . . . . . . . . . . ."

"ရောင်နီနဲ့တောင် . . . တစ်ခါဆုံသေးတယ်၊ သူက မင်းအကြောင်း လုံးဝ အပြောမခံဘူး၊ တော်တော်စိတ်နာနေပုံရတယ်"

---



သူ အိပ်ရာမှ ဝုန်းခနဲ လန့်နိုးလာတော့ သူ့တစ်ကိုယ်လုံး ချွေးစေးတို့ ရွှဲနစ်လျက် မောဟိုက်၍နေလေသည်။

သူနှင့် အလွန်တူချင်ပါသည်ဆိုသော ချာတိတ်ကတော့ တစ်ဖက်ခုတင်၌ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်၏။

၎င်းအား သူငေးကြည့်နေစဉ်မှာပင် ကောင်းမြတ်သူ၏ မျက်နှာမှ သီဟအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွား၏။

ထို့နောက် ရောင်နီ. . ရောင်နီဖြစ်သွားပြန်၏။

ပြီးတော့. . ဒေါ်နွယ်နီဦး. . . ဇော်ဝင်း။

သူ မုန်းတီးသူများ။

တစ်နည်းအားဖြင့် သူ့ဘဝကို ပျက်စီးစေခဲ့သူများအားလုံး၏မျက်နှာနှင့် ကောင်းမြတ်သူ၏မျက်နှာက တစ်လှည့်စီ ရောထွေး၍နေလေသည်။

သူ အံကို တင်းတင်းကြိတ်လိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သွားခိုင်မာစွာ ချလိုက်သည်။ ထို့နောက် ခုတင်ပေါ်မှ ဆင်းကာ အခန်းထောင့် တယ်လီဖုန်းရှိရာသို့ တစ်လှမ်းချင်း လျှောက်လာခဲ့၏။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသော တယ်လီဖုန်း ခေါင်းလောင်းသံက သီဟမင်းဒင်၏ အိပ်စက်ခြင်းကို ရိုက်ခတ် လှုပ်နှိုးလိုက်လေသည်။

ကျိန်းစပ်သော မျက်လုံးတို့ကို အားယူဖွင့်ရင်း နာရီကို လှမ်းကြည့်လိုက်တော့ မနက်သုံးနာရီလေးဆယ်။

သေတော့မှာပဲ။

ဒီအချိန်ဟာ တယ်လီဖုန်းလာသင့်တဲ့ အချိန်လား။

စိတ်တိုတောင်းစွာ ခပ်တိုးတိုး ကျိန်ဆဲမိမလိုဖြစ်သွားပြီးမှ ရုတ်တရက် သူ၏လူနာတစ်ယောက်ယောက်ဆီကများ လားဟူသောအသိဖြင့် မျက်လုံးကျယ်သွားပြီး. . . ခုတင်ပေါ်မှ ဆင်းကာ တယ်လီဖုန်းဆီသို့ ကမန်းကတန်းလျှောက်လာခဲ့မိ သည်။ ပဉ္စမအကြိမ်မြောက် တယ်လီဖုန်းမြည်သံ ရပ်ဆိုင်း မသွားခင်မှာပင် ဖုန်းကို ကမန်းကတန်းကောက်ကိုင်လိုက်၏။

"မင်္ဂလာနံနက်ခင်းပါ သီဟ၊ ငါ မင်းကို အိပ်ရာက နှိုး လိုက်သလိုများ ဖြစ်သွားသေးလား"





မုန်တိုင်းဟာ မခိုးမခန့်ရယ်သံနှင့် . . .

"စိတ်အနှောင့်အယှက် ဖြစ်သွားရင်ဆောရီးပဲ သူငယ် ချင်း"

"မင်း ငါ့ကို သူငယ်ချင်းလို့ မခေါ်နဲ့မုန်တိုင်း"

"မင်းကသာ မဖြစ်ချင်တာ၊ မင်းသားလေးကတော့ ငါ့ အပေါ် ခင်ခင်မင်မင်ရှိသားပဲ"

သားဟူသော. . အသံကြားသည်နှင့် သူ၏ရင်တစ်ခုလုံး နွေးခနဲဖြစ်သွား၏။

"သား. . ငါ့သားလေး နေကောင်းရဲ့လား မုန်တိုင်း၊ သူ အခု. . အနားမှာရှိလား"

"သူ နေကောင်းပါတယ်၊ မင်းတို့ဆီမှာထက်တောင် ပိုပြီး နေကောင်းသေးတယ်၊ ခုလောလောဆယ်သူအိပ်ပျော်နေတယ်"

"မင်း. . သားလေးကို ဘယ်တော့ပြန်ပို့မှာလဲ မုန်တိုင်း"

"ပို့မှာပါ၊ ပြန်ပို့ပေးမယ်လို့ ကတိပေးထားသားပဲ၊ ငါ ဘယ်တော့မှ ကတိမဖျက်တတ်ဘူးသီဟ၊ အထူးသဖြင့် ကိုယ့်ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်အပေါ်မှာ ငါ ကတိမဖျက်ဘူး၊ ပြီး တော့ . . . တချို့လူတွေလို သစ္စာလဲမဖောက်တတ်ဘူး"

ထိုစကားကတော့ သူ့အား ရည်ရွယ်တိုက်ခိုက်လိုက်မှန်း သိသာလှပါသည်။ သူ ထောင်းခနဲဖြစ်သွားကာ တစ်ခုခုပြန်ပြော မိမလိုဖြစ်သွားပြီးမှ ချက်ချင်းပင် စိတ်ကိုလျှော့ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆိုလဲ. . မင်း ကတိမြန်မြန်တည်ဖို့အတွက် ငါ ဘာတွေဖြည့်ဆည်းပေးရမလဲ မုန်တိုင်း၊ ငါ ဘာပေးဆပ်ရမလဲ"

သူ့မေးခွန်းအား မုန်တိုင်းက ခပ်လျှောင်လျှောင်ရယ်သံဖြင့် တုံ့ပြန်လေသည်။

"မင်းတောင့်အပေးအယူသဘောတွေ ဘာတွေအတော့်ကို တီးမိခေါက်မိရှိလာပါလား သီဟ၊ ဒါပေမယ့် တစ်ချိန်တုန်းက ငါ့ဘဝရဲ့ အချိန်ဆယ့်ငါးနှစ်နဲ့ ငါ့ရဲ့အနာဂတ် ရည်မှန်းချက်ကို မင်းယူသွားတုန်းကတော့ ငါ့ကို ဘာမှပြန်ပြီးမပေးခဲ့ပါလား"

"မုန်တိုင်း. . . မင်း. . ."

"ဆောရီးကွာ၊ အနာပေါ် တုတ်ကျသွားရင် ခွင့်လွှတ်ပါ၊ ငါ သိချင်တာလေးတစ်ခု မေးချင်လို့၊ မင်းတို့ ကောင်းမြတ်သူကို တော်တော်ချစ်သလား"

"ဘာ. . ဘယ်လိုကွ၊ ချစ်သလားလို့ မင်းမို့မေးရက်တယ် မုန်တိုင်း၊ ချစ်တာပေါ့၊ ငါတို့အသက်ထက် ပိုချစ်တယ်၊ ငါတို့ဘဝထက် ပိုချစ်တယ်၊ ဒါကြောင့် မင်းကျေနပ်အောင် ငါဘာတွေပေးဆပ်ရမလဲ၊ ဘယ်လိုတောင်းပန်ရမလဲလို့ မေးနေတာပေါ့"

"လောလောဆယ် ပေးဆပ်တာတွေ၊ တောင်းပန်တာတွေ မလိုသေးပါဘူး သီဟ၊ မင်းတို့ သူ့အပေါ် သိပ်ချစ်၊ မချစ် သိချင်တာသက်သက်ပါ"





"မင်း. . မင်း ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ မုန်တိုင်း၊ သားလေးကို မင်းတစ်ခုခုများ. . ."

"အတွေးမခေါင်စမ်းနဲ့ သီဟ၊ ငါ သူ့ကို ပြန်ပို့ပေးမယ်လို့ ပြောပြီးပြီ မဟုတ်လား"

"ဘယ်တော့ ပြန်ပို့မှာလဲ"

သီဟ အလောတကြီး ပြန်မေးလိုက်တော့. . .

မုန်တိုင်းက တစ်လုံးချင်းအဖြေပေးသည်။

"မ. . နက်. . ဖြန်"

မုန်တိုင်း၏အဖြေကြောင့် ဝမ်းသာဇောဖြင့် အသက်ရှူရန်ပင် မေ့လျော့သွား၏။

"ဒါပေမယ့် ငါကိုယ်တိုင်တော့ အိမ်တိုင်ရာရောက်လာ ပို့ပေးနိုင်မှာ မဟုတ်ဘူး သီဟ"

"ငါ ဘယ်မှာ သွားခေါ်ရမလဲ"

"အဲဒါ မနက်ဖြန်ကျရင် သိရမယ်လေ၊ မင်းနဲ့ငါ မနက်ဖြန်ကျရင် သံပရာခြံမှာ ဆုံကြမယ်"

စကားဆုံးသည်နှင့် မုန်တိုင်း ဖုန်းချသွား၏။

သီဟ ဖုန်းကို ပြန်တင်ရင်း နောက်ဘက်သို့လှည့်လိုက်တော့ မျက်ရည်တို့ ရစ်ဝဲနေသည့် မျက်ဝန်းဖြင့် သူ့အားစိုက်ကြည့်နေသော ရောင်နီ့ကို တွေ့လိုက်ရသည်။

"သူ. . သူ. . သားလေးကို ပြန်ပို့မယ်တဲ့လား ကိုမင်း"

www.burmeseclassic.com



သီဟ ခေါင်းညိတ်ပြလိုက်တော့. . .

ရောင်နီက သီဟရင်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ကြီး တစ်ငင်ငိုချလိုက်လေသည်။

"မငိုနဲ့လေ ရောင်နီ၊ ဘာဖြစ်လို့ ငိုရတာလဲ"

"ရောင်နီ ဝမ်းသာလို့ပါကိုမင်း၊ ရင်ထဲမှာ ဆို့နေတာတွေ သက်သာသွားအောင် ရောင်နီ ငိုပါရစေ"

ဝမ်းသာမှုဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေသော ရောင်နီ့ပခုံး ကိုဖက်ကာ နှစ်သိမ့်လိုက်သော်လည်း သီဟကိုယ်တိုင်ကတော့ အပြည့်အဝ ဝမ်းမသာနိုင်ရှာပါ။

အကြောင်းကတော့ မုန်တိုင်း၏စိတ်ကို ဘယ်တုံးကမှ မှန်ကန်စွာ သူ အကဲမခတ်နိုင်သောကြောင့်ဖြစ်သည်။

▮

သီဟမင်းဒင် မယုံရဲရဲဖြစ်နေချိန်၌ မုန်တိုင်းကတော့ တခြားဖုန်းနံပါတ်တစ်ခုကို ယုံကြည်စွာ လှည့်နေပြီဖြစ်၏။

-တစ်ဖက်မှ. . . တယ်လီဖုန်းခေါ်သံကို နားထောင်ရင်း ဦးပန်းထိုက်၏စကားများကို ပြန်လည်ကြားယောင်လိုက်မိပြန် သည်။

"အစီအစဉ်က ရိုးရိုးလေးပဲ မုန်တိုင်း၊ မနက်ကိုးနာရီ လောက် ချာတိတ်ကို ယာဉ်မောင်းတစ်ယောက်နဲ့ စိန်ဟုတ်တို့





လမ်းထိပ်နားအထိ လိုက်ပို့ပေးမယ်၊ ချာတိတ်က လမ်းလျှောက် ဝင်သွားပြီး စိန်ဟုတ်တို့ကို စာပေး၊ ပြီးရင် ကားဆီကို ပြန်လာပြီး ကားနဲ့ ဒီအိမ်ကို ပြန်လိုက်လာရုံပဲ"

"ဆုံမယ့်နေရာကို ရွေးပြီးပြီလား"

"ငါ ဆောက်လုပ်ရေးပစ္စည်းပို့နေတဲ့ ဆောက်လက်စ ဟိုတယ်တစ်ခုကို ရွေးထားတယ်၊ ဆုံမယ့်အချိန်က နေ့လယ် ဆယ့်နှစ်နာရီ၊ မင်းဆန္ဒရှိရင် ဆုံရပ်ကို ငါတို့နဲ့အတူတူလိုက်ခဲ့၊ မလိုက်ချင်ရင်လဲ မင်းနဲ့ချာတိတ် အိမ်မှာနေခဲ့လို့ရတယ်"

ဦးပန်းထိုက်၏စကားတို့ကို ကြားယောင်နေဆဲမှာပင် "ဟုတ်ကဲ့ အမိန့်ရှိပါ"ဟူသော ဖုန်းဖြေသံတစ်ခုက တယ်လီဖုန်း နားထောင်ခွက်ထဲမှ ထွက်ပေါ်၍လာလေသည်။

တစ်ဖက်မှ ဖုန်းကိုင်သူအား သူပြောချင်သော စကား တို့ကို ခပ်သွက်သွက်ပြောချလိုက်ပြီး တယ်လီဖုန်းခွက်ကို ပြန် ချလိုက်၏။

ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိပြီး ရောင်နီပျို့ လာသော နံနက်ခင်းကောင်းကင်ကိုငေးကြည့်ကာ မိုးအလင်းကို သူ ထိုင်စောင့်နေလိုက်လေသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"ခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် မုန်တိုင်း"

သူ့လက်အား ခပ်တင်းတင်းဆုပ်ကိုင်ခါယမ်းကာ ပြောလာသော လူအား သူက အေးစက်စွာ တစ်လုံးချင်းပြန်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဆပ်စရာရှိတဲ့ အကြွေးတစ်ခုကို ပြန်ပြီးပေးဆပ်လိုက်တယ်လို့ပဲ သဘောထားလိုက်ပါ"

သူ့စကားကို ထိုပုဂ္ဂိုလ် နားလည်ပါ့မလားဟုတွေးရင်း သီဟနှင့်ရောင်နီတို့၏မျက်နှာကို ဖျတ်ခနဲမြင်ယောင်လိုက်မိ၏။

"ကဲ. . ကျွန်တော်သွားမယ် မုန်တိုင်း"

"ကောင်းပြီ၊ ကျွန်တော်လဲ ဦးပန်းထိုက်တို့ဆီ ပြန်လစ်လိုက်ဦးမယ်"

လက်ဖက်ရည်ဆိုင်ထဲမှ လူချင်းခွဲကာ ထွက်လာခဲ့ပြီး ဆိုင်ကယ်ကို စက်နှိုးကာ ဦးပန်းထိုက်၏အိမ်သို့ သူပြန်လာခဲ့၏။

သူ့ကိုတွေ့သည်နှင့် ဦးပန်းထိုက်က ဆီးမေးသည်။





"စောစောစီးစီး ဘယ်ကပြန်လာတာလဲ မုန်တိုင်း"

"လက်ဖက်ရည်သွားသောက်တာ"

"ငါ ထင်သားပဲ၊ ဒါနဲ့ ချာတိတ်ကိုလွှတ်ဖို့ကိစ္စ ဘယ်လိုလဲ"

"ကျွန်တော် ကြည့်လုပ်ပါ့မယ်"

"အိုကေ. . ဒါဆို ခဏနေရင် ချာတိတ်ကို စာသွားပေးခိုင်းလိုက်မယ်၊ လိုအပ်တာလေးတွေ မင်း သူ့ကိုမှာလိုက်ဦး"

သူ ခေါင်းညိတ်ပြပြီး ဦးပန်းထိုက်ဘေးမှ လှည့်ထွက်လာခဲ့၏။ သူ ခြံထဲဆင်းလာတော့ ဒန်းဖြူဖြူလေးပေါ်၌ ထိုင်နေသော ကောင်းမြတ်သူက သူ့အား မျက်နှာငယ်လေးနှင့် စောင့်ဆိုင်းနေလေသည်။

"ဦး. . ကျွန်တော့်ကို ခိုင်းစရာရှိလို့ဆို. . ."

"မင်းကို ဘယ်သူပြောတာလဲ"

"ဟို. . ဦးပန်းထိုက်ဆိုတဲ့လူကြီး ပြောတာ"

"ဟုတ်တယ် ကောင်းမြတ်သူ၊ မင်း ဒီနေ့ ဦးအတွက် အလုပ်တစ်ခု လုပ်ပေးရမယ်၊ ဦးကို ကူညီတဲ့သဘောပေါ့"

ကောင်းမြတ်သူ၏ဘေးနားသို့ ဝင်ထိုင်ရင်း. . သူ ပြောလိုက်သည်။

"ကျွန်တော် ဘာလုပ်ပေးရမှာလဲဦး"

"တစ်နေရာကို စာတစ်စောင်သွားပို့ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပို့ပြီး ကျွန်တော် ဦးဆီပြန်လာရမှာလား"

ချာတိတ်၏စကားကြောင့်. . သူ နှုတ်ဆွံ့ငြိမ်သက်စွာ စီးကရက်ကို ဖွာရှိုက်နေလိုက်ပြီးမှ. .

"ဘာလဲ မင်းက ငါ့ဆီကို ပြန်မလာချင်တော့ဘူးလား၊ မင်းမိဘတွေဆီကို ပြန်ချင်နေပြီလား"

"ဟင့်အင်း. . မပြန်ချင်သေးပါဘူး၊ ကျွန်တော် ဦးနဲ့နေရတာပျော်တယ်"

အားတက်သရော တုံ့ပြန်လာသော ချာတိတ်၏စကားကြောင့် သူ လှိုက်ခနဲဖြစ်သွားပြီး သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။

"အေးလေ. . ပျော်တယ်ဆိုရင်လဲ မင်း ငါနဲ့ဆက်နေပေါ့၊ ဟုတ်ပြီလား၊ ကဲ. . ခုလောလောဆယ် ရေချိုးအဝတ်အစားလဲထားလိုက် ကောင်းမြတ်သူ၊ ခဏနေရင် မင်းအပြင်သွားရလိမ့်မယ်၊ ဦးပန်းထိုက်ရဲ့ ယာဉ်မောင်းက မင်းကို တစ်နေရာလိုက်ပို့ပေးလိမ့်မယ်၊ အဲဒီနေရာမှာ မင်းစာတစ်စောင် ဝင်ပေးရမယ်၊ စာပေးပြီး ဒီကို ပြန်လာရုံပဲ"

"ဦးကော ကျွန်တော်နဲ့အတူတူ မလိုက်ဘူးလား"

"မလိုက်ဘူး"

သူ ငြင်းလိုက်တော့ ချာတိတ်၏မျက်နှာက အားငယ်မှုဖြင့် ညှိုးကျသွားလေသည်။





"မင်းက ငါ့လိုမျိုး သတ္တိရှိတယ်ဆိုကွ၊ သတ္တိရှိရင် ငါမပါလဲတစ်ယောက်တည်း သွားရဲရမှာပေါ့၊ ဘာလဲ မင်းကြောက်နေလို့လား"

သူ မခံချင်စိတ်ကို ဆွပေးလိုက်သဖြင့် ချာတိတ်က ရင်ကော့ကာ ခပ်ဆတ်ဆတ်ပြန်ပြောလေသည်။

"သွား. . ယောကျ်ားဗျ၊ သတ္တိရှိတယ်"

"ကဲ. . ရေသွားချိုးပြီး၊ အဆင်သင့်လုပ်တော့"

ချာတိတ်ထွက်သွားသည်နှင့် ဦးပန်းထိုက်ဆီသို့ သူပြန်လာခဲ့သည်။

"ကျွန်တော် ပြောထားပြီးပြီ ဦးပန်းထိုက်၊ ရေချိုးပြီး အဆင်သင့်လုပ်ခိုင်းထားတယ်၊ ခဏနေရင် ခင်ဗျား သူ့ကိုအသုံးချလို့ရပြီ၊ ကျွန်တော် အပြင်လစ်လိုက်ဦးမယ်"

"ဘယ်လဲ မုန့်တိုင်း"

"သံပရာခြံဘက်၊ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုရှိလို့ဗျာ၊ နောက်ပြီး ချာတိတ်က ကျွန်တော့်ကိုမြင်ရင် သူတစ်ယောက်တည်း မသွားချင်ဘူး လုပ်နေမှာစိုးလို့"

ဦးပန်းထိုက် ဘာမှမပြောနိုင်ခင် သူ လှစ်ခနဲထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ ဦးပန်းထိုက်အပြစ် ချာတိတ်လေးကောင်းမြတ်သူကိုပါ နှုတ်ဆက်လိုက်သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

"ဘယ်ဆိုးလို့လဲ သီဟ၊ မင်းအတော် ဝီရိယကောင်းနေပါလား"

သီဟ ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။

၎င်း၏အကောင်းစား ရှူးဖိနပ်နားတစ်ဝိုက်၌ စီးကရက်တိုသုံးလေးခု ပြန့်ကျဲနေ၏။

"မင်းဆေးလိပ်ဘူးလေး ငါ့ဆီ ကမ်းလိုက်စမ်းပါ"

သီဟက ၎င်း၏စီးကရက်ဘူးအား သူ့ထံသို့ ပစ်ပေးလိုက်သဖြင့် ဖမ်းယူပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိလိုက်သည်။

"သားလေးကော မုန်တိုင်း"

"ဖြည်းဖြည်းပေါ့ကွာ၊ စီးကရက်သောက်ပါရစေဦး"

စီးကရက်ကို ဖိမ်ဆွဲ၍ဖွာရှိုက်နေသော သူ့အား သီဟ စိတ်မရှည်ဟန်နှင့် စိုက်ကြည့်နေ၏။ လက်ထဲမှ နာရီကို ငုံ့ကြည့်လိုက်တော့ ကိုးနာရီသုံးဆယ့်ငါး။





ဒီအချိန်လောက်ဆိုလျှင်တော့ ချာတိတ်လေးစိန်ဟုတ်တို့ လမ်းထဲသို့ ရောက်နေလောက်ရောပေါ့။

"မုန်တိုင်း . . . ငါ စိတ်မရှည်တော့ဘူး၊ သားလေး ဘယ်မှာလဲ၊ ငါ ဘယ်မှာသွားခေါ်ရမှာလဲ"

"ခုလောလောဆယ်တော့ မင်း သူ့ကို သွားခေါ်လို့ ရမှာမဟုတ်ဘူး သီဟ၊ ငါ အကူအညီတောင်းလို့ သူ ကိစ္စတစ်ခုကို သွားဆောင်ရွက်ပေးနေတယ်၊ အဲဒီကိစ္စပြီးရင်တော့ သွားတွေ့လို့ရပါပြီ"

"ဘယ်မှာ သွားတွေ့ရမှာလဲ"

သီဟ နားမလည်သလိုမေးတော့. . သူ စီးကရက် မီးခိုးတို့ကို မှုတ်ထုတ်ရင်း တစ်လုံးချင်းအဖြေပေးလိုက်သည်။

"ရဲစခန်း"

"ဘာ. . ."

"မင့်သားက သိပ်ပြီးသတ္တိကောင်းတယ် သီဟ၊ သက်ဆိုင်ရာက စောင့်ကြည့်နေလို့ ငါ့မိတ်ဆွေ ဦးပန်းထိုက်တောင် မသွားရဲတဲ့နေရာကို မင်းရဲ့သားလေးက သူတစ်ယောက်တည်း သွားပြီး အချိန်းအချက်စာ သွားပို့ပေးတယ်၊ အဲဒီစာကြောင့် ရဲတွေက မင်းရဲ့သားကို. . ."

သူ့စကားမဆုံးခင်မှာပင် စွပ်ခနဲခပ်အုပ်အုပ်မြည်သံတစ်ခုနှင့်အတူ သူ့မျက်နှာလည်ထွက်သွားပြီး နောက်သို့ယိုင်လဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲတွေက မင်းရဲ့သားကို ကျေးဇူးတင်မှာပါ" ဟူသော စကားကိုပင် ဆုံးအောင်မပြောလိုက်ရ။ တင်ကြိုမျှော်လင့်မထားမိသဖြင့် သီဟ၏လက်သီးကို သူ မရှောင်လိုက်နိုင်ပါ။

မေးရိုးကိုပွတ်ရင်း သီဟကို သူ ပြုံးကြည့်လိုက်သည်။

"မင်း. . မဆိုးဘူး သီဟ၊ လက်သီးဖြောင့်ဖြောင့်ထိုးတတ်လာပြီ၊ ဒါပေမယ့် ဒီထက်ပိုပြင်းအောင်တော့ နည်းနည်းလေ့ကျင့်လိုက်ဦး"

ထိုင်နေရာမှ ထရပ်ရင်း အေးဆေးစွာ ပြောလိုက်သောသူ့အား သီဟက စူးစူးရဲရဲစိုက်ကြည့်ပြီး ဒေါသသံဖြင့် မေးသည်။

"မင်း, မင်း. . သားလေးရဲ့ဘဝကို တမင်အကွက်ဆင်ပြီး ဖျက်ဆီးလိုက်တာမဟုတ်လား မုန်တိုင်း"

သီဟ၏အသံက ဒေါသတရားတို့ဖြင့် တုန်ခါ၍နေလေသည်။ သူ့စကားဆုံးအောင် နားမထောင်လိုက်သဖြင့် သီဟသူ့အပေါ် အထင်လွဲသွားခြင်းဖြစ်ကြောင်း သူ သဘောပေါက်လိုက်၏။

တကယ်တော့ သီဟထင်သလို မဟုတ်ပါ။

ညက အိပ်မက်ဆိုးတို့ကြောင့် အိပ်ရာမှ လန့်နိုးလာပြီးကတည်းက ဥပဒေနှင့်ငြိစွန်းသောမည်သည့်အလုပ်ကိုမျှ ထပ်မံမလုပ်ကိုင်ရန် သူ ဆုံးဖြတ်ခဲ့၏။ ထို့ပြင်မက ဦးပန်းထိုက်တို့၊ ဦးစိန်ဟုတ်တို့လို ဥပဒေအား လက်တစ်လုံးခြားလှည့်ဖြားကာ





တိုင်းပြည်စီးပွားရေးအား အနှောင့်အယှက်ဖြစ်စေသူ မှန်သမျှကိုလည်း တားဆီးရန် သူ ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် တာဝန်ရှိသူများနှင့် ဖုန်းအဆက်အသွယ်လုပ်ပြီး မနက်စောစော လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံသတင်းပေးခဲ့ခြင်းဖြစ်သည်။

". . . . ခင်ဗျားရဲ့ ချာတိတ်က အချိန်းအချက်စာကို ဆက်ဆက်သွားပေးဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ၊ စာသာသူတို့လက်ထဲရောက်သွားရင် ချိန်းထားတဲ့နေရာမှာ ကျွန်တော်တို့ရဲ့အဖွဲ့ဝင်တွေ ကြိုစောင့်နေရုံပဲ"

". . . အေးဗျာ၊ ခင်ဗျားကို ကျေးဇူးတင်တယ် မုန်တိုင်း၊ ဦးပန်းထိုက်ကိုရော ဦးစိန်ဟုတ်ကိုပါ ကျွန်တော်တို့ လိုက်နေတာကြာပြီ၊ ခုလိုမျိုး. . လက်ပူးလက်ကြပ် မကိုင်နိုင်သေးလို့ စောင့်ကြည့်နေရတာ၊ ချိန်းထားတဲ့ ဆုံရပ်မှာ သူတို့ကို ဝင်ဖမ်းတာနဲ့ တစ်ချိန်တည်း ဦးပန်းထိုက်အိမ်က ချာတိတ်ကို ကျွန်တော်တို့ သွားခေါ်ထားမယ်၊ ခင်ဗျား ပြန်လာခေါ်မယ်မဟုတ်လား"

ထိုမေးခွန်းကိုတော့ သူ ခေါင်းယမ်းတုံ့ပြန်ခဲ့ပါသည်။

သူကိုယ်စား သီဟတို့လင်မယား သွားခေါ်ကြလိမ့်မည်။

ချာတိတ်အား သီဟတို့ သွားပြန်ခေါ်ခိုင်းဖို့ သူ စကားစတင်လိုက်စဉ်မှာပင် သီဟက သူ့အပေါ် အထင်လွဲသွားခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါ မေးနေတယ်လေ မုန်တိုင်း၊ မင်း သားလေးရဲ့ဘဝကို တမင်အကွက်ဆင်ပြီး ဖျက်ဆီးလိုက်တာ မဟုတ်လား"

မလိုအပ်ဘဲ ဒေါသကြီးနေသော သီဟကိုကြည့်ကာ သူ ခြောက်ကပ်ကပ်ရယ်မောလိုက်မိသည်။

"ချာတိတ်ကို ရဲစခန်းမှာ သွားတွေ့ရမယ်ဆိုတာနဲ့ ငါက ချာတိတ်ရဲ့ ဘဝကို ဖျက်ဆီးပစ်တယ်လို့ ဘာဖြစ်လို့ စွပ်စွဲရတာလဲ သီဟ၊ လူတစ်ယောက်ကို ရဲစခန်းရောက်အောင် လုပ်တာနဲ့. . အဲဒီလူရဲ့ဘဝကို ဖျက်ဆီးရာရောက်ရောလား၊ ဒါဆို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က မင်းလုပ်ခဲ့တဲ့ ကိစ္စကိုရော ဘယ်လိုပြောမလဲ၊ ငါ့ဘဝကို မင်း ဖျက်ဆီးခဲ့ပါတယ်လို့ ဝန်ခံမလား"

သူ့မေးခွန်းကြောင့် သီဟမျက်နှာ ရဲခနဲဖြစ်သွား၏။

သူ နာကျင်စွာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်စဉ်မှာပင် သီဟက သူ့မျက်နှာအား စေ့စေ့ကြည့်ကာ တစ်လုံးချင်းပြောလေသည်။

"အဲဒီ အငြိုးအတေးရှုတွေကြောင့် ကောင်းမြတ်သူရဲ့ဘဝကို ဖျက်ဆီးဖို့ ကြိုးစားနေတာဆိုရင်တော့ မင်း အကြီးအကျယ် မှားသွားပြီ မုန်တိုင်း၊ ကောင်းမြတ်သူဟာ ဘယ်သူ့ကလေးလို့ မင်းထင်သလဲ၊ ဘယ်သူ့သားလို့ မင်းထင်သလဲ၊ အဲဒါ. . မင်း သားကွ၊ မင်းရဲ့သား. . ."





မထင်မှတ်သောစကားကြောင့် . . .

သီဟ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိ၏။

ပြီးမှ သဘောကျစွာရယ်မောလိုက်မိသည်။

"တော်တော် ဟာသမြောက်တဲ့ ပျက်လုံးပဲ သီဟ၊ မင်း အဲဒီအတတ်တွေ ဘယ်က တတ်လာတာလဲ"

"ဘာလဲ. . မင်း မယုံဘူးပေါ့ ဟုတ်လား မုန်တိုင်း၊ ဒီမယ် မင်း. . ထောင်ကျပြီး နောက်နေ့မှာပဲ ငါနဲ့ရောင်နီ ဘာဖြစ်လို့ အလောတကြီး လက်ထပ်လိုက်ရတာလဲဆိုတာ မင်းစဉ်းစားမိရဲ့လား၊ အဖြေရှာကြည့်မိရဲ့လား၊ ရောင်နီ့မှာ မင်းနဲ့ရတဲ့. ."

"တော်စမ်းပါ သီဟ. . မင်း ပုံပြောတာဝါသနာပါရင် ကလေးတွေကို သွားပြော"

"အဲဒါ ပုံပြင်မဟုတ်ဘူး မုန်တိုင်း၊ နင့်လို အရိုင်းအစိုင်း လူယုတ်မာကို ဘယ်တော့မှ အသိမခံဘူးဆိုပြီး တမင်ဖုံးကွယ်ထားတဲ့ တကယ့်အမှန်တရားတွေပဲ"

ရုတ်တရက် ထွက်ပေါ်လာသော သူ့နောက်ဘက်ဆီမှ အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ တစ်လှမ်းချင်း လျှောက်လာသော ရောင်နီ့ကို တွေ့လိုက်ရသည်။ ပကတိတည်ငြိမ်စွာပြောလိုက်သော သူမ၏စကားကြောင့် အံ့သြတကြီးဖြင့် သူ တုန်လှုပ်စွာ ခေါင်းကို ခါယမ်းလိုက်မိသည်။

"မဖြစ်နိုင်တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့ရေရွတ်စကားကြောင့် ရောင်နီက နာကြည်းစွာပြုံးလေသည်။ ထို့နောက် သူ့ရှေ့ခြေနှစ်လှမ်းအကွာတစ်ဖက်၌ တည်ငြိမ်စွာရပ်လိုက်ပြီး သူ့အား မကြည့်ဘဲ စကားစ၏။

"ဟောဒီ. . . သံပရာခြံထဲမှာ နင် ထန်းရည်မူးတဲ့ နေ့ တစ်နေ့ကို မမေ့သေးဘူးဆိုရင် ငါပြောတာ ဖြစ်နိုင်မဖြစ်နိုင်ကို နင့်ဖာသာ ပြန်စဉ်းစားကြည့်ပေါ့ မုန်တိုင်း"

". . . . . . . . ."

ထန်းရည်မူးတဲ့နေ့တဲ့။

သူ ထန်းရည်မူးခဲ့ဖူးတာကတော့ အမှန်ပဲဖြစ်သည်။

ထိုစဉ်က သူ့အား သူမ စိတ်ဆိုးတကြီးဖြင့် ရန်တွေ့ခဲ့သေး၏။

"နင် အဲဒီအရည်တွေ သောက်ထားရင် ငါ့နားမကပ်နဲ့"

"ကပ်တယ်ဟာ. . နင်နဲ့ငါနဲ့က လက်မှတ်ထိုးထားပြီးသားပဲ"

"အဲဒါက လူကြီးတွေ မခွဲနိုင်အောင် လက်ထပ်စာချုပ်မှာ တိတ်တိတ်လေး ထိုးထားကြတဲ့ဟာပဲ ဘာဆိုင်လဲ၊ ဖယ်ဟာ ငါ. . ပြန်မယ်"

"ပြန်လို့ ဘယ်ရမလဲ၊ နင့်လက်ကို ဒီလိုဆွဲထားလိုက်မှာပေါ့"

"မုန်တိုင်းနော်. . ငါ့လက်ကိုလွှတ်"





". . . . . . . . ."

"မုန်တိုင်း ငါ စိတ်ဆိုးမှာနော်"

". . . . . . . ."

"မုန်တိုင်း"

မှုန်ဝါးဝါးနိုင်လှသော အဖြစ်အပျက်တို့ တဖြည်းဖြည်း ပီပြင်လာချိန်၌ သူ၏ရင်ခုန်နှုန်းမှာလည်း ပိုမိုမြန်ဆန်၍လာလေသည်။

". . . . သားက ဦးနဲ့ တူချင်တာ"

"တစ်ခါတုန်းက မာမီ့မှာ သိပ်ဆိုးတဲ့သူငယ်ချင်းတစ်ယောက်ရှိတယ်တဲ့၊ အဲဒီသူငယ်ချင်းလို သားလူဆိုးဖြစ်သွားမှာကို မာမီက သိပ်စိုးရိမ်တာ. . ."

". . သား ယောကျ်ားဗျ၊ သတ္တိရှိတယ်"

ဘုရား. . . ဘုရား. . .

ဒါဆို ကောင်းမြတ်သူဟာ ငါ့သားပေါ့။

သူ နာရီကို ငုံ့ကြည့်လိုက်တော့ ဆယ်နာရီကျော်စပြုနေပြီဖြစ်၏။ ဒီအချိန်ဆို ဦးပန်းထိုက်အိမ်သို့ ကောင်းမြတ်သူ ပြန်ရောက်နေလောက်ပြီဖြစ်၏။

"ဘာမှ ပြဿနာမဖြစ်ရင် တစ်နာရီအတွင်း ချာတိတ်အိမ်ပြန်ရောက်လာမှာပါ မုန်တိုင်း"

ဦးပန်းထိုက်၏စကားက ပဲ့တင်ထပ်စွာ လွင့်ပျံ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတဲ့၊ ဟင့်အင်း ဘာမှ ပြဿနာ မရှိနိုင်ပါဘူး။

သို့သော် စိုးရိမ်စိတ်က ရင်ထဲသို့ လှစ်ခနဲ ဝင်ရောက်လာသဖြင့် သီဟ၏ခါး၌ ချိတ်ထားသော လက်ကိုင်ဖုန်းကို လှမ်းတောင်းလိုက်သည်။

"သီဟ ဖုန်းခဏပေးစမ်းကွာ"

သီဟ ခပ်ကြောင်ကြောင် ကမ်းပေးလာသော ဖုန်းကိုယူကာ တယ်လီဖုန်းနံပါတ်တို့ကို ခပ်သွက်သွက် နှိပ်လိုက်၏။ တစ်ဖက်မှ ဖုန်းခွက်မ,သံ ကြားသည်နှင့် သူ အလောတကြီး ပြောလိုက်သည်။

"ဦးပန်းထိုက်၊ ကျွန်တော်ပါ . . မုန်တိုင်း"

"ချာတိတ်အကြောင်း မေးမလို့မဟုတ်လား မုန်တိုင်း၊ သူ ပြန်မရောက်သေးဘူး"

"ဗျာ. . ဘာဖြစ်လို့. . ."

"စိန်ဟုတ်ဆီက လူတစ်ယောက်ဖုန်းဆက်တယ်မုန်တိုင်း၊ ဇော်ဝင်းတဲ့၊ မင်းနဲ့ကျောင်းတုန်းကတည်းက ရန်ဖြစ်ဖော်ရန်ဖြစ်ဖက်သူငယ်ချင်းလို့ ပြောတယ်"

ဇော်ဝင်းဆိုပါလား။

သူ့ရဲ့ ရန်သူတော်ဇော်ဝင်းက ဘာဖြစ်လို့များ စိန်ဟုတ်ဆီမှာ ရောက်နေရတာလဲ။

"သူ့ကို ကျွန်တော် သိတယ် ဦးပန်းထိုက်"





"သူကလဲ မင်းကို ကောင်းကောင်းသိနေတယ် မုန်တိုင်း၊ သူက စိန်ဟုတ်ရဲ့ ညာလက်ရုံးပဲ၊ ချာတိတ်ဟာ မင်းရည်းစားဟောင်းရဲ့သားတဲ့၊ ပြီးတော့ ဒီနေ့မနက် မင်းရဲတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံတာကိုလဲ သူက တွေ့ခဲ့တယ်တဲ့၊ အဲဒီတော့. . ."

"ချာတိတ်ကို ဆွဲထားလိုက်ပြီဆိုပါတော့"

သူ စိုးရိမ်တကြီးမေးလိုက်တော့ ဦးပန်းထိုက်က . . .

"အစစ်ပဲ မုန်တိုင်း"ဟု ခပ်ပြတ်ပြတ်အဖြေပေး၏။

"ချိန်းထားတဲ့အတိုင်း ဆုံရပ်ကို သူတို့လာမယ်၊ ချိန်းထားတဲ့အချိန်ထက် အစောကြီး ကြိုတင်ရောက်နှင့်နေမယ်တဲ့၊ ဘာပြဿနာမှမဖြစ်ရင်. . ချာတိတ်ကို ပြန်လွှတ်ပေးမယ်တဲ့၊ အဲ. . ပြဿနာတစ်ခုခုဖြစ်ရင်တော့. . ."

ဖုန်းကို ပြန်ပိတ်ပြီး သီဟထံသို့ ပစ်ပေးကာ ဆိုင်ကယ်ရှိရာသို့ သူ ဝုန်းခနဲ ပြေးထွက်လာခဲ့၏။

စိုးရိမ်တကြီး အော်မေးလိုက်သော သီဟကို ဘာမှအဖြေပြန်မပေးဘဲ ဆိုင်ကယ်ကို စက်နှိုးကာ ဝေါခနဲ မောင်းထွက်လာခဲ့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

လက်ရန်းမရှိသေးသော တစ်ဆစ်ချိုးလှေကားထစ်များပေါ်သို့ သူ အပြေးအလွှားတက်လာစဉ် ထောင့်ချိုးတစ်နေရာအရောက် လူတစ်ယောက်က သူ့တက်လမ်းကို ပိတ်ထား၏။

စိန်ဟုတ်တို့အုပ်စုမှ လူပဲဖြစ်ပါလိမ့်မည်။

"ဇော်ဝင်းကော"

"အပေါ်မှာ၊ ဒါပေမယ့် ခင်ဗျားတက်ခွင့် မရှိဘူး"

"ငါ မတက်လို့မဖြစ်ဘူး၊ ဟိုးအောက်ကို ငုံ့ကြည့်လိုက်စမ်း"

ထိုလူ လှေကားအစွန်းနားသွား၍ ငုံ့ကြည့်စဉ်မှာပင် ၎င်းအား လှစ်ခနဲကျော်ဖြတ်၍ ပြေးတက်လာခဲ့သည်။ သူ လှေကားဆယ်ထစ်လောက်ပဲ တက်ရသေး၏။ စောစောက လူထံမှ လက်ခေါက်မှုတ်သံတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်၍လာသည်။

ဒါဟာ အပေါ်က ဇော်ဝင်းတို့အုပ်စုကို အချက်ပေးလိုက်တာဖြစ်မှာပဲ။





ကွန်ကရစ်လောင်းပြီးစ အပေါ်ဆုံးထပ် ရောက်တော့ ကောင်းမြတ်သူအား ဇော်ဝင်းနှင့်အတူ တွေ့လိုက်ရသည်။

ဇော်ဝင်းတို့နား၌ လူသုံးလေးဦးခန့်ရှိပြီး အခြားနေရာများ၌လည်း ဦးထုပ်အဝါဆောင်းထားသော အလုပ်လုပ်နေကြသည့် လူတချို့ကို တွေ့လိုက်ရသည်။

ထိုအုပ်စုထဲ၌ သူ၏တင်ကြိုသတင်းပေးမှုအရ ရောက်ရှိနေကြသော ရဲတပ်ဖွဲ့ဝင်များလည်း ရောနှောပါဝင်နေပါလိမ့်မည်။

"ဇော်ဝင်း. . ."

သူခေါ်သံကြောင့် ဇော်ဝင်းက သူ့ကို တွေ့မြင်သွားကာ ပြုံးလိုက်ပြီး. . တစ်ချိန်တည်းမှာပင် ကောင်းမြတ်သူ၏ပခုံးကို လှမ်းဖက်လိုက်၏။

"ဘယ်လိုလဲ မုန်တိုင်း၊ ရေးကြီးသုတ်ပျာနဲ့ပါလား၊ ဘာလဲ ပြဿနာရှာဖို့ မီးခွက်ကို ထွန်းထားမိလို့လား"

"ငါ မင်းနဲ့ ဆွေးနွေးစရာရှိတယ် ဇော်ဝင်း"

ပါးစပ်မှပြောရင်း ဇော်ဝင်းဆီသို့ ကူးကပ်သွားတော့ ၎င်းက အကပ်မခံဘဲ ကောင်းမြတ်သူ၏ပခုံးကိုဖက်လျက်သား နောက်သို့ဆုတ်သွား၏။ ၎င်းတို့ဆုတ်ခွာသွားသောနေရာက အကာအရံမရှိသော အမိုးအစွန်းနားဖြစ်နေသဖြင့် သူ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းလှသော ကောင်းမြတ်သူကတော့ သူ့အား အားကိုးတကြီးငေးကြည့်ရင်း. . .

"ဦး. . "ဟု ခပ်တိုးတိုး လှမ်းခေါ်လေသည်။

"ဦး. . မင်းကို လာခေါ်တာ ကောင်းမြတ်သူ၊ ဘာမှ စိတ်မပူနဲ့"

"ခုချိန်မှာ. . စိတ်ပူရမှာက ဒီချာတိတ် မဟုတ်ဘူး၊ မင်း ကိုယ်တိုင်ပူရမှာ"

"ငါက ဘာအတွက် ပူရမှာလဲ ဇော်ဝင်း"

"မင်း ဆင်ထားတဲ့ထောင်ချောက်တွေအတွက်ပေါ့၊ မင်း ရဲနဲ့ပေါင်းပြီး ထောင်ချောက်ဆင်ထားတာ ငါ မသိဘူးမှတ်လို့ လားမုန်တိုင်း"

"ငါ ဘာမှ ထောင်ချောက်မဆင်ဘူး ဇော်ဝင်း၊ ငါပြော တာနားထောင်ဦး၊ မင်းတို့ အထင်လွဲမှာစိုးလို့ ငါအရင်တက် လာတာ၊ ဦးပန်းထိုက်လဲ ပါတယ်"

"အပိုတွေ ပြောမနေနဲ့ မုန်တိုင်း၊ မင်းတစ်ယောက်တည်း တက်လာလို့ ငါ့လူက လက်ခေါက်မှုတ်အချက်ပေးထားပြီးသား"

"ငါ. . တကယ်ပြောနေတာ ဇော်ဝင်း၊ ငါက ဒီဘက်လှေ ကားကတက်ပြီး ဦးပန်းထိုက်က ဟိုဘက်လှေကားက တက်လာ တာ၊ ပြောရင်းဆိုရင်း ဟိုမှာ ဦးပန်းထိုက်ရောက်လာပြီ"

သူ့စကားကြောင့် . . .





ဇော်ဝင်းနောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

လှည့်ကြည့်ချိန်က တဒင်္ဂသာဖြစ်သော်လည်း ထိုတဒင်္ဂ သည် သူ့တစ်ဘဝစာအတွက် အခွင့်အရေးပင်ဖြစ်သည်။

ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဇော်ဝင်းထံသို့ သူ တစ်ဟုန်ထိုး ပြေးသွားလိုက်၏။

သို့သော် ဇော်ဝင်းက အလွန်လျင်ပါသည်။

သူ ပြေးလာမှန်းသိသည်နှင့် ကောင်းမြတ်သူအား တိုက် အစွန်းဆီသို့ ဆောင့်တွန်းလိုက်လေသည်။ ကောင်းမြတ်သူ တိုက် နှုတ်ခမ်းစပ်ဆီသို့ ဒယီးဒယိုင်နှင့် ရောက်ရှိသွား၏။ ထို့နောက် မြင်ကွင်းမှ နိမ့်ဆင်းပျောက်ကွယ်သွားလေသည်။

"သား. . ."

ဘဝမှာ တစ်ချိန်တစ်ခါမျှ မသုံးနှုန်းခဲ့ဖူးသော အသုံး အနှုန်းဖြင့် စိုးရိမ်တကြီး ရင်ပွင့်မတတ်အော်လိုက်မိသော်လည်း သူ့အား ပြန်ထူးမည့် ကောင်းမြတ်သူက သူ၏အမြင်အာရုံထဲ၌ ရှိမနေတော့ပါ။

မျက်လုံးများ ပြာဝေသွားပြီး ဇော်ဝင်းနားသို့ တစ်မဟုတ် ချင်းရောက်ရှိသွားကာ ၎င်း၏မျက်နှာနှင့် ဝမ်းဗိုက်သို့ လက်သီး ဖြင့် အချက်ပေါင်းများစွာ ထိုးနေမိ၏။

ထိုအချိန်၌ ဇော်ဝင်း၏အပေါင်းအပါအဖွဲ့တို့အား ရဲက လိုက်လံဖမ်းဆီးနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးအလိမ်းလိမ်းနှင့် ဇော်ဝင်းအား သူ ဘယ်လောက် ကြာကြာ ထိုးနေမိသည်မသိ။

“ဦး. . . ”ဟူသော ခေါ်သံကို တိုးတိုးလေးကြားတော့မှ သူ၏ထိုးကြိတ်ခြင်းကို ရပ်လိုက်မိသည်။

“ဦး. . . ”တဲ့. . သူ နားကြားများလွဲသွားသလား။

မကြာမီမှာပင် ဦးပန်းထိုက်၊ ဦးစိန်ဟုတ်၊ ဇော်ဝင်းနှင့် ဒုစရိုက်အဖွဲ့သားများအားလုံးကို မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသွားတော့သည်။

သို့သော် ထိုအချိန်မှာပင် ဦးဟူသောခေါ်သံလေးက တိုက်အစွန်းမှ ဒုတိယအကြိမ်မြောက် ထပ်မံထွက်ပေါ်၍ လာသည်။ သူ လှုပ်ခနဲဝမ်းသာသွားပြီး တိုက်အစွန်းသို့ သွားကာ ငုံ့ကြည့်လိုက်တော့. . .

သနားစရာကောင်းလှသော ကလေးက သံပိုက်တန်းငြမ်းကို လက်နှစ်ဖက်ဖြင့် ဖက်တွယ်လျက် တွဲလောင်းလေးဖြစ်နေလေသည်။

“သား. . ခဏလေးတောင့်ထား။ ဦး. . ဆင်းလာခဲ့မယ်”

သူ ဘာမျှ စဉ်းစားမနေတော့ဘဲ အောက်ဘက်ရှိ သံပိုက်ငြမ်းဆီသို့ မိုက်မိုက်ကန်းကန်း ခုန်ချလိုက်သည်။ ငြမ်းကို လက်နှစ်ဖက်ဖြင့် အမိအရလှမ်းဆွဲလိုက်နိုင်သဖြင့် အောက်သို့ ဆက်လက်ပြုတ်ကျမသွားခြင်း ဖြစ်သည်။





ကံကြီးပေလို့သာပဲ။ သူ ငြမ်းကို လက်တစ်ဖက်တည်းနှင့် တွဲလောင်းခိုရင်း အောက်ဘက်ငြမ်းမှ သားလေးထံသို့ ကျန်လက်တစ်ဖက်ကို ကမ်းပေးလိုက်သည်။

“သား. . ဦးလက်ကို လှမ်းကိုင်လိုက်”

“ကျွန်တော် မလုပ်ရဲဘူး၊ ဦးလက်ကို လှမ်းဆွဲလိုက်ရင် ပြုတ်ကျသွားလိမ့်မယ်”

“ကျွန်တော်. . ” တဲ့။

ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်ပါသလဲ။

တကယ်ဆို ခုလိုမျိုး သေရေးရှင်ရေး အချိန်မျိုးမှာ ကိုယ့်ကို သားလို့ပြောတဲ့ အသံလေးသာ ကြားလိုက်ရရင် သူ့အတွက် အင်အားတွေ ပြည့်ဝလာမှာ အမှန်ပါပဲ။

သို့သော် သူ ကြာကြာ မစဉ်းစားအား။

သားလေးရဲ့လက်တွေက တဆတ်ဆတ်တုန်ခါနေပြီဖြစ်သဖြင့် အချိန်သိပ်မရှိတော့ကြောင်းကို တွေးလိုက်မိပြီး ၎င်း၏မခံချင်စိတ်ကို ဆွပေးရန် ဆုံးဖြတ်လိုက်သည်။

“သား. . မင်းက သတ္တိရှိချင်တယ်ဆိုကွ၊ ဘယ်လက်ကို တောင့်ထားပြီး ညာလက်နဲ့ ဖျတ်ခနဲ လှမ်းဆွဲလိုက်ပေါ့၊ မင်းယောက်ျားပဲကွာ”

သူ့စကားကြောင့် ၎င်း၏ကိုယ်လုံးလေး အနည်းငယ်ကြွလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူပြောတဲ့အတိုင်း လုပ်လိုက်ခြင်းဖြင့် သား၏လက်က သူ့လက်ထဲသို့ မြဲမြံစွာ ရောက်ရှိလာပါသည်။

သူ အပေါ်သို့ တဖြည်းဖြည်းဆွဲတင်လိုက်တော့ သံတန်းတစ်ခုထဲသို့ နှစ်ယောက်စလုံး တွဲလောင်းခိုလျက် အနေအထားဖြင့်ရောက်ရှိလာသည်။ သို့သော် ထိုမှတစ်ဆင့် တိုက်နှုတ်ခမ်းစွန်းဆီသို့ လှမ်းဖို့က အတော့်ကို ဝေးကွာလွန်းလှပါသေးသည်။

ထိုအချိန်မှာပင် ကံကောင်းထောက်မစွာ သူတို့အထက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

"မုန်တိုင်း. . မင်းလက်တစ်ဖက် အပေါ်ကို ဆန့်လိုက်၊ ငါ. . လှမ်းဆွဲလိုက်မယ်"

သီဟ၏အသံဖြစ်သည်။

"ငါက အရေးမကြီးဘူး၊ သားကို အရင်ဆွဲတင်"

"သူ့လက်က မှီမှာမဟုတ်ဘူး၊ မင်းကိုဆွဲထားတဲ့ အချိန်ကျမှ မင်းက သူ့ကို တစ်ခါထပ်ဆွဲတင်ရမှာ"

သီဟ၏စကားက မှန်နေပြန်သဖြင့် သူ လက်ကိုမြှောက်လိုက်တော့ သီဟက သူ့လက်ကို လှမ်းဆွဲထားလိုက်သည်။ သူက ကျန်လက်တစ်ဖက်ဖြင့် သားလေး၏လက်မောင်းရင်းကို ကိုင်လိုက်ပြီး လှမ်းပြောလိုက်၏။

"သား. . ဦး. . မင်းကို ဆွဲတင်လိုက်တာနဲ့ မင်းရဲ့လက်တစ်ဖက် အပေါ်ကို တန်းပေးလိုက်၊ သားဒယ်ဒီ လှမ်းဆွဲလိုက်





လိမ့်မယ်ကြားလား၊ တစ်နှစ်သုံးအော်ပြီး သုံးဆိုရင်ဆွဲမယ်နော်၊ ကဲ. . တစ်. . . နှစ်. . သုံး"

ဤနည်းဖြင့် တိုက်နှုတ်ခမ်းစွန်း၌ ဝမ်းလျားမှောက်အိပ်လျက် ဆန့်တန်းပေးထားသော သီဟ၏လက်များဆီသို့ သူနှင့်သား၏လက်တစ်ဖက်ဆီက ဆုပ်ကိုင်လျက် အနေအထားသို့ ရောက်ရှိခဲ့ကြလေသည်။

သို့သော် သူနှင့်သားကို သီဟက တစ်ပြိုင်နက်တည်း ဆွဲမတင်နိုင်ပါ။

"သီဟ. . သားကို အရင်ဆွဲတင်"

သူ့စကားအတိုင်း သီဟ ကြိုးစားသော်လည်း ကျန်လက်တစ်ဖက်က သူ့ကိုပါ ဆွဲထားနေရသဖြင့် သီဟ၏ကြိုးစားမှုမှာ မအောင်မြင်ဘဲ ဖြစ်နေလေသည်။

ကြာတော့ လူနှစ်ယောက်၏အလေးချိန်ကြောင့် သီဟ၏လက်များ တဆတ်ဆတ်တုန်လာ၏။ အခြေအနေက တစ်ခုခုကို အမြန်ရွေးချယ်ဆုံးဖြတ်မှ ဖြစ်ပါတော့မည်။

"သီဟ. . ငါ့ကို လွှတ်ချလိုက်၊ သားလေးကိုပဲ ရအောင်ဆွဲတင်"

"ဟေ့ကောင်, ငါက လူတွေရဲ့ အသက်ကို ကယ်နေတဲ့ ဆရာဝန်ကွ၊ ငါ့ကြောင့် လူတစ်ယောက် သေသွားတာမျိုး အဖြစ်မခံနိုင်ဘူး၊ ငါ. . ရအောင်ဆွဲတင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငတုံး မင်း အဲဒီလို လုပ်နေရင် နှစ်ယောက်စလုံး၊ ဒါမှမဟုတ် သုံးယောက်စလုံးပြုတ်ကျသွားလိမ့်မယ် ငါ့ကိုလွှတ်လိုက်"

သို့သော် မိုက်မဲလှစွာသော သီဟက ခေါင်းမာစွာငြင်းဆန်နေပါသည်။ ထိုသို့ငြင်းဆန်နေသော်လည်း သီဟ သူတို့ကို ဆွဲမတင်နိုင်ရုံမျှမက ၎င်း၏ကိုယ်ပါ တိုက်အစွန်းဆီသို့ ဖြည်းဖြည်းလျှောကျလာနေကြောင်း သူ သတိပြုမိလာ၏။

ဒီပုံစံအတိုင်းဆိုလျှင်တော့. . အခြေအနေက သူတို့သုံးယောက်စလုံးအတွက် ဘယ်လိုမှ မကောင်းနိုင်ပါ။

သူ တစ်ခုခုကို ဆုံးဖြတ်မှဖြစ်ပါတော့မည်။

သို့သော် သူက သီဟလက်ကို ဆွဲထားခြင်းမဟုတ်ဘဲ သီဟက သူ၏လက်ကို ဆွဲထားခြင်းဖြစ်သဖြင့် လက်ချင်းပြုတ်သွားစေရန်ကိစ္စကို သူက စတင်လုပ်ဆောင်၍ မရ။ တဆတ်ဆတ်တုန်နေသော သီဟလက်တွေအရ အချိန်သိပ်မကျန်တော့ကြောင်း သူ နားလည်လိုက်သည်။

"သား. . ."

သူ့ခေါ်သံကြောင့် ကောင်းမြတ်သူ သူ့အား လှမ်းကြည့်လေသည်။

"ဒီနေ့ကစပြီး စကားပြောရင် ကျွန်တော်လို့ မပြောနဲ့တော့. . သားလို့ပဲ ပြန်ပြောတော့ ကြားလား"

"ဟုတ်ကဲ့"





"နောက်ပြီး လိမ်လိမ်မာမာနေ"

"ဟုတ်"

သားလေး၏ကတိစကားကြောင့် သူ ကျေနပ်သွား၏။

ထို့နောက် လွတ်နေသောကျန်လက်တစ်ဖက်ဖြင့်ဂျာကင်အိတ်ထဲသို့ နှိုက်လိုက်တော့ ဆောင်နေကျမောင်းချဓားကို စမ်းမိသဖြင့် သူ ဆွဲထုတ်လိုက်သည်။

ဓားခလုတ်ကို ဖိနှိပ်လိုက်တော့ ဓားသွားက မြောက်ခနဲထွက်လာလေသည်။

"သီဟ"

"ဘာလဲ မုန်တိုင်း"

"ရောင်နီ့ကို ငါနှုတ်ဆက်သွားတယ်လို့ ပြောလိုက်"

. . စကားဆုံးသည်နှင့် သူ၏လက်ထဲမှဓားဖြင့် သီဟ၏လက်ခုံကို ခပ်ဆဆထိုးလိုက်တော့ သီဟက လန့်ပြီး ဆုပ်ထားသောလက်ကို လွှတ်လိုက်၏။

မြေကြီးကို ဒုက္ခပေးခဲ့သူ တစ်ယောက်။ မြေကြီးပေါ် မရောက်ခင် စိတ်ချမ်းသာသွားစေတာတစ်ခုကတော့ "ဦး. ." ဟူသော သား၏နှုတ်မှ မြွက်ဆိုလိုက်သည့်အသံလေးပဲ ဖြစ်လေသည်။

♥♥♥

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

## နိဂုံး

အုတ်ဂူပေါ်သို့ နှင်းဆီပန်းများတင်နေသော သားကို ရောင်နီရော သီဟပါ ငေးကြည့်နေမိကြသည်။

အုတ်ဂူရှေ့၌ ငြိမ်သက်စွာ သား အကြာကြီးရပ်နေပြီးမှ သူမတို့ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လှမ်း၍လာသည်။

သားကို ဖက်ရင်းဖြင့် သူမတို့ သုံးယောက် သုသာန်ထဲမှ ထွက်လာကြ၏။ သုသာန်ဝရောက်တော့ သားက မုန်တိုင်း၏ အုတ်ဂူရှိရာသို့ တစ်ချက်လှမ်းမျှော်ကြည့်သည်။

"သား. . ဦးမုန်တိုင်းကို တော်တော်ချစ်သလား"

သူမ မေးခွန်းအား သားက ခေါင်းညိတ်အဖြေပေးတော့ သူမ ပင့်သက်တစ်ချက်ကို ခိုးရှိုက်လိုက်မိ၏။

"ဒါဖြင့် ဒယ်ဒီနဲ့ ဦးမုန်တိုင်း ဘယ်သူ့ကို ပိုချစ်သလဲ"

သူမအား သား မော့ကြည့်သော်လည်း သူမ၏ မေးခွန်းကိုတော့ သား မဖြေပါ။

မှားလိုက်တာ။ ဒါက မမေးသင့်တဲ့ မေးခွန်းမျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com

သူမ နောင်တရသွားလျက် ကိုမင်းအတွက် အားနာစွာ စိတ်မကောင်းဖြစ်သွားသည်။

ထိုအချိန်မှာပင် သားက တိုးတိုးလေးအဖြေပေး၏။

"ဒယ်ဒီ့ကို ပိုချစ်ပါတယ်"

ကိုမင်း မျက်နှာလက်ခနဲ ဖြစ်သွားပြီး. . သား၏ပခုံးကို အသာအယာပွေ့ဖက်လိုက်သည်။ ထို့နောက် သူမတို့ ကားပေါ် တက်၍ သုသာန်ဝမှ ကားမောင်းထွက်လာချိန်၌ သူမ ရင်ထဲမှ ခပ်တိုးတိုးရေရွတ်လိုက်၏။

"ဒီကမ္ဘာပေါ်မှာ ရှင့်လိုလူမျိုး နောက်တစ်ယောက် ထပ်ပြီး မပေါ်ပေါက်စေရဘူးမုန်တိုင်း၊ ကျွန်မ ကတိပေးတယ်"

အကယ်၍ . . .

သူမ၏ စကားသံကိုသာ ကြားနိုင်မည်ဆိုပါက မုန်တိုင်းလည်း ကျေနပ်လက်ခံပါလိမ့်မည်။

နေနော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com